
မစ်ဂါ
နဲ့
လေလွင့်တစ္ဆေ
ကောန်မင်း
www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၆ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကော်ကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ(အင်းစိန်) |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးချစ်ညွန့် (၀၀၃၇၄) ဇင်ရတနာစာပေ ၂၀၅၊ က/၄ လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက် အမှတ်(၁၇)၊ ၅၆ လမ်း ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ကျန်မင်း ၃၉၈.၂
မဖဲဝါနဲ့ လေလွင့်တစ္ဆေ/ကျန်မင်း။
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၀၈-စာ၊ ၁၂ x ၁၈ စင်တီ

# မဖဲဝါ
# နဲ့
# လေလွင့်တစ္ဆေ

## ကျန်မင်း

www.burmeseclassic.com

## မာတိကာ


- မဖဲဝါနဲ့ လေလွင့်တစ္ဆေ ၃
- ပုဏ္ဏကအတိုက်ခံရတဲ့ရွာ ၄၂
- မဖဲဝါနဲ့ ရှေးဟောင်းရတနာ ၅၇
- သရဲကြောက်တဲ့ဆေး ၈၉
- ကပ်စေးနဲတဲ့ဝိညာဉ် ၁၁၂
- အခန်း(၇)မှာ ကျွန်မရှိတယ် ၁၄၇
- ဆယ့်နှစ်ကြိုးကဝေ ၁၇၇


# မဖဲဝါနဲ့ လေလွင့်တစ္ဆေ

"အမေရေ ... သရဲကြီး ... သရဲကြီးဗျ"

"ဟဲ့ ... ဟဲ့ကောင်လေး၊ အထိတ်တလန့် အော်မလာနဲ့၊ ညနေအချိန်မတော် သရဲဖမ်းစားတတ်တယ်"

"ဟုတ်တယ်ဗျ အမေရ ... သရဲကြီးမှ သရဲကြီး ... သားက ဘကြီးသန်းတို့အိမ်က ပြန်လာတာ၊ ချွေးပေါင်လို့ လှည့်ကြည့်လိုက်တော့ အရပ်မြင့်မြင့် အမွေးတွေ အရှည်ကြီးနဲ့ သရဲကြီး ပြေးဝင်သွားတာ မြင်လိုက်တယ်"

"ဘယ်ကို ပြေးဝင်သွားတာလဲ"

"အောင်ဝင်းတို့ခြံထဲ ပြေးဝင်သွားတယ်လို့ သားထင်တာပဲ"

ထိုအချိန် လူတစ်စု၊ အော်လိုက်သောအသံကို မအေးစိန် ကြားလိုက်တယ်။

သရဲ ... သရဲ



www.burmeseclassic.com

"သရဲကြီး ရွာထဲရောက်နေတယ်"

ထိုအသံများကြောင့် သားဖြစ်သူကို လက်ဆွဲပြီး အိမ်ပေါ်သို့ အပြေးတပိုင်း တက်ခဲ့သည်။

အိမ်တွင် လူစုံမရှိ၊ ယောကျာ်းဖြစ်သူက လယ်ကွင်းထဲမှ ပြန်မရောက်သေး။

ခါတိုင်း ညခြောက်နာရီကျော် ခုနစ်နာရီခန့်မှ အိမ်သို့ ပြန်ရောက်တတ်သည်။

ယခုနေဝင်ကာစ နွားရိုင်းသွင်းချိန်မှာ ရွာအတွင်းသို့ သရဲဝင်လာပုံရသည်။

သရဲဖို့ သရဲ ...

"ရွာထဲမှာ သရဲရှိတယ်၊ အားလုံး သတိထားနေကြပါ၊

ကလေးတွေ အပြင်မှာရှိရင် ပြန်ခေါ်ထားကြပါ"

သံချောင်းတစ်ယောက် ရွာထဲမှ အပြေးအလွှားလာရင်း သံကုန်အော်ဟစ်သွားသည်။

"ခုကွပါပဲ ရွာထဲကို ဘယ်ကသရဲ ရောက်လာတယ် မသိဘူး"

သရဲက ရွာလည်ပိုင်းအထိတိုင် ကိုယ်ထင်ပြပြီး ဝင်လာပုံရသည်။

ထိုစဉ် ရွာလည်ပိုင်းမှ ဦးမြသန်း သုတ်သုတ်လျှောက်လာ





သည်ကို မြင်လိုက်သည်။

"ဦးမြသန်း ... ဦးမြသန်း ... ခဏလေး ဝင်ပါဦး"

"အေး ... အေး၊ ကျော်ဗိုး ပြန်ရောက်ပြီလား"

"မရောက်သေးဘူး ဦးလေး"

ဦးမြသန်း အိမ်ပေါ်သို့ တက်လာသည်။

မအေးစိန်လည်း ဦးမြသန်းအိမ်ပေါ်တက်လာသည်ကို စိတ်မောလှမောနှင့် စောင့်နေရသည်။

လင်ဖြစ်သူ ပြန်မရောက်သေး၍ လည်တဆန့်ဆန့် ဖြစ်နေသည်။

"သရဲဆိုတာ ဟုတ်လား ဦးမြသန်း"

"ဟုတ်တယ်"

"အကောင်လိုက်ကြီး ရွာထဲဝင်လာတာလား"

"အေး ... ရွာထဲဝင်ကာစက အကောင်လိုက်၊ ကိုယ်ထင်ပြပြီး ဝင်လာပုံ မရဘူး၊

ရွာထဲရောက်မှ အကောင်အထည် မြင်ရတာ၊

လူတွေကအော်၊ ခွေးတွေကလည်း ဝိုင်းဟောင်ရော ဝုန်းခနဲပျောက်သွားတာ ငါတို့မျက်စိအောက်တင်ပဲ၊

သူလာတဲ့ဆီ ပြန်သွားပြီနဲ့တူပါတယ်"



www.burmeseclassic.com

"ငါတော့ တယ်မထင်ဘူး။ ဒီကောင် တစ်ခုခု အကြောင်းရှိလို့ ရွာထဲဝင်လာတာ ဖြစ်နိုင်တယ်"

"ကဲ ... ငါ အိမ်ကို ပြန်တော့မယ်၊ နင်တို့လည်း သတိဝီရိယနဲ့နေကြ၊ ဒီကောင်က ကိုယ်ယောင်ဖျောက်ထားတာ၊ သူ ဘယ်ရောက်နေလဲ သိနိုင်တာ မဟုတ်ဘူး"

ဦးမြသန်းက ထိုမျှသာပြောပြီး အိမ်ပေါ်မှဆင်းကာ သူ့အိမ်သို့ ပြန်သွားသည်။

အောင်ဝင်းဆိုသည်က မအေးစိန်အိမ်မှ သားဖြစ်သူ ကျော်ကျော်နှင့် ကျောင်းနေဖက် သုံးတန်းကျောင်းသားများ ဖြစ်သည်။

ကျော်ကျော်က ကိုးနှစ်ထဲ ရောက်နေပြီဖြစ်သည်။

ကျော်ကျော်တို့အိမ်နှင့် အောင်ဝင်းတို့အိမ်က ဆယ်အိမ်မျှသာကွာသည်။

ယခု သရဲတွေ့သည့်နေရာက အောင်ဝင်းတို့အိမ်နားမှာဟု သားဖြစ်သူက ပြောသည့်အတွက် အိမ်နှင့်သိပ်မဝေးလှ။

ထိုအချိန်မှာပဲ ယောက်ျားဖြစ်သော ကျော်စိုး ပေါက်တူးထမ်းပြီး လယ်ကွင်းထဲမှ ပြန်ရောက်လာသည်။

"တော် ... ရွာထဲမှာ ဘာသတင်းကြားခဲ့လဲ"





"ငါ ဘာမှ မကြားခဲ့ဘူး။ လမ်းပေါ်မှာ သက်ရှိဆိုလို့ လူမပြောနဲ့ ခွေးတစ်ကောင်တောင်မှ မမြင်ခဲ့ရဘူး"

"ဘာထူးလို့လဲ မိန်းမရ"

"လာ အိမ်ပေါ်တက် အပေါ်ကြမှ ပြောမယ်"

ကျော်စိုးလည်း အိမ်အောက်သို့ ပေါက်တူးကို သွင်းလိုက်ပြီး

"ငါ ... ရေတစ်ခါတည်း ချိုးလိုက်ဦးမယ်၊ ရေလဲပုဆိုးပေးပြီးမှ မင်းပြောချင်တဲ့စကားပြော"

"ရေကို နောက်မှချိုး၊ အရေးကြီးတဲ့စကား ပြောမလို့ အိမ်ပေါ်တက်ခဲ့ပါဦး"

ဝုန်း --- ဝုန်း

ဝုန်း --- ဒုန်း

"ဟဲ့ ... ဟဲ့ ဘာဖြစ်တာလဲ"

"မသိဘူး ... အိမ်ပေါ်တက်တဲ့ ခြေသံပဲ"

ဝုန်း --- ဝုန်း

ဒိန်း

"ဟင် ... ဘာ ... ဘာဖြစ်တာလဲ"



www.burmeseclassic.com

"အမေ ... အမေ ... သားကြောက်တယ်၊ ရွာထဲက သရဲကြီး ရောက်လာပြီလား မသိဘူး"

ထိုအခါမှ အိမ်အောက်က ကျော်စိုး အိမ်ပေါ်သို့ အပြေးအလွှား တက်လာသည်။

"ဘာ ... ဘာဖြစ်တာလဲ၊ စောစောက ဘာသံလဲ"

သားကျော်ကျော်က မိခင်ဖြစ်သူကို တင်းကြပ်စွာ ဖက်ထားသည်။

"သား ... ကြောက်တယ်၊ သားကြောက်တယ်"

"အိမ် ... အိမ်ထဲကို ... သ ... သရဲ ... ဝင်တာနဲ့ ... တူ ... တယ်"

"ဘယ်က သရဲလဲကွ"

"စောစောက ... ရှင့်ကို အိမ်ပေါ် ... တက် ... တက်လာပါ၊ အပေါ် ... ကြ ... မှ ... ပြော ... ပြောမယ်ဆိုတာ ... ဒီ ... ဒီ ... သရဲအကြောင်း ... ပြော ... ပြောမလို"

မအေးစိန်လည်း ကြောက်ဒူးတုန်ပြီး **အသံများပင် တုန်ရင်နေသည်။**

**"မင်းတို့က ကြိုသိနေတာလား"**

**"ဟုတ်တယ်"**





**ရှန်း ... ဂျွတ် ... ဂျွတ်**

မီးဖိုခန်းထဲဝင်ပြီး ကြမ်းပြင်ကို အားရပါးရ ဆောင့်နင်းနေသည့် အသံမျိုး ကြားနေရသည်။

**ရှန်း ... ဝလှွမ်း ... ချွမ်း**

"ဟာ ... မီးဖိုထဲမှာ အိုးတွေ လျှောက်လှန်နေပြီ"

ဝီးမိနစ်ပင်မကြာ ငြိမ်သွားပြီးမှ ...

**ရှန်း ... ဝလှွမ်း ... ဂွမ်း**

အိုးတွေ ခွက်တွေကို ပစ်ထုတ်နေသည်။

"ကုန်ပါပြီတော်"

**ရှန်း ... ဂွမ်း**

**ရှန်း ... ရှန်း ... ရှန်း**

ခြေသံပြင်းပြင်းနင်းပြီး မီးဖိုခန်းအတွင်းမှ အိမ်ပြင်သို့ တန်းထွက်သွားသည်။

ထို့နောက် အိမ်အောက်သို့ ဆင်းသွားသည့်အသံကိုပါ ကြားလိုက်သည်။



www.burmeseclassic.com

ထိုသို့ သရဲ ဖော်ဆင်းသွားသည်ကို သိလိုက်သော မအေးစိန်က ကျော်ကျော်လေးအား ဘေးသို့ ဆင်းထိုင်ခိုင်းပြီး မီးဖိုအတွင်းသို့ အပြေးရောက်သည်။

"ဟင် ... ရှင်စားဖို့ ချန်ထားတဲ့ ထမင်းနဲ့ဟင်းတွေ အကုန်စားသွားပြီ၊

မီးဖိုပေါ်က အိုးရှိသမျှ ဖောက်ပစ်ချသွားတယ်"

"ဘာချက်ထားလို့လဲ"

"ကြက်သားနဲ့ ဖရုံသီးချက်ထားတာ"

"အင်း ... သရဲက ဟင်းကောင်းချက်စားတာ သိပုံရတယ်"

"ညနေကတည်းက ရွာထဲမှာ သရဲဝင်လို့ဆိုပြီး အုတ်အော်သောင်းနင်း ဖြစ်နေတာ"

"စတွေ့ကာစက ရှင့်သားရော၊ ရွာသားအချို့ပါ သရဲကို အကောင်အတိုင်း မြင်လိုက်ကြတယ်တဲ့၊

သရဲကို ခွေးတွေဝိုင်းဟောင်တာနဲ့ ရှင့်သား သူငယ်ချင်း အောင်ဝင်းတို့ ခြံနားမှာ ပျောက်သွားတယ်တဲ့၊

သရဲကို အဲဒီနားက လူတော်တော်များများ မြင်လိုက်ကြတယ်၊

ရှင့်ဦးလေး ဦးမြသန်းတောင်မှ မြင်လိုက်ရလို့ဆိုပြီး အိမ်ဝင်ပြောသွားသေးတယ်၊





အဲဒီအကြောင်းတွေ ရှင့်ကို ပြောပြချင်လို့ အိမ်ပေါ်တက်ခိုင်းနေတာ၊ အိမ်တံခါးတွေကို ပိတ်ထားချင်လို့ ခေါ်နေတာ၊

အခု ရှင်က အိမ်ပေါ်မတက်သေးခင် သရဲက အရင်တက်ပြီး ရှင်စားမယ့် စားစရာတွေ အကုန်စားသွားပြီ"

"အင်း ... ငါတော့ ထမင်းငတ်ပါပြီ"

"ကျုပ် ပြန်ချက်ပေးပါ့မယ်၊ တံခါးတွေသာ အကုန်ပိတ်ထားလိုက်၊ ရှင် ရေမချိုးနဲ့တော့။ ခြေထောက်နဲ့လက် မျက်နှာကို ရေကပြင်မှာပဲ သန့်ရှင်းဆေးကြောလိုက်ပေတော့"

ကိုကျော်စိုးလည်း မအေးစိန်ပြောသည့်အတိုင်း အိမ်တံခါးများကို လုံခြုံအောင် ပိတ်လိုက်သည်။

မကြာခင်မှာလည်း မအေးစိန်က ထမင်းချက်ရန် မီးမွှေးနေတော့သည်။

❋❋❋❋❋

နောက်နေ့ မိုးလင်းတော့ ရွာထဲမှ ထူးခြားသောသတင်းက မအေးစိန်နားထဲသို့ ရောက်လာသည်။

ညက ဦးဖိုးစိန်တို့အိမ်မှာ သရဲဝင်စီးကြောင်း ကြားရသည်။ ဦးဖိုးစိန်သမီး အေးကျင်မကို သရဲဝင်စီးပြီး နောက်နေ့ သူ့ကို



www.burmeseclassic.com

အမဲသား တစ်ပိဿာ ဝယ်ချက်ကျွေးရမည်ဟု ပြောသည်။

မကျွေးပါက အိမ်သားတွေကို သတ်စားပစ်မည်ဟုဆိုသည်။

ချက်ကျွေးပါမည်ဟု ဆိုလိုက်မှ ဝင်စီးရာက ပြန်ထွက်သွား ကြောင်း သိရသည်။

သို့ဖြင့် ဦးဖိုးစိန်မိသားစုလည်း သရဲအား အမဲသားကျွေးရန် မြို့သို့တက်၍ ဟင်းစားဝယ်ရတော့သည်။

ဆန်လေးလုံးချက်ပြီး ဇကောအတွင်း ဟင်းနှင့်ထမင်းပုံကာ ခြံဝမှာ ညခြောက်နာရီခန့် ချကျွေးလိုက်သည်။

ခဏနေတော့ ကြီးမားသော ခွေးနက်ကြီးတစ်ကောင် ရောက်လာကာ ထိုကျွေးထားသော အစာများကို လာရောက်စားသောက်သွားကြောင်း အားလုံးမြင်လိုက်ရသည်။

ထိုသရဲ ရောက်လာပြီးမှ ညဘက် ရွာထဲမှာ ခွေးတကိ ဖြစ်နေသလို၊

ညဉ့်နက်သည်နှင့် ခွေးအူသံကြီးက အဆက်မပြတ် ပေါ်လာသည်။ ခွေးအူသံက တော်တော်နှင့် ပျောက်မသွား။

ရွာအတွင်းမှာလည်း လမ်းလျှောက်နေသော ခြေသံကို ညဉ့်နက်သည်နှင့် ကြားနေရသည်။

အချို့ အိမ်ထဲသို့ ခဲများဖြင့် ပစ်သည်။





အချို့အိမ်ကိုတော့ ရေများဖြင့် ဝေါခနဲ ပက်သည်။

သို့ဖြင့် သရဲက တစ်ညကို တစ်အိမ်ပေါ်တက်ကာ ဝင်ရောက်ပူးကပ်ပြီး အစာကျွေးရန် တောင်းဆိုပါသည်။

သရဲဝင်ပူးကပ်ခံရသော အိမ်ကလည်း သရဲတောင်းဆိုသလို ကျွေးရန် ပြင်ဆင်ရတော့သည်။

သို့ဖြင့် တစ်ညကို တစ်အိမ်တက်ကာ သရဲက အမဲသားဟင်း နှင့် ထမင်းတောင်းစားနေတော့သည်။

ကစ်ရက်မှာတော့ အရက်သမားတင်အေးအိမ်ကို သရဲဝင်ရောက်ပူးကပ်တော့သည်။

ဖြစ်ပုံက ညနေငါးနာရီခန့်သာ ရှိသေးသဖြင့် အိမ်တံခါး မပိတ်ရသေးပေ။

တင်အေးတစ်ယောက်လည်း ပြန်မရောက်သေး၊ တင်အေး၏ ဇနီးအေးပုက နေလှန်းထားသော အဝတ်အထည်များကို ရုပ်သိမ်း၍ အိမ်ပေါ်တက်လာခဲ့သည်။

အိမ်ခေါင်းရင်းမှာ အသက်(၇၀)ခန့်ရှိ တင်အေး၏ဖခင်ဖြစ်သူက ရေနွေးသောက်နေသည်။

"အမေ ထမင်းစားတော့မလား"

"တင်အေး မလာသေးဘူးလား"



www.burmeseclassic.com

"အဖေ့သားက ဒီအချိန် ဘယ်တုန်းက ပြန်ရောက်ဖူးလို့လဲ၊ ထွန်းထွန်းနဲ့အတူ စားလေ၊ သမီး ခူးပေးမယ်"

"သမီးလည်း အတူစားလေ"

"နေလှန်းထားလို့ ခြောက်သွားတဲ့အဝတ်တွေ ခေါက်လိုက်ဦးမယ်၊ အဖေခဏစောင့်နိုင်ရင် သမီးအဝတ်တွေ ခေါက်လိုက်မယ် ဖြစ်လား"

"အဝတ်က များတာမှ မဟုတ်ဘဲ၊ အဖေ သိပ်မဆာသေး ပါဘူး၊ အဲနဲ့ ထွန်းထွန်းရော"

"စောစောက ရေချိုးပေးပြီး အဝတ်အစားလဲဖို့ အိမ်ပေါ် တက်ခိုင်းလိုက်တာပဲ၊ အိမ်ပေါ်မှာ မဟုတ်ဘူးလား"

"ဟဲ့ ... အိမ်ပေါ် တက်မလာသေးဘူး"

"ထွန်းထွန်းရေ ... သား ထွန်းထွန်း"

"ဗျာ"

"ဟဲ့ ... ဘယ်ရောက်နေတာလဲ"

"အိမ်သာထဲမှာ"

"အေး ... အေး ... အသံမကြားရလို့"

အေးပုလည်း အဝတ်များကို ခေါက်သိမ်းနေရာမှ





ဝှုန်း ... ဝှုန်း

ရှီး ...

"ဟဲ့ ... ဟဲ့ ... သမီးအေးပု ... ဘာဖြစ်လို့ အဝတ်တွေ ဆွဲလွှင့်ပစ်နေတာလဲ"

ဖီး ... ဖီး ... ဖီး

ဒှုန်း ... ဒှုန်း ... ဒှုန်း

ထိုင်၍ အဝတ်ခေါက်နေရာက အဝတ်များကို ဆွဲလွှင့်ပစ်လိုက်ပြီး၊ ကြမ်းပြင်ကို လက်သီးဆုပ်၍ အားရပါးရ ထုနှက်နေသည်။

ခေါင်းရင်းဘက်မှာ ရေနွေးထိုင်သောက်နေသော ဦးဖိုးအေးက ထိုင်ရာမှ ထလာပြီး ...

"ဟဲ့ ... အေးပု ... အေးပု ... ဘာဖြစ်နေတာလဲ"

"ငါ ... အေးပုမဟုတ်ဘူး ... ငါ အေးပု မဟုတ်ဘူး"

"အေးပု မဟုတ်ရင် ... ဘယ်သူလဲ"

"ငါ ဒီရွာကို ရောက်လာတဲ့ သရဲပဲ"

"အခု ... ဘာပြောချင်လို့ ... ဝင်ပူးကပ်တာလဲ"



www.burmeseclassic.com

ထိုအချိန် အိမ်ပေါ်သို့ တင်အေး အရက်မူးပြီး ယိုင်ယိုင်နဲ့ဖြင့် တက်လာသည်။

"ဟော့ ... အေးပု ... ဘာဖြစ်နေတာလဲ၊

မင်း ... ငါ့နား လာခဲ့စမ်း၊ သေချင်းဆိုးမ၊ အဝတ်တွေ အနံ့လျှောက်ပစ်ထားတယ်"

"ဟော့ ငမူးကောင် မင်းက ငါ့ကို အမိန့်ပေးနေတာလား"

"အေးပု ... ငါ့ကို လေသံမာမာနဲ့ ဘယ်တုန်းက ပြောဝံ့လို့လဲ"

**တင်အေး၏ဖခင် ဦးဖိုးထွေးက**

"**ဟော့ကောင် တင်အေး၊ မူးရင်** အသာနေ၊ မင်းပါးစပ်ကို ပိတ်ပြီး ဒီမှာလာထိုင်"

"**မထိုင်ဘူးအဖေ ဒီကောင်မကို**"

"လာစမ်း ... ငါ့နား"

"အံမယ သေချင်းဆိုးမ ... **ငါ့ကိုများ** လာစမ်းတဲ့ ... ငါ ဆောင့်ကန်လိုက်လို့ **သေတော့မယ်**"

တင်အေးလည်း ကိုယ့်ကိုယ်ကိုပင် **မထိန်းနိုင်ဘဲ ဇနီးဖြစ်သူ** အေးပုနားသို့ ရောက်သွားသည်။

အေးပုက ချက်တရက် ခုန်ထပြီး တင်အေး၏ခေါင်းမှ တစ်မိုက်





ခန့်ရှိသော ဆံပင်ကို ဆွဲပြီး၊ နံရံဆီသို့ ဆွဲသွားကာ ပျဉ်နှင့် ခေါင်းကို တဒုန်းဒုန်း ပစ်ဆောင့်နေသည်။

**ဘွား ... ဘွား**

**ဒုန်း ... ဒုန်း**

အား ... နာလိုက်တာ ... လွှတ် ... လွှတ်

**ဒုန်း**

တင်အေးခေါင်းမှ သွေးများ ပြာထွက်လာသည်၊ မျက်နှာပေါ် စီးကျလာသည်။

"တော်ပါတော့၊ မသိလို့ ပြောမှားဆိုမှား ဖြစ်သွားတာ ခွင့်လွှတ်ပေးပါ"

အဖိုးကြီးက သားကိုယ်စား ဝင်တောင်းပန်သည်။

ထိုအချိန် အိမ်သာမှ ပြန်လာသော သားငယ်ထွန်းထွန်းက ဖခင်တင်အေးအား မိခင်ဖြစ်သူမှ ဆံပင်ဆွဲပြီး နံရံနှင့်ခေါင်း ပစ်ရိုက်နေသည်ကို တွေ့သဖြင့် ...

မိခင်ခြေထောက်ကို ပြေးဖက်ပြီး

"အမေ ... အမေ၊ မလုပ်ပါနဲ့ ... အဖေ့ခေါင်းက



www.burmeseclassic.com

သွေးတွေ ထွက်လာပြီ၊ အဖေသေတော့မယ်”

“သွားစမ်း”

ထွန်းထွန်းကို နောက်ပေါက်နှင့် ပစ်ကန်လိုက်သဖြင့် ထွန်းထွန်း နောက်သို့ လွင့်ထွက်သွားသည်။

နာကျင်လွန်းသဖြင့် ထွန်းထွန်းအော်ငိုတော့သည်။

အမိဖြစ်သူက တုန်တုန်ချိချိနှင့် မြေးဖြစ်သူအနားသို့သွားကာ မငိုရန် ချော့နေသည်။

ထွန်းထွန်းအား ဆောင့်ကန်ပြီးသည်နှင့် တင်အေးဆံပင်ကို စုံကိုင်ဆွဲထားသော အေးပု၏လက်များကို ဖြေလွှတ်ပေးလိုက်သည်။

“ဒို့ကို ပမာမခန့် ပြောဦး၊

နောက်ကို အသေသတ်ပစ်မယ်”

“ဒို့အတွက် မနက်ဖြန်ည၊ ခြံဝမှာ အမဲသားတစ်ပိဿာချက်နဲ့ ထမင်းကျွေးရမယ်။ မကျွေးဘူးဆိုတဲ့အကောင် ငါလာသတ်မယ်”

**ဟင်း … ဟင်း**

မအေးပုသည် သရဲဝင်ပူးနေရာက ထွက်သွား၍ အားအင် ကုန်သလိုဖြစ်ကာ ပစ်လဲကျသွားသည်။

“ကံသီပေလို့ အဖြစ်အပျက်ကို မသိတဲ့သားအဖ သရဲ





သတ်လို့ သေကုန်တော့မလို့”

ဦးဖိုးထွေးက တင်အေးကိုပြောရင်း အေးပုအား

“တဲ့ … တဲ့ … အေးပု … အေးပု”

“ရှင်”

“ထ … ထ … ထလို့ရရင်ထတော့ ဟိုသရဲကောင် ထွက်သွားပြီ”

“သ … သမီး … ဘာဖြစ်သွားတာလဲ”

“နင့်ကို သရဲဝင်ပူးတာ … တင်အေးကိုလည်း ဆံပင်ဆွဲပြီး နံရံနဲ့ ပစ်ဆောင့်သွားတယ်၊

နင့်သားကိုလည်း ဆောင့်ကန်သွားတယ်”

“ဟင် … ဟင် … သားကို ဆောင့်ကန်သွားတယ် ဟုတ်လား … သား … ဘာဖြစ်သွားလဲ”

ထွန်းထွန်းက ရှိုက်ရှိုက်ပြီးငိုနေသည်။

“ဖြစ်ကာစတော့ နာသွားတာပေါ့။ အခု အခြေအနေ ကောင်း သွားပါပြီ၊ နင့်ယောက်ျားတင်အေးတော့ နဖူးကွဲသွားတယ်။ သူ့ ဒဏ်ရာသွေးတိတ်အောင် နနွင်းသွားယူပြီး သိပ်ပေးလိုက်”

“အား … ကျွတ် ကျွတ် … အေးပုလက်သံ တော်တော် ပြောင်တာပဲ”



www.burmeseclassic.com

"မင်းက သရဲဝင်ပူးကပ်နေတဲ့ အေးပုမကို ရန်သွားလုပ်တာကိုး၊ ဟိုက သတ်မသွားလို့ ကံကောင်းတယ်မှတ်"

"ကျွန်တော် မူးလာတဲ့ အမူးတွေတောင် ပျောက်သလိုဖြစ်သွားပြီ။ ထွန်းရော ဘာဖြစ်သွားသေးလဲ"

"သား မနာတော့ပါဘူး။ အမေ့ကို ရွာထဲရောက်နေတဲ့ကဲ ဝင်ပူးသွားတာလို့ ဘိုးဘိုးပြောတာ မှန်သလား"

"ဟုတ်လို့ သားကို ဆောင့်ကန်သွားတာ"

အေးပုက တင်အေးနပူးကွဲဒဏ်ရာကို ဆေးပြီး နှင်း သိပ်ပေးလိုက်သည်။

"ရှင့်နပူးကွဲတဲ့ဒဏ်ရာက နည်းနည်း၊ ဆောင့်မိလို့ အသား ကြေပြီး ဘုသီးကြီး ထွက်လာပြီ"

"အသေ သတ်မသွားတာပဲ ကံကောင်းနေပြီ"

"အင်း ... ငါတို့ တစ်လနေလို့ အမဲသား၊ တစ်ပိဿာ ပြည့်အောင် ဝယ်မစားခဲ့ဘူး။ အခု ဒီသောက်သရဲက တစ်ပိဿာ တောင် လာချက်ခိုင်းနေတယ်"

"ရှင့်ပါးစပ် သရမ်းနေပြန်ပြီ၊ သရဲက ဝေးဝေးမရောက်သေးဘူးနော်"

"မင်း မူးရင်လည်း အိပ်နေတော့"





"ဟာ ... အဖေကလည်း ထမင်းတောင် မစားရသေးဘူး"

မအေးပုလည်း လွှင့်ပစ်ထားသော အဝတ်အထည်များ ကောက်သိမ်းရင်း ...

"ဒီသရဲကို မအေးမြိုင်တို့အိမ်က ကျွေးရမှာတဲ့၊ မအေးမြိုင်တို့အိမ်မှာ သွားမစားခင် မနက်ဖြန်အကြက် ငါတို့အိမ်ကို ကြိုတင်လာသွားတာပဲ၊ တော်တော်လည်တဲ့ သရဲ"

ထိုသို့ ပြောလိုက်ရင်းက ထမင်းပွဲပြင်ရန် မီးဖိုအတွင်းသို့ ဝင်သွားတော့သည်။

※ ※ ※ ※ ※

ရွာကလူများ နေ့စဉ် သရဲတားဖို့ အလှည့်ကျ ချက်ပြုတ် ကျွေးမွေးနေရသကဲ့သို့ ဖြစ်လာသည်။

ရွာသားတို့ သည်းမခံနိုင်ကြတော့။

သရဲကို ရွာက နှင်ထုတ်ချင်နေကြသည်။

သရဲကို နှိမ်နင်းနိုင်မည့် ဆရာကောင်း ရှာရန် ဆွေးနွေး တိုင်ပင်ကြတော့သည်။

"ထိန်တောရွာမှာ ဆရာတစ်ယောက်ရှိတယ်"

"အဲဒီဆရာက တော်တော်စွမ်းလို့လား"



www.burmeseclassic.com

"တာ ... စွမ်းပါဘိလား"

"ခင်ဗျားကြုံဖူးလို့လား၊ အဲဒီဆရာကုတာ မြင်ခဲ့လို့လား"

"မြင်ဖူးတာပေါ့ ... ထိန်တောရွာက လူကြီးသမီး၊ မှော်အတတ်နဲ့ ပြုစားထားလို့ သူ ကုပေးလိုက်တာ ပျောက်သွားတယ်၊ အပင်းသွင်းထားတဲ့ အစာတွေ ပြန်အန်ထုတ်တာ၊ ဆံပင်တွေ အထွေးလိုက် ကျလာတယ်၊ မျက်စိနဲ့ကို မြင်လိုက်တာ"

"ပြီးတော့ လုပ်ထားတဲ့ ပညာသယ်ကို ဂတိခံခိုင်းတယ်"

"ဒါဆို အဲဒီဆရာကို သွားပင့်ပြီး ဒီရွာက သရဲကို နှင်ထုတ်ခိုင်းရင် ဖြစ်နိုင်တယ်။ ဒါဆို ကျော်တင့် မင်းက ဆရာကို သိတဲ့လူဆိုတော့ အဖော်တစ်ယောက် နှစ်ယောက်ခေါ်ပြီး ဆရာသွားပင့်ခဲ့၊ ဆရာကို ကန်တော့ဖို့ ရွာက သဒ္ဓါကြေး ထည့်ဖို့ ငါတို့လိုက်ကောက်ထားလိုက်မယ်"

"သရဲနဲ့တိုးလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ထို့နောက် ကျော်တင့်နှင့်အတူ ဦးဘာသန်း၊ တင်ထွန်းတို့ လှည်းတစ်စီးနှင့် မနက်ငါးနာရီခန့် ဆရာပင့်ရန် ထိန်တောရွာသို့ ထွက်သွားကြသည်။

ကျော်တင့်တို့လည်း ဆရာနှင့်အတူ နေ့တစ်နာရီခန့် ပြန်ရောက်လာသည်။





ထိန်တောရွာနှင့် ကျော်တင့်တို့၏ ကျီးပင်စုရွာက လှည်းနှင့် အသွားအပြန် သုံးနာရီခန့်သာ ကြာသည်။

ယခုနေ့တစ်နာရီမှ ပြန်ရောက်ရခြင်းမှာ ဆရာ့အိမ်မှာ ဆေးလာကုသော ဧည့်သည်များ ရောက်နေသဖြင့် ဧည့်သည်များ ပြန်သည့်အချိန်ကို စောင့်နေရ၍ ယခုကဲ့သို့ ကြာသွားခြင်းဖြစ်သည်။

ကျော်တင့်တို့လည်း လှည်းအား ရွာအလည်ရှိ လူကြီးဦးမောင်လေး၏အိမ်သို့ တန်းမောင်းခဲ့သည်။

ဦးမောင်လေးအိမ်သို့ရောက်၍ လှည်းရပ်လိုက်သည်နှင့် ဆရာနှင့်အတူ ဦးဘာသန်းတို့ လှည်းပေါ်က ဆင်းလိုက်ကြသည်။

ဦးဘာသန်းဦးဆောင်ပြီး ဦးမောင်လေး၏ ခြေတံရှည်အိမ်ပေါ်သို့ တက်လာကြသည်။

"ကြွပါဆရာ"

ဆရာဆိုသူက အသက်ခြောက်ဆယ်ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။ နှုတ်ခမ်းမွေးက အနည်းငယ် ဖြူနေပြီ။

ဘုရားစင်ရှေ့သို့သွားကာ ပါလာသော လွယ်အိတ်ကို ဘေးသို့ချပြီး ဘုရားကို ဝတ်ပြုရှိခိုးလိုက်သည်။ ဆရာကြီးနာမည်က ဦးထက်ခေါင်ဟုခေါ်ကြောင်း သိရသည်။

ဆရာဦးထက်ခေါင်က ဘုရားရှိခိုးရာမှ နောက်သို့ လှည့်ကြည့်



www.burmeseclassic.com

လိုက်ပြီး အမျိုးအကြောင်း မေးသည်။

ရွာလူကြီးဦးမောင်လေးက ရွာမှာ ဖြစ်ပျက်နေသော သရဲမ အကြောင်းကို ရှင်းပြလိုက်သည်။

"ဟုတ်ပြီ ... သရဲကိုခေါ်ပြီး ... မေးရစမ်းရမယ်၊ ပြီးမှ သရဲကို ဒီရွာက နှင်ထုတ်ရမယ်"

"အားကိုးပါတယ် ဆရာ ... ရွာက ဒီသရဲ မြန်မြန် ထွက်သွားမှ ရွာသားတွေလည်း စိတ်ချမ်းသာကြမှာ"

"စိတ်ချ ... ဆရာ အားလုံး အပြီးတိုင် လုပ်ပေးခဲ့မယ်"

"ဒီသရဲကိုခေါ်ဖို့ ကြားခံလူလိုတယ်၊ အဲဒီအတွက် အသက် (၄၀)ဝန်းကျင် အမျိုးသမီးတစ်ယောက်လောက် ရှာပေးပါလား"

"ဘာလုပ်မလို့လဲဆရာ"

"သရဲ ဝင်ပူးခိုင်းမလို့ပါ"

"ဒါဆို ... ဒေါ်အေးကို အေးကျော် သွားခေါ်ခဲ့စမ်း"

"ဟုတ်ကဲ့ ... ဦးလေး"

မကြာခင် အေးကျော် သွားခေါ်သော ဒေါ်အေး ရောက်လာ သည်။

"ကဲ ... ထိုင် ထိုင်၊ ဘုရားကို လက်အုပ်ချီပြီး ရှိခိုး လိုက်ဦး"





ဒေါ်အေးက ဘုရားကို ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ ပြီး သည်နှင့် ဆရာက

"ကဲ ... ဆရာ့ကိုကြည့်၊ စိတ်ကို တင်းမထားနဲ့။ လျှော့ထား ဘာမှ မစဉ်းစားနဲ့ ဟုတ်လား၊

သဘောပေါက်တယ်ဆိုရင် လက်အုပ်ချီပြီး မျက်စိနှစ်လုံး ပိတ်ထား၊

ဟုတ်ပြီ ... ဆရာ၊ ရွာထဲရောက်နေတဲ့ သရဲကို ခေါ်တော့ မယ်"

ဆရာက လိုသို့ပြောရုံရှိသေးသည်။ ဒေါ်အေးတစ်ယောက် တုန့်တုန့်ရီရီ ဖြစ်လာပြီး ...

မျက်နှာကြီး တင်းမာလာကာ မျက်လုံးနှစ်လုံးက ပြူးထွက် လာသည်။

**တား ... တား ... တား**

"ငါ့ကို တွေ့ချင်လို့လားကွာ ... မင်းတို့မခေါ်ခင် ငါ ... လာခဲ့တာ၊

ကဲ ... ဆရာစုပ် ဆရာပဲ့ ... မင်းက ငါ့ကို ဘယ်လို နှင်မှာလဲ"



www.burmeseclassic.com

**ရှန်း**

**ရှန်း**

ဒေါ်အေးအား ဝင်စီးထားသော သရဲက ကြမ်းပြင်ကို လက်သီးနှင့် အားကုန်ထိုးနေသည်။

မိန်းမတစ်ယောက် ထိုးနှက်နေသည်နှင့်မတူ၊ စွမ်းအားကြီးသော လူဝါစ်ယောက် ထိုးကြိတ်နေသည့် ပုံစံမျိုးဖြစ်သည်။

ဆရာက လွယ်အိတ်ထဲမှ ဆေးမှုန့်များ ထည့်ထားသော ပုလင်းတစ်လုံးကို ထုတ်လိုက်ပြီး ... ပုလင်းထဲမှ အမှုန့်များကို ညာလက်ဝါးအတွင်း လောင်းထည့်လိုက်ကာ ... ဒေါ်အေးအား လှမ်းပက်လိုက်သည်။

**ဟား ... ဟား ... ဟား**

"တော်တော်စွမ်းတဲ့ ဆရာ့လက်စွဲဆေးပဲ"

"ဒီဆေးထက်စွမ်းတဲ့အရာ ရှိသေးတယ်၊ သက်ညှာနေလို့ အဟုတ်မှတ်တယ်၊ တွေ့ကြပြီးပေါ့ သရဲကောင်ရာ"

ဆရာက လွယ်အိတ်ထဲသို့ လက်နှိုက်နေသည်။ ဒေါ်အေးက ရုတ်တရက် ပြေးဝင်ပြီး လွယ်အိတ်ကို လုယူလိုက်သည်။





ဒေါ်အေးက အမျိုးသမီးပေမယ့် သရဲဝင်ပူးကပ်ခြင်း ခံနေရသည့်အတွက် လွယ်အိတ်က ဒေါ်အေးလက်ထဲ အလွယ်တကူ ပါသွားသည်။

လွယ်အိတ်ပါသွားသည်နှင့် ကြမ်းပြင်ပေါ် ပြန့်ကျဲကုန်အောင် ထဲမှာ ရှိသမျှ ကုန်အောင် သွန်ပစ်လိုက်သည်။

ဆရာလည်း သူ၏လွယ်အိတ်ထဲမှ ထွက်ကုန်သော ပယောဂသည့် ဆေးပုလင်း၊ ဆေးတောင့်များကို နှမြောတသစွာ လိုက်ကောက်သိမ်းနေသည်။

**ဟား ... ဟား ... ဆရာချစ်**

**သွားစမ်းကွာ**

**ဖောင်း**

ကုန်းကုန်းကွကွ ဖြစ်နေသော ဆရာ၏တင်ပါးကို ဒေါ်အေးအားကုန် ပစ်ကန်လိုက်သည်။

**ဘား**

**ဒုန်း**



www.burmeseclassic.com

ဆရာရှေ့ကို မျက်နှာနှင့် ပစ်ကျသွားသည်။ ကြမ်းပြင်နှင့် မျက်နှာ အပ်ကျသွားသဖြင့် နှာခေါင်းမှ သွေးများပင် စို့ထွက် လာသည်။

**ဟား ... ဟား ... ဟား**

“မင်းတို့ရဲ့ဆရာအဖြစ်ကို ကြည့်ကြ”

မှောက်နေသောဆရာ၏ ကျောပြင်ကို ... ဒေါ်အေးက ဖနောင့်နှင့် တစ်ချက်ပေါက်လိုက်ပြန်သည်။

**အွတ်**

ဆရာမှာ အွတ်ဆိုသော အသံတစ်ချက်သာ ထွက်သွားပြီး မျက်ဖြူလန်ကာ သတိမေ့သွားတော့သည်။

**ဟား ... ဟား ... ဟား**

“ဟေ့ ... ဒီအိမ်ကကောင် ... ငါ့ကို ညကြရင် အမဲသား နှစ်ပိဿာ ထမင်းနဲ့ ချက်ကျွေး ... မကျွေးရင် မင်းတို့ တစ်အိမ်လုံးကို ဒီည ... မိုးမလင်းခင် သတ်ပစ်မယ်”

**ဟား ... ဟား ... ဟား**

သရဲကြီးက အားပါးတရ ကျယ်လောင်သောအသံကြီးနှင့်





အော်ရယ်လိုက်ရင်း ဝင်ပူးထားသော ဒေါ်အေးထံမှ ထွက်သွား တော့သည်။

ပယောဂဆရာကို သတိရအောင် လူတချို့က ပြုစုနေရသလို လူကြီးဦးမောင်လေးသည် ညနေ သရဲအား ဟင်းချက်ကျွေးရန် စီစဉ်နေရတော့သည်။

ညနေ သုံးနာရီခန့်မှ ဆရာသတိရလာသည်။ ခါးရိုးမကျိုး သွားသော်လည်း ခါနာသွားသဖြင့် လူနှစ်ယောက်တွဲပြီး ထူပေး ရသည်။

အိမ်ပြန်မည်ဆိုသဖြင့် ယောက်ျားသုံးလေးယောက် အကူအညီ နှင့် ထိန်တောရွာသို့ လှည်းပေါ်တင်ပြီး သွားပြန်ပို့လိုက်သည်။

ထို့နောက်တော့ ကျီးပင်စုရွာသားတို့လည်း သရဲကြီးအာ တးဖို့သောက်ဖို့ တစ်နေ့ကို တစ်အိမ်ကျ သရဲကြီးက လိုက်ပူး ကပ်ပြီး သတ်မှတ်လိုက်၊ သတ်မှတ်ခံရသော အိမ်က ကျွေးမွေး လိုက်နှင့် ရက်တွေ ကြာသွားခဲ့သည်။

တစ်ရက် ညနေသုံးနာရီခန့်မှာ လှည်းတစ်စီး လူလေးယောက် နှင့် ရွာလူကြီးဦးမောင်လေးအိမ်သို့ ရောက်လာခဲ့သည်။

“ဟာ ထိန်တောရွာက ကိုဌေးမြင့်တို့ပါလား”

“လာ ... လာ၊ ဧည့်သည်တွေကို ခေါ်ခဲ့ပါ”



www.burmeseclassic.com

ဦးငွေးမြင့်တို့ ဦးမောင်ကြီးအိမ်ပေါ်သို့ တက်လာကြသည်။

ကျန်တစ်ယောက်ကတော့ နွားလှည်းဖြုတ်နေသဖြင့် အောက်မှာ ကျန်ခဲ့သည်။

ဦးမောင်လေးက သူနှင့်သက်တူရွယ်တူ ဦးငွေးမြင့်အား နေရာထိုင်ခင်းပေးလိုက်သည်။

ဦးငွေးမြင့်က ထိန်တောရွာ လူကြီးတစ်ယောက်ဖြစ်သည်။

"ကဲ ရောက်မဆိုက်ပဲ မေးရဦးမယ်၊ အခု "ကိုမောင်လေးတို့ရွာမှာ ဟိုကောင် သောင်းကျန်းနေတုန်းပဲလား"

"ဘာကောင်လည်း ကိုငွေးမြင့်ရ"

"သရဲလား၊ တစ္ဆေလား၊ ဒီရွာမှာ သောင်းကျန်းနေလို့ဆို"

"ဟာ ... ဟုတ်တယ်၊ ညနေတိုင်း ... သူ့ကို တလှည့်စီ ကျွေးမွေးနေရတယ်"

"အဲဒီ အတော်ပဲ၊ ဒီမှာ ဆရာပါလာတယ်၊ ဆရာက ကျွန်တော်တို့ရွာကို အလည်လာတာ စကားစပ်မိရင်း ဒီကို ပင့်လာခဲ့တာ"

"ပြီးခဲ့တဲ့အပတ်က ... ကျွန်တော်တို့ရွာက ဆရာဦးထက်ခေါင် သရဲလာနှင်ပေးတော့ သရဲ ဖနောင့်နဲ့ ပေါက်ခံလိုက်ရတာ ရွာမှာ သတင်းကို ပြန့်နေတာပဲ"





"ဒီရွာက ပြန်ရောက်ပြီး အိပ်ရာထဲ လဲနေသေးတယ် အခု ထနိုင်ပြီ ဆိုပေမယ့် လမ်းကောင်းကောင်း မလျှောက်နိုင်သေးဘူး"

ထိုသတင်းကို ကြားတော့ ဦးမောင်လေးတို့ စိတ်မကောင်းကြ၊

"အခု ပါလာတဲ့ဆရာက ဦးထက်ခေါင်ရဲ့ မိတ်ဆွေပဲ၊ ဦးထက်ခေါင် မနိုင်တဲ့သရဲ သူ နှိမ်နင်းပေးမယ်လို့ ပြောလို့ ကိုမောင်လေးတို့ရွာကို ပင့်လာခဲ့တာပါ"

"ဟာ ဝမ်းသာလိုက်တာ ကိုငွေးမြင့်ရာ"

"ဒါက ဆရာဦးကျော်အောင်ပါ၊ ဆရာ့နေရပ်က ငှက်ပျောတောရွာကပါ၊ ဒီရွာရဲ့ အခက်အခဲကို ကူညီပေးမယ့်ဆရာပါ"

ဆရာ ဦးကျော်အောင်ကလည်း ဦးမောင်လေးတို့ အသက်အရွယ်နှင့် မတိမ်းမယိမ်း အသက်ငါးဆယ်ကျော်ခန့်သာ ရှိမည်ဟု ခန့်မှန်းမိကြသည်။

"ကျွန်တော့်ကို အဲဒီ သရဲအကြောင်း သူ ဒီရွာကို ရောက်သည်ကစပြီး ပြန်ပြောပြပါလား"

"ဟာ ... ပြောပြနိုင်ပါတယ်၊ ဒီလိုပါဆရာ"

ဦးမောင်လေးက ဆရာဦးကျော်အောင်အား သရဲရောက်လာပုံ၊ ရွာထဲ လျှောက်သွားပုံ လူတွေကို မခြောက်မလှန့်ဘဲ နေ့စဉ်



www.burmeseclassic.com

အိမ်တစ်လုံးစီ ဝင်ပူးကပ်ပြီး ညစာကို အမဲသားတင်းနဲ့ ပုံမှန်ချက်ခိုင်းပြီး စားသောက်နေကြောင်း ရှင်းပြသည်။

"ဒီကောင် ရွာထဲရောက်ပြီးမှ ခွေးတစီစီနဲ့ အမြဲဆူညံနေတော့တာပဲ ... ဒီကောင် ရွာထဲလျှောက်သွားနေတာ ခွေးတွေမြင်တယ်နဲ့တူပါတယ် ... ညလုံးပေါက်ကြားနေရလို့ လူတွေလည်း နှစ်နှစ်မြိုက်မြိုက် မအိပ်ဝံ့ကြဘူး"

"လူတွေကလည်း မှောင်ရီမသန်းခင် လယ်ထဲက အကုန်ပြန်လာကြတာ၊ အိမ်ရောက်ပြီးတာနဲ့ အပြင်ထွက်တဲ့လူ မရှိလို့ သရဲအခြောက်မခံရတာလည်း ဖြစ်နိုင်ပါတယ်"

"ကျွန်တော့်အထင်တော့ သူစားချင်တာ စားနေရလို့ မခြောက်မလှန့်တာပါ၊ တကယ်လို့ သူကျွေးခိုင်းတဲ့အတိုင်း မကျွေးရင် ရွာကလူတွေကို အန္တရာယ်ပြုမှာ သေချာတယ်"

"ဖြစ်နိုင်တယ်ဆရာ၊ ထိန်တောရွာက ဆရာဦးထက်ခေါင်ကို သရဲက မကြောက်တဲ့အပြင် တစ်ခွန်းမခံ ပြန်ပြောရင်း ဆရာက ဘာမှ မလုပ်ရသေးဘူး၊ သူကပဲ ဆရာ့ကို မသေရုံ မလှမပ ဖြစ်အောင် လုပ်သွားတာ"

"ကဲ ... ဆရာကတော့ ... ဒီလိုအကောင်နဲ့ ယှဉ်ပြီး ဘာမှ မလုပ်ဘူး။ ဒီသရဲကို နိုင်မယ့် သူကိုပဲ နှိမ်နင်းခိုင်းမယ်"





"ဆရာ သင့်သလို စီစဉ်ပါ၊ လိုအပ်တာရှိရင် ပြောပါဆရာ"

"လိုအပ်တာကတော့ အမဲသားရနိုင်ရင် အမဲသားတစ်ပိဿာ၊ ဒါမှမဟုတ် ကြက်အကောင်ကြီးကြီး တစ်ကောင်လောက်ရရင် တော်ပြီ"

"ဆရာ အမဲသားကတော့ ဒီအချိန်ရဖို့ သိပ်မလွယ်ဘူး။ ကြက်ကတော့ အချိန်မရွေးရပါတယ်"

"ဒါဆို ကြက်တစ်ကောင် အမွေးအမှင် သန့်စင်ပြီး ခုတ်ထစ်ပြီးချက်၊ အူစုံ အသည်းစုံ ပါပစေ"

"ထမင်းကို ဆန်လေးလုံးချက်လိုက် ဟုတ်လား၊ တိုးတိုးတိတ်တိတ်လုပ်ကြ၊ အားလုံးပြီးရင်ပြော"

ဦးမောင်လေးလည်း ရွာသားနှစ်ယောက်အား အသေအချာမှာပြီး ခိုင်းလိုက်သည်။

ထိုလူများထွက်သွားသည်နှင့် ဆရာက ဦးမောင်လေးအား နတ်ဝင်သည်တစ်ယောက်ကို ရှာခေါ်ထားရန် ပြောလိုက်သည်။

"ရပါတယ်ဆရာ၊ ဒီရွာမှာ ခေါ်အေးတို့ ခေါ်မြရင်တို့ ရှိပါတယ်။ အချိန်မရွေး နတ်ဝင်နေတဲ့ အမျိုးသမီးတွေပဲ တစ်ယောက်ယောက်ကို သွားခေါ်ခိုင်းလိုက်ပါမယ်"

"အိမ်နဲ့ နီးကြလား"



www.burmeseclassic.com

"နိုးပါတယ်"

"ဒါဆို ထမင်းဟင်း ကျက်ခါနီးလောက်မှပဲ သွားခေါ်လိုက်ပါ။ အစောကြီးရောက်ရင် ထိုင်စောင့်နေရဦးမယ်"

ခဏကြာတော့ ကြက်သွားဖမ်းသော ရှာသားများ ပြန်ရောက်လာသည်။

တစ်နာရီခန့်ရှိတော့ အားလုံး ကျက်ကုန်ပြီဖြစ်သည်။

နတ်ဝင်သည် ဒေါ်မြရင်လည်း ရောက်နေပြီ။

အချိန်က ငါးနာရီခွဲခန့်ရှိပြီ။

"နာရီဝက်လောက် အိမ်မှာ နေကြဦး၊ မှောင်မှ ရှာပြင် သင်္ချိုင်းကို သွားကြမယ်။ ဒေါ်မြရင်အပြင် လိုက်ရဲတဲ့ ရှာသား သုံးယောက်လောက် ခေါ်သွားမယ်"

ခြောက်နာရီကျော်ခန့် ရှာပြင်သုသာန်သို့ ဆရာဦးကျော်အောင် ဦးဆောင်ပြီး ထမင်းနှင့်ဟင်း အစုံအလင်ထည့်ထားသော တောင်းကို ထမ်းကာ ထွက်လာခဲ့ကြသည်။

သင်္ချိုင်းရောက်တော့ အမှောင်ထုက သန်းလာပြီဖြစ်သည်။

ဂူသန့်သန့်တစ်လုံးကို ရွေးလိုက်ပြီး ထိုဂူအပေါ်မှာ ငှက်ပျောဖက်ကို ခင်းလိုက်ပြီး ဟင်းနှင့်ထမင်းများ ငှက်ပျောဖက်ပေါ် ပုံလိုက်သည်။





ရေဖလားထဲသို့ အသင့်ယူလာသော ပုလင်းထဲမှ သောက်ရေကို လောင်းထည့်လိုက်သည်။

ဖယောင်းတိုင်သုံးတိုင်ကို စိုက်ပြီး မီးတစ်တိုင်တည်းအဖြစ် ထွန်းလိုက်သည်။

"ကဲ ... မမြရင်က ဂူဘေးမှာ ဒူးထောက်ထိုင်ပြီး မျက်လုံးမှိတ်ထားပါ။ ဆံပင်ကို ဖြည်ပြီး ပခုံးပေးချထား၊

ကျန်တဲ့ လူသုံးယောက်ကတော့ ဆရာ့နောက်က ခပ်ခွာခွာ နေကြပါ၊

ဘာပဲကြားကြား ... ဘာပဲမြင်မြင် ... ဘယ်မှမသွားနဲ့၊ နေရာမှာပဲ ရပ်နေပါ ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... ဆရာ"

"ဒါဆိုရင် ဆရာသင်္ချိုင်းစောင့် မဖဲဝါကို ပင့်လိုက်တော့မယ်၊ မမြရင် ... မျက်လုံးမှိတ်ထားတော့"

"သင်္ချိုင်းအပေါင်းကို အပိုင်စားရထားတဲ့ မဖဲဝါ ရောက်ရာ နေရာက ဤနေရာသို့ ခေတ္တခဏ ကြွရောက်စေလိုပါတယ်၊

မဖဲဝါ ... ရောက်ရာနေရာ ရှိရာအရပ်မှ ... ဤနေရာသို့ ကြွရောက်ပြီး ကျွေးမွေးထားတဲ့ စားစရာများ လာရောက်သုံးဆောင်စေချင်ပါတယ်"


www.burmeseclassic.com

ခဏာမကြာခင်မှာပင် အေါ်မြရင် ... တစ်ကိုယ်လုံး တုံတုံရှိရှိ ဖြစ်လာကာ ရှေ့နောက် ယိမ်းထိုးနေသည်။

ဟီး ... ဟီး ... ဟင်း ... ဟင်း

ရုတ်တရက် ထိုင်ရာက ခုန်လိုက်ရာ ဂူပေါ်သို့ အုံ့ညြဖွယ် ရောက်သွားတော့သည်။

ကြက်သားဟင်းနှင့် ထမင်းကို အားပါးတရ စားနေပါသည်။

အမျိုးသမီးတစ်ယောက်စားလျှင် ဆန်တစ်လုံးချက် မကုန်နိုင်ပေမယ့် ခဏအတွင်းမှာပင် ဆန်လေးလုံးနှင့် ကြက်တစ်ကောင်လုံး ချက်ထားသော ဟင်းနှင့်ထမင်းတို့ ကုန်သွားသည်။

ထို့နောက် ရေဖလားထဲမှ ရေတို့ကို တဂွတ်ဂွတ်နှင့် သောက်နေပြန်ပါသည်။

ထိုအပြုအမူများကို ရပ်ကြည့်နေသော ရွာသားသုံးယောက်တို့လည်း တအံ့တဩ ဖြစ်နေသည်။

ရေသောက်ပြီးသည်နှင့် ...

"ကဲ ... ဝိုကို အစာခေါ်ကျွေးတယ်ဆိုတော့ ရွာမှာ ပြဿနာတစ်ခုခု ရှိနေပြီနဲ့ ... တူတယ်။ ကဲ ... ပြောစမ်း"

"မှန်ပါတယ်၊ အခုရွာထဲမှာ နှစ်ပတ်ကျော်ကျော်လောက်ကတည်းက သရဲတစ်ကောင် ရောက်လာပါတယ်၊





တစ်အိမ်ပြီးတစ်အိမ် လူတွေမှာ ပူးကပ်ပြီး ထမင်းနဲ့ အမဲသားဟင်း နေ့တိုင်း ချက်ကျွေးခိုင်းနေပါတယ်၊ ရွာသားတွေက ကြောက်တာနဲ့ သူခိုင်းတဲ့အတိုင်း ချက်ကျွေးနေရပါတယ်၊

မကျွေးတဲ့အိမ်ကို တစ်အိမ်သားလုံး သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေပါတယ်။ ရွာသားတွေလည်း မိုးချုပ်က မိုးလင်း မသွားဝံ့ မလာဝံ့ ဖြစ်နေပါတယ်။

အဲဒီသရဲ ရွာက ထွက်သွားအောင် အမေ့ရဲ့တန်ခိုးအာဏာနဲ့ နှင်ထုတ်ပေးစေချင်ပါတယ်"

"အင်း ... ဒီကောင် ဘယ်က ရောက်လာလဲ ... ငါ ကြည့်စမ်းမယ်"

ခဏကြာတော့ ...

"အင်း ... သိပြီ သိပြီ၊ ဒီကောင် မင်းတို့ရွာနဲ့ ကပ်ရက် လက်ပံစုရွာက ရောက်လာတာ၊

ဒီသရဲကို လက်ပံစုရွာက ဘရှင်ဆိုတဲ့ကောင်က သူ့လယ်ထဲမှာ ... စပလင်ကို ကြက်သွေးလောင်းပြီး မွေးထားတာ၊

တစ်လတစ်ခါ အမဲသားကျွေးပြီး သူ့လယ်ထဲက အသီးအနှံတွေ လူမခိုး၊ မပျက်စီးရဲအောင် မွေးထားတာပဲ၊

သူ့ကို မွေးကျွေးလာတဲ့ ဘရှင်က လွန်ခဲ့တဲ့ တစ်လကျော်



www.burmeseclassic.com

က သေဆုံးသွားပြီ။ ဒီသရဲက သူ့အရှင်သခင် မရှိတော့တာက တစ်ကြောင်း၊ အမဲသားပုံမှန်စားလာတဲ့အကောင်ဆိုတော့ နေဝင်ရီတရော နွားကျောင်းသားတွေရဲ့ နွားတွေသွင်းတုန်း ဒီရွာကို နိုကပ်ပါလာတာ”

“ဒီကောင်ကို ငါနှင်ပေးမယ်၊ ကြာရင် … ဒီကောင် ကျွဲနွား တိရစ္ဆာန်တွေ ဖမ်းစားလိမ့်မယ်။ ပြီးရင် လူတွေကိုစားမယ် … ဒီလိုတော့ အဖြစ်မခံဘူး”

“ငါ့ရဲ့ လက်စွဲတော် နောက်လိုက်ခွေးကြီး သွားခေါ်နေပြီ၊ မကြာခင် ရောက်လာကြလိမ့်မယ်”

မဖဲဝါစကားပင် မဆုံးသေး ဖုန်တထောင်းထောင်းထအောင် အနီးသို့ ပြေးလာသောသတ္တဝါကို မြင်လိုက်သည်။

ခွေးကြီးကိုကား မတွေ့ရ။

အနီးမှာ ခွေးနှစ်ကောင်ကိုက်နေသည့် ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်။

**ဝီး … ဝီး … ဝီး**

**ဝဲ … ဝဲ … ဝဲ**

မာန်စောင်ပြီး ကိုက်နေကြသည့်ဟန် ဖြစ်ပေါ်နေသည်။





အကောင် မမြင်ရဘဲ အသံကြားနေရသည်။

ထို့နောက် နိုင်သောခွေးက ကိုက်လိုက်၍ ရှုံးသောခွေးက နာကျင်စွာ အော်သကဲ့သို့ …

**ဝိန် … ဝိန် … ဝိန်**

**ဝီး … ဝီး**

**ဝိန် … ဝိန် … ဝိန်**

အသံစုံကြားပြီး လုံးထွေးနေဟန်ရှိသည်။

“ငါ့ရှေ့မှာ နေတာတောင် အာခံချင်သေးတယ်၊ နင့်ကို သွားချင်ရာသွား … လွှတ်လိုက်လို့ မဖြစ်ဘူး၊ ငါ့နောက်ကိုလိုက်ခဲ့ မည်းမျှော်င် အဲဒီကောင်ကို ကိုက်ချီပြီး ငါ့နောက် လိုက်ခဲ့၊ ဒီကောင်ကို တစ်နေရာသွားခိုင်းရင်လည်း ရောက်တဲ့နေရာမှာ အစာတောင်းစားနေဦးမယ်”

ထိုစကားဆုံးသည်နှင့်

ဂီး … ဂီး … ဂီး

မာန်ဗီသော ခွေးသံကြီး ကြားပြီးနောက်

အဝေးသို့ ထွက်သကဲ့သို့ အသံတိတ်သွားသည်။



www.burmeseclassic.com

ဒေါ်မြရင်အား ပူးကပ်ထားသော မဖဲဝါလည်း ထွက်သွားပြီ ဖြစ်၍ ဒေါ်မြရင် ဂူပေါ်မှ ဆင်းလိုက်စဉ် နူးညွတ်ကျသွားသည်။

သောက်ရေပုလင်းထဲမှ လက်ကျန်ရေဖြင့် ဒေါ်မြရင်မျက်နှာကို တောက်ပေးလိုက်သည်။

ဒေါ်မြရင်အသိစိတ် ပျောက်နေရာက အသိပြန်ဝင်လာသည်။

ထိုကိစ္စပြီးသည်နှင့် ဆရာဦးကျော်အောင် ဦးဆောင်ပြီး ရွာထဲသို့ ပြန်လာခဲ့ကြသည်။

အိမ်သို့ရောက်သည်နှင့် ရောက်မဆိုက် ဆရာဦးကျော်အောင်က ဦးမောင်လေးအား ...

"ကဲ ... ဦးမောင်လေးတို့ ရွာမှာ လာသောင်းကျန်းနေတဲ့ သရဲကို မဖဲဝါ ပြန်ခေါ်သွားပြီ ... စိတ်ချလက်ချသာ သွားလာကြတော့"

"ဘယ်က ရောက်လာတဲ့သရဲဆိုတာကော သိခဲ့လားဆရာ"

"ဟိုဘက်ရွာ ဦးဘရှင်လယ်ထဲမှာ မွေးထားတဲ့သရဲလို့ ပြောတယ်"

"သူ့သခင် ဦးဘရှင်သေသွားလို့ ကျွေးမွေးမယ့် လူမရှိ လေလွင့်နေတုန်း ဒီရွာကို ရောက်လာပြီး သူ့သခင်ကျွေးနေကျ အမဲသားကို တောင်းစားနေတာ"






"ဩော် ... ကျွန်တော်တို့ရွာကို လေလွင့်နေတဲ့တစ္ဆေ ရောက်လာတာပေါ့ ... ဟုတ်လား ဆရာ"

"ဟုတ်တယ် ... ဦးမောင်လေး၊ လေလွင့်နေတဲ့တစ္ဆေကို လေမလွင့်နိုင်အောင် မဖဲဝါက သချိုင်းမှာ ခေါ်ထားလိုက်ပြီ"

ထို့နောက်တော့ ကျိုးပင်စုရွာသားတို့လည်း သရဲကြီး မရှိတော့သဖြင့် နေ့ရော ... ညပါ သွားရဲ လာရဲ ရှိနေပါတော့သည်။





www.burmeseclassic.com

# ပုဏ္ဏကအတိုက်ခံရတဲ့ရွာ

ဂျန်း --- ဒိုင်း

ဂျန်း --- ဒိုင်း --- ဖျန်း

ည ခုနစ်နာရီထိုးသည်နှင့် ရွာအရှေ့ပိုင်းမှသည် ရွာအလယ်ပိုင်းအထိ တစ်အိမ်ပြီးတစ်အိမ် ခဲများ အဆက်မပြတ် ကျလာသည်။

"ဟာ ... ပစ်ပြန်ပြီဟေ့"

ဒုန်း --- ဒုန်း

"ပစ်ပြန်ပြီ ... သတိထားကြ"

"ကလေးတွေ အိမ်ထဲဝင်ကြစမ်း"

အိမ်စဉ်တစ်လျှောက် အော်သံဟစ်သံ၊ ကလေးခေါ်သံများ ဆူညံသွားသည်။





ခဏနေတော့ လူတွေ၏ အော်သံဟစ်သံတို့ ပျောက်သွားသည်။

ဂျန်း --- ဒိုန်း

လူတွေ၏အော်သံ၊ ကလေးငိုသံတို့၊ တိတ်ဆိတ်သွားပေမယ့် ကျသံက အိမ်စဉ်ဆက်ပြီး တစ်အိမ်ပြီးတစ်အိမ် ခဲများ အဆက်မပြတ် ကျနေသည်။

စပစ်သည့်အိမ်မှသည် ရပ်သွားသည့်အိမ်ထိတိုင် နာရီဝက်ခန့်အထိ ခဲလုံးများ ကျနေသည်။

ထိုညအတွက်တော့ နာရီဝက်ခန့် ခဲကျပြီး ရပ်သွားသည်။

ထိုသို့ခဲများအပစ်ရပ်သွားပြီးနောက်ပိုင်းရောက်မှ ရပ်ကွက်အတွင်းက လူများ အိမ်ပြင်သို့ ထွက်လာကာ ရွာမှာ ဖြစ်ပျက်နေပုံကို ပြောဆိုတိုင်ပင်ကြသည်။ ဆွေးနွေးကြသည်။

တိတ်ဆိတ်နေသော ရွာလေး လှုပ်လှုပ်ရှရှ ဖြစ်လာသည်။ အကြောင်းမှန်းမသိ။

ရွာကို ခဲနဲ့လာပစ်ခဲ့သော အမျိုးအမည်မသိအရာမှာ နာနာဝလော၊ တစ္ဆေလော၊ သရဲလော၊ ပုဏ္ဏကလော၊ ရွာသားတို့ တ်မှာ အဖြေရှာမရ။



www.burmeseclassic.com

သို့ဖြင့် ပထမတစ်ရက် ကုန်လွန်ခဲ့သည်။

ဒုတိယညရောက်တော့ ခုနစ်နာရီထိုးသည်နှင့် ရွာဦးမှစ၍ ခဲလုံးများနှင့် လာပစ်ပြန်သည်။

ထို့နောက် တစ်အိမ်ပြီးတစ်အိမ် ဆက်တိုက် ခဲများ ကျလာတော့သည်။

ထိုအခါ လူကြီးများက ပုဏ္ဏကတိုက်သည်ဟု ပြောကြသည်။

ပုဏ္ဏကတိုက်သည်ဆိုလျှင် အချိန်မှန်မှန် ဖြစ်ပေါ်တတ်သည်။

ညစဉ် ခုနစ်နာရီထိုးသည်နှင့် ခဲများ ပုံမှန်ကျလာသည်။

လေးရက်ခန့်ရှိနေပြီ။ ကလေးများ၊ အမျိုးသမီးများ ကြောက်လန့်နေကြပြီ။

နောက်ပိုင်း ဘာများ ဆက်ဖြစ်လာမည်နည်းဟု စိုးရိမ်ပိုနေကြသည်။

ရွာလူကြီးများလည်း ထိုကိစ္စကို အလေးပေး တိုင်ပင်ကြသည်။ မိမိတို့၏ အတွေ့အကြုံများကို ဖလှယ်ကြသည်။

သို့ကြောင့် ထိုပယောဂ၊ စုန်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက် အတိုက်မှန်သမျှ နှိမ်နင်းနိုင်မည့် ဆရာတစ်ဦးကို သူတို့ ရွေးချယ်လိုက်သည်။

*****

မိတ်ဆွေစာပေ



**ဝုတ် ... ဝုတ် ...**

**ဝုတ် ... ဝုတ် ... ဝုတ်**

"ဟဲ့ခွေး ... ဟဲ့ခွေး၊ ဧည့်သည်လာတယ်ထင်တယ်။ အိမ်အောက်မှာ ဘယ်သူမှ မရှိကြဘူးလား"

"ဒီခွေးမွေးကဲ့ကောင်ကလည်း ခွေးနား ဘယ်တော့မှ မရှိဘူး။ ကောင် ရောက်လာပြီးကတည်းက အလုပ်တစ်ခု ရှုပ်လာတယ်"

အသက်ငါးဆယ်ခန့်ရှိ သူကြီးတစ်ယောက် ခွေးကြည့်ပေးရန် အိမ်အောက်ဆင်းလာသည်။

အိမ်ခြံဝမှ ဧည့်သည်နှစ်ယောက်က ခွေးကို ကိုင်ထားပေးသည်နှင့် တွန့်ဆုတ်ခြင်း မရှိဘဲ အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။

နောက်မှ အိမ်ရှင်လူကြီး အိမ်ပေါ်လိုက်တက်လာခဲ့သည်။

"ဆရာ ဦးထွန်းမောင် ဟုတ်ပါလား ခင်ဗျာ"

"ဟုတ်ကဲ့ ... ကျွန်တော်ထွန်းမောင်ပါ"

ဆရာဦးထွန်းမောင်လည်း ရောက်လာသူများကဲ့သို့ အသက်ငါးဆယ်ကျော်ခန့်ပင်ရှိသည်။

သူတို့ဆရာဦးထွန်းမောင်ရှေ့မှာ ထိုင်လိုက်ကြသည်။

"ကျွန်တော်တို့က အိမ်မှာ ဆရာမှ ရှိပါ့မလားလို့"

မိတ်ဆွေစာပေ

www.burmeseclassic.com

"လာရင်းကိစ္စက"

"အောက်စုရှာက ဦးလေးကျော်အောင် လွှတ်လိုက်တာပါ၊ ဦးလေးကျော်အောင် နေမကောင်းဖြစ်နေတာနဲ့ မလိုက်လာနိုင်ဘူး ဆရာ"

"ဦးကျော်အောင်နဲ့ ကျွန်တော် သိတာကြာပါပြီ"

"မတွေ့ကြတာလည်း ကြာပြီ၊ အကြောင်းကိစ္စ ထူးတယ်နဲ့ တူတယ်"

"ထူးဆိုဆရာရယ်၊ လေးရက်တိတိရှိပြီ၊ ရွာကို ခဲတွေနဲ့ အပစ်ခံနေရလို့"

"ဘယ်အချိန် စပစ်တာလဲ"

"ညခုနစ်နာရီဆို ခဲတွေနဲ့ ဘယ်သူလာပစ်နေမှန်း မသိဘူး၊ ရွာဦးထိပ်ကစပြီး အိမ်စဉ်တစ်လျှောက် ခဲတွေကျတာ ရွာလယ်လောက်ထိ ရောက်တယ်၊

ခဲတွေ တဝုန်းဝုန်းနဲ့ နာရီဝက်လောက် ကြာတယ်ဆရာ"

"ဒီလေးရက်မှာ အချိန်ပုံမှန်လာပစ်တာလား၊ ပစ်ချင်တဲ့အချိန် ပစ်တာလား"

"အချိန်ကတော့ အတိအကျ ခုနစ်နာရီထိုးစ ပစ်ပြီဆရာ"

"အင်း ... ပုဏ္ဏကတိုက်တာပဲ"



ဒီလိုဖြစ်အောင် အောက်လမ်းပညာရပ်နဲ့ လုပ်ထားတာ။

အတိုက်အခိုက် အောက်လမ်းပညာတွေကတော့ စုန်းတိုက်၊ နတ်တိုက်၊ အစိမ်းသရဲတိုက်၊ ပုဏ္ဏကတိုက်တို့ဖြစ်သည်။

ယခု အဖြစ်အပျက်ကတော့ ပုဏ္ဏကတိုက်သည်မှာ သေချာသလောက်ဖြစ်သည်။

ပုဏ္ဏကအင်းကိုချပြီး ဘီလူးကို ခိုင်းသောပညာရပ်ဖြစ်သည်။

ထိုသို့သော အတိုက်အခိုက်တို့အတွက်ဆိုလျှင် အထူးပြုလုပ်သော ရွှေပြား၊ ငွေပြား၊ ခဲမဖြူ ကြေးနီပြားတစ်ခုခုနှင့် စီရင်ရမည်ဖြစ်သည်။

ထိုအင်းက ဘုရားရှစ်ဆူအင်းဖြစ်သည်။

၎င်းကို စီရင်ရာတွင် ပထမ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို သစ်သီး၊ ပန်း၊ ဆီမီးတို့ဖြင့် ရှေးဦးစွာ လှူဒါန်းပူဇော်ရမည်ဖြစ်သည်။

ထို့နောက် သဲစုမက ပွင့်တော်မူကြသော မြတ်စွာဘုရားရှင်တို့အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် လှူဒါန်းပူဇော်ရသည်။

ထို့ပြင် အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရွာပိုင်၊ ရက္ခစိုးတို့ကို ဆီမီးလှူ၍ စနေနေ့ ခါးပတ်နက္ခတ် ကြုံသောအခါကိုရွေး၍ သန့်ရေးရပါသည်။



www.burmeseclassic.com

သနစချေပြီး ရေငုံ၍ နှုတ်ပိတ်၊ နားပေါက်ပိတ်၊ ရေထိုးရပါမည်။

ရေထိုးစဉ်အချိန်၌ ကိုင်ဆောင်ရမည့်သူသည် ဂုဏ်တော်ကိုးပါးကိုရွတ်၍ အင်းစောင့်ဝိဇ္ဇာအား မီးမပြတ်စေဘဲ ထွန်းညှိပူဇော်ရမည်။

ထိုအခါ အင်းစီရင်ခြင်း ပြီးဆုံးတော့သည်။

အင်း၏အသုံးဝင်ပုံမှာ သူပြု၊ နတ်ပြု၊ ဆရာပြု၊ ရုပ်တား၊ နတ်တား၊ အစာပင်း၊ ဇော်ဂနီမျိုး (၂၅)ပါးမှစ၍ ပုဏ္ဏကတိုက် စုနှစ်စဉ်တိုက်၊ အတိုက်မျိုး(၃၀)မှစပြီး သုံးနိုင်သည်။

ထိုအင်းကို ဗူးမျက်နှာလွှဲနှင့် စုန်ရေ၊ ဆန်ရေ၊ စိမ်ပြီး ခုနစ်ခါစပ်ရှိသော အတိုက်ပြေသည်။

အင်းကို မီးပြသော် အတိုက်အခိုက် ပြုလုပ်ထားသောသူ ဝင်လာသည်။

မီးထဲတည့်၍ အသုံးပြုလျှင် ပြုသောသူ သေတတ်သည်။

(ဗိုက်ကြီးသည်အစိမ်းသရဲမနဲ့ မဖဲဝါ)စာအုပ်တွင် ကဝေမှော်ရုပ်ဇာတ်လမ်း၌ အဖွန်ဆိုသော တရုတ်ကြီးအား ကဝေအရုပ်နှင့် တိုက်ထားစဉ် ဆရာက အင်းချထားသော ကြေးပြားအား မီးဖြင့် အပူပေးခိုင်းရာ စိတ်မရှည်သောသမီးက မီးထဲထည့်လိုက်သဖြင့် ကဝေပညာသည် သေလုမျောပါး ခံလိုက်ရဖူးသည်။)

မိတ်ဆွေစာပေ



သို့ကြောင့် ထိုအင်းကို အသုံးပြုသောအခါ မီးထဲ မထည့်ရပါ။ သစ္စာရှိစွာ သုံးစွဲရပါသည်။

အလွန်ထက်မြက်သော အင်းဖြစ်သဖြင့် သုံးစွဲသော ဆရာတို့ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။

ထို့နောက် ဆရာဦးထွန်းမောင်လည်း လာရောက်ပင့်ဆောင်သူများနှင့်အတူ အောက်စုရွာသို့ လိုက်ပါခဲ့သည်။

နွားလှည်းကို တစ်နာရီနီးပါးမျှ စီးခဲ့ရသည်။

မကြာခင်မှာပင် အောက်စုရွာသို့ ရောက်လာခဲ့တော့သည်။

“ဘယ်အိမ်က စပစ်ခံရတာလဲ”

“ရွာအဝင်အိမ်က စတာပဲဆရာ၊ အဲဒီကစပြီး ရွာလည်ထဲအထိ တစ်အိမ်ပြီးတစ်အိမ် ပစ်သွားတာပဲ”

ထိုအခါ ဆရာဦးထွန်းမောင်လည်း လှည်းကို စပစ်သော အိမ်ရှေ့မှာ ရပ်ခိုင်းလိုက်သည်။

ထိုအိမ်ရှင်နာမည်က ကိုတင့်လွင်ဖြစ်သည်။ ဆရာဦးထွန်းမောင်လည်း ကိုတင့်လွင်အိမ်ပေါ်သို့ တက်ခဲ့သည်။

ခဏမျှထိုင်လိုက်ပြီး အိမ်သားများအား ကျောက်ရုတ်ဆုံကို တောင်းယူလိုက်သည်။

ဆရာဦးထွန်းမောင်က

မိတ်ဆွေစာပေ
www.burmeseclassic.com

"ရေတ်ဆုံကြီးပဲ ... အကျွမ်းဘယ်ဝင်မလဲ၊ ရေတ်ကျည်ပွေ့ ရှိမှ အကျွမ်းဝင်မှာပေါ့"ဟု ပြောလိုက်စဉ် ...

စကားဆုံးသည်နှင့် ကျည်ပွေ့လည် ရေတ်ဆုံအတွင်းသို့ သူ့အလိုလို တည့်မတ်စွာ ကျရောက်လာသည်။

မြင်ရသူများ တအံ့တဩ ဖြစ်သွားသည်။ ဆရာက အိမ်ရှေ့မှာ မီးဖိုလေးတစ်ခု ဖိုခိုင်းလိုက်သည်။

"အိမ်အောက်မှာလားဆရာ"

"မဟုတ်ဘူး ... ဆရာ့ရှေ့မှာ ဖိုပေး၊ အောက်က အုတ်ခဲ နှစ်လုံးလောက်ခံ အပေါ်က သွပ်ပြားအပိုင်းအစပဲဖြစ်ဖြစ်၊ အိုးပုံး အကြီးပဲဖြစ်ဖြစ် ရှာလိုလွယ်ကာတင်ပြီး မီးဖိုသေးသေး ဖိုလိုက်ပေါ့"

ကိုတင့်လွင်က ဆရာခိုင်းသည့်အတိုင်း မီးဖိုသေးသေးတစ်ခု ဖြစ်ရန် လုပ်ကိုင်နေသည်။

ဆရာက စုန်ရေ၊ ဆန်ရေ ထည့်ထားသော ပုလင်းထဲမှ ရေသုံးလေးစက်ကို ရေတ်စုံအတွင်း လောင်းထည့်လိုက်သည်။

ရွာသားများကို တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ ထောင်းခိုင်းသည်။

ဆရာရောက်နေသည်ဆို၍ တစ်ရွာလုံးနီးပါး ယောကျ်ား၊ မိန်းမ၊ ကလေးများမကျန် ကိုတင့်လွင်ခြံဝင်းအတွင်းသို့ စိတ်ဝင်





တစား၍ ရောက်နေကြသည်။

ရေတ်ဆုံကို ရွာသားတို့အလှည့်ကျ၊ ထောင်းနေစဉ် ဆရာဦးထွန်းမောင်က ကိုတင့်လွင် ဖိုပေးထားသော မီးဖိုလေးတွင် အင်းပြားကို မီးအပူပေးနေသည်။

ရေတ်ဆုံ ထောင်းကြသော ရွာသားခုနစ်ယောက်မြောက်တွင် လာရောက်ကြည့်ရှုနေကြသော လူအများထဲမှ လူတစ်ယောက်အား ပုဏ္ဏကာဘီလူးဝင်၍ ပူးကပ်ပါတော့သည်။

"ကြောက်ပါပြီ ... ကြောက်ပါပြီ ... ဝို့ကို ပြန်လွှတ်ပေးပါ"

"မင်းဘယ်သူလဲ"

"ငါအစောင့်ဘီလူးပါ ... ဝို့ကို ချုပ်မထားပါနဲ့၊ ငါ ဒီရွာမှာ မနေတော့ဘူး၊ ငါပြန်တော့မယ်"

ဆိုကာ ခေါင်းငုံ့၍ မျက်ရည်များ ကျနေပါသည်။

ထိုအခါ ဆရာဦးထွန်းမောင်က

"မင်း ဘယ်ကလာတာလဲ၊ မင်းကို ဘယ်သူခိုင်းတာလဲ၊ မှန်တာကို ပြောရင် မင်းကို ငါ ပြန်လွှတ်ပေးမယ်၊

ဒါပေမဲ့ မင်းဆရာဆီကို မင်းပြန်ရမယ်၊ မင်းဆရာက မင်းကို ဘာအစာတွေကျွေးပြီး ခိုင်းနေတာလဲ"



www.burmeseclassic.com

"ဆရာက နိုင်းတော့မယ်ဆို အမဲသား အစိတ်သား ကျွေးတယ်"

"ငါတို့ ရွာသားတွေက မင်းကို အမဲသား တစ်ပိဿာ ကျွေးမယ်၊ ဘယ်လိုလဲ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ်"

"ကျေနပ်တယ်ဆိုရင် မင်းခဏထွက်ပြီးရင် မင်းကို ပြန်ခေါ်မယ်"

ဆရာဦးထွန်းမောင်လည်း စီရင်စရာရှိသည်ကို စီရင်ပြီး ငှက်ပျော်သီးမှည့်တစ်လုံး တောင်းယူပြီး ပုဏ္ဏကာဘီလူးအား ပြန်ဝင်စေလိုက်သည်။

ဆရာဦးထွန်းမောင်က ငှက်ပျောသီးကို အခွံသုံးခု ခွာလိုက်သည်။

ရေတစ်ခွက်ကို ပေးကိုင်ထားပြီး

"ကဲလိုက်ဆို"

"ကျွန်ုပ်သည် ... နောက်ကို ဤရွာနှင့် ဤလူတွေကို ဘယ်သောအခါမှ မခြောက်မလှန့် မနှောင့်ယှက်တော့ပါ။ အခြားရွာ အခြားလူများကိုလည်း မခြောက်မလှန့်ပါဟု သစ္စာဆိုပါသည်။ သစ္စာပျက်ယွင်း၍ သစ္စာမတည်ကြည်ပါက အခွံခွာပြီး ငှက်ပျောခွံ





သုံးစိတ်သုံးမြွာ ကျွန်ုပ်ရဲ့ခန္ဓာကိုယ် ကွဲရပါလို၏။

သစ္စာတည်ကြည်ပါက ဤငှက်ပျောသီးနှင့် ရေတို့သည် ကျွန်ုပ်အား ခွန်အားပြည့်ဝစွာ ပေးနိုင်ပါစေသား"

သစ္စာဆိုခိုင်း၍ ဆိုပြီးသောအခါ ငှက်ပျောသီးခွာပြီးသားကို စားစေပြီး ရေကို သောက်ခိုင်းသည်။

"ပြီးရင် ... မင်းပြန်တော့၊ မင်းအခု ဘယ်သူဆီ ပြန်မှာလဲ"

"ဆရာထံ ပြန်ပါမည်"

"မင်းအခု ပူးကပ်သူထံက ထွက်မည်ဆိုရင် မင်းတကယ် ထွက်သွားပြီဆိုတာ သိရအောင် အိမ်ခြံဝင်းအတွင်းက သစ်ပင်ရဲ့ သစ်ကိုင်းတစ်ကိုင်းကို ချိုးချသွား၊ မနက်ဖြန်ညနေ ခြောက်နာရီ အမဲသားတစ်ပိဿာချက် ရွာအဝင်မှာ လာစား"

ခဏအကြာ ပုဏ္ဏကာဘီလူးဝင်စီးခံရသူလည်း ထိုင်နေရာမှ တုန်တုန်ရီရီဖြစ်ပြီး လဲကျသွားသည်။

ထိုအချိန်နှင့် မရှေးမနှောင်း အိမ်ရှေ့ခြံဝရှိ သရက်ကိုင်း တစ်ကိုင်း ဖြောင်းခနဲ ရိုက်ချိုးလိုက်သံမျိုး ကြားလိုက်ရပြီး သစ်ကိုင်း အောက်သို့ ကျလာသည်။

"ကဲ ပုဏ္ဏကတိုက်တဲ့ဘီလူးတော့ ထွက်သွားပြီ၊ နောက်ကို ဒီရွာကို လာပြီး အနှောင့်အယှက် ပြုဝံ့တော့မှာ မဟုတ်ဘူး"


www.burmeseclassic.com

"အခုဖြစ်တဲ့အကြောင်းကိစ္စကိုလည်း သိပြီးပြီ၊ ဘီလူးကိုယ်တိုင်ကလည်း နောက်ကို မခြောက်မလှန့်တော့ဘူးလို့ ဂတိပေးသွားတယ်၊ ဒါကြောင့် လုပ်နိုင်းတဲ့ပညာသည်ကို မသိချင်ပါနဲ့တော့"

"အဲဒီပညာသည်ကို သိထားချင်ပါတယ်ဆရာကြီး၊ ရွာကို အခုလို လုပ်တာ ဘာမကျေနပ်လဲဆိုတာ သိချင်ပါသေးတယ်"

"အင်း ... ခင်ဗျားတို့ ပြောတာလည်း မှန်တာပါပဲ၊ ဒါပေမယ့် သိတော့ ဘာတတ်နိုင်မှာလဲ၊

သူ့လက်သက်မွေးထားတဲ့ ဘီလူးကိုယ်တိုင်က နောက်ကို ဆရာခိုင်းသမျှ မလုပ်တော့ပါဘူးလို့ သစ္စာဆိုသွားပြီပဲ၊

အခု ... သူ့တပည့်ကို ချုပ်ကိုင်လိုက်ပြီဆိုမှတော့ သူလည်း သူ့တပည့်အားကိုးနဲ့ မလုပ်ဝံ့တော့ပါဘူး။ စိတ်ချလက်ချသာ နေပါတော့"

ဆရာဦးထွန်းမောင်၏ တောင်းပန်စကားကြောင့် ရွာသူရွာသားတို့လည်း မိမိတို့ရွာကို ပုဏ္ဏားက ဘီလူးလွှတ်၍ တိုက်သော ပညာရှင်ကို သိချင်စိတ်မရှိတော့ပါ။ သို့ကြောင့် ဆရာဦးထွန်းမောင်အား လှည်းနှင့်ပြန်ပို့ရန် စီစဉ်ကြတော့သည်။

ဆရာဦးထွန်းမောင်က ရွာသားတို့အား

နောက်နေ့ အမဲသားချက်နှင့် ဆန်လေးလုံးချက်သော ထမင်း





တို့ကို ဇကောအပေါ် ငှက်ပျောရွက်ခင်းထည့်ပြီး ရွာပြင်အစပ်မှာ ၆ နာရီ သွားကျွေးရန် မှာသည်။

နောက်နောင် ရွာနှင့် မည်သူ့ကိုမှ မခြောက်မလှန့်ပါနဲ့လို့ ပြောဆိုခဲ့ရန်လည်း မှာသေးသည်။ အသေအချာမှာပြီးမှ လိုက်ပို့သော လှည်းနှင့် ပြန်သွားတော့သည်။

※※※※※

နောက်နေ့ညနေ ၆း နာရီခွဲကျော်သည်နှင့် ဆရာမှာသည့်အတိုင်း အမဲသားဟင်းနှင့် ထမင်းတို့ကို ရွာပြင်ရွာထိပ်သို့ ယူသွားပါသည်။

ရွာထိပ်ရောက်တော့ ဇကောကို ချလိုက်ပြီး လူကြီးတစ်ယောက်က ဆရာမှာသည့်အတိုင်း ရွာနှင့်လူများကို မနှောင့်မယှက်ရန် ပြောဆိုလိုက်သည်။

ထို့နောက် ဇကောကို ထားခဲ့ကာ ရွာသို့ ပြန်ခဲ့ကြသည်။

ရွာထဲဝင်သည်နှင့် နောက်မှာ ကျန်ခဲ့သော ဇကောကို လှည့်ကြည့်လိုက်သော ကိုတင့်လွင်လည်း ကြီးမားသောခွေးကြီးတစ်ကောင် လာရောက်စားသောက်နေသည်ကို တွေ့လိုက်ရသည်။

ထိုည ... ခုနစ်နာရီသို့ရောက်သောအခါ ရွာသားတို့လည်း



www.burmeseclassic.com

စိုးရိမ်မှုမပျောက်သေး၍ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ အခြေအနေကို အကဲခတ်နေကြသည်။ ခုနစ်နာရီကျော်သွားပြီ ခဲမကျ။

ဆရာပြန်သွားသည့်ညကလည်း ခဲမကျ၊ ယနေ့ညလည်း ခဲမကျတော့။

ထိုအခါမှပင် အောက်စုရွာသားတို့လည်း ဆရာ၏ပညာစွမ်းကို သိကြတော့သည်။

ထို့နောက်မှာတော့ အောက်စုရွာတွင် စုန်းတိုက်၊ နတ်တိုက်၊ ပုဏ္ဏကတိုက်ခြင်းကို မကြုံရတော့ပေ။





# မပဲဝါနဲ့ ရွှေးဟောင်းရတနာ

လရောင်ကင်းမဲ့သောည ... ရွာအစွန်ချောင်းရိုးလေးအတိုင်း လှေတစ်စီးကို လူနှစ်ယောက်က လှော်၍ လာနေသည်။

အချိန်က ညဆယ့်တစ်နာရီရှိပြီ။

လမိုက်ညဖြစ်သဖြင့် အရာအားလုံး မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

ရေပြင်သည်သာ ကောင်းကင်၏ ရောင်ပြန်ဟပ်မှုကြောင့် အနည်းငယ်လင်းသရောင်ရှိသည်။

လှေပေါ်ပါလာသူနှစ်ယောက်က ကဇော်သမား၊ ဖဲသမား၊ ကြက်သမား ကောင်းတာဆို၍ ဘာတစ်ခုမှ မလုပ်။

တစ်ယောက်က လက်မရှိ့ ထင်ကျော်။



www.burmeseclassic.com

ကျန်တစ်ယောက်က ဓါးချက်ဖောင်း ... နှစ်ယောက်လုံး ထောင်ထွက်များ ဖြစ်ကြသည်။

တစ်ယောက်က ဓါးထိုးမှုနှင့် ထောင်ဒဏ်တစ်နှစ်ကျ၍ ထောင်ကထွက်တော့ သူ့ကိုယ်သူ ဓါးချက်ဖောင်းဟု အမည်ပေးထားသည်။

ထင်ကျော်ကလည်း ရိုက်နှက်ထိုးကြိတ်မှု၊ ပိုင်နက်ကျူးလွန်မှုနှင့် ထောင်ဒဏ်နှစ်နှစ်ခွဲကျခံပြီး ထွက်လာသူဖြစ်သည်။

သူ၏ရိုက်နှက်မှုကြောင့် တစ်ဖက်လူ ခေါင်းကွဲခြေကျိုးဖြစ်သွား၍ ဆေးရုံမှာ လနှင့်ချီပြီး ကုသခဲ့ရသည်။

သို့ကြောင့် ထင်ကျော်ထောင်က ထွက်တော့ လက်မရွံ့ထင်ကျော်ဟု အမည်တွင်ခဲ့သည်။

ထောင်ကထွက်လာပြီးမှ ကောင်းတာဆို၍ တစ်ခုမှမလုပ်ခဲ့၊ နှစ်ယောက်ပေါင်းပြီး လက်ပံလှရွာမှာ လူမိုက်လုပ်နေခဲ့သည်။

လစ်လျှင်ယူသည်။ လွယ်လျှင် ခိုးသည်။ ခိုးဆိုးလုယက်ရမည်ဆိုလည်း နောက်မတွန့်၊ ရိုက်နှက်ရမှာလည်း ဝန်မလေး။ သို့ကြောင့် တစ်ရွာလုံးက သူတို့နှစ်ယောက်ကို ရှောင်နေလုံးနေကြသည်။

ယခု မင်းရွာ၏ ရွာအစွန်၌ရှိသော ခြေတံရှည်အိမ်ကြီးမှာ



ရှေးဟောင်းပစ္စည်းတွေ ရှိသည်ဟု သတင်းရခဲ့သည့်အတွက် နှစ်ယောက်သား တိုင်ပင်ပြီး ရွာထဲလမ်းမှ မလာဘဲ ရေလမ်းက လာခဲ့ခြင်းဖြစ်သည်။

ထိုအိမ်ကြီးမှာ အသက်(၇၀)ခန့်ရှိ အဖွားကြီးတစ်ယောက်တည်း နေသည်ဟု သိရသည်။

ယခင်က ဤအိမ်ကြီးကို လယ်ပိုင်ရှင်သူဌေးကြီးတစ်ဦးက ပိုင်ခဲ့သည်။ ထိုသူဌေးကြီးက မျိုးရိုးစဉ်ဆက် ချမ်းသာလာသူဖြစ်ပြီး မှူးကြီးမတ်ရာ အနွယ်တော်များဟုလည်း ဆိုသည်။

အဖိုးကြီးနာမည်က ဦးသာလှိုင်၊ အဖွားကြီးအမည်က ဒေါ်ဇာဖြစ်သည်။

ရွာသူရွာသားတို့က ဒေါ်ဇာအား စုန်းမဒေါ်အိုဇာဟု ကွယ်ရာမှာ ခေါ်ကြသည်။

ဦးသာလှိုင်က လွန်ခဲ့သော ငါးနှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီး အိမ်မှာ သားသမီးမရှိ၊ အဖွားကြီးတစ်ယောက်သာ ကျန်ခဲ့သည်။

အဖွားကြီးကို ရွာသားများက ပညာသည်ကဝေမကြီးဟု အထင်ရှိကာ အိမ်အနီးအနားကပင် ဖြတ်သွားဖြတ်လာ မလုပ်ကြ။

အဖွားကြီးက ည ညဆိုလျှင် လေသာဆောင်မှာ ထွက်ရပ်၍ ဆံပင်ဖားလျားချကာ လက်ကြီးနှစ်ဖက်ဆန့်တန်းပြီး နာရီဝက်မျှပေ။

www.burmeseclassic.com

ရပ်နေသည်ကို ရွာသားတို့ ကြုံကြ မြင်ကြရသည်။

ထိုအပြုအမူကို မြင်ရဖန်များ၍ စုန်းမကြီးဟု ရွာသားတို့က ပိုမို ယုံကြည်သွားခဲ့သည်။

သူတို့လှေက ရွာနားသို့ မရောက်ခင် မင်းရွာသချိုင်းနားက လှေကို ဖြတ်သွားရပေဦးမည်။

လက်ပံလှနှင့် မင်းရွာက တစ်ရွာနှင့်တစ်ရွာ နှစ်မိုင်မျှသာ ဝေးသည်။

ခဏနေတော့ သချိုင်းနားသို့ လှေက ရောက်လာသည်။ ပတ်ဝန်းကျင်မှာ ပိုးကောင်မွှားကောင်များ၊ ပုရစ်အော်သံများသာ စူးစူးဝါးဝါး ထွက်ပေါ်နေသည်။

သူတို့ သချိုင်းနား သစ်ပင်ချုံပုတ်များအနီး လှေကို လှော်ခတ်စဉ် သစ်ပင်များပေါ်မှ ညည့်ငှက်တစ်ချို့ ထပျံလိုက်သည်ကို လူမိုက်နှစ်ယောက် မြင်လိုက်သည်။

သူတို့နှစ်ယောက်မှာ လက်မရှံ့ဆရာကြီးအဖြစ် ခံယူထားသူ ဖြစ်သည်။

ငါးချက်ဖောင်းက တပည့်အဖြစ် လက်တွဲအတူလုပ်ကိုင်ခဲ့သည်။

**ရိုး ... ဖလစ် ... ဖလစ်**

မိတ်ဆွေစာပေ



"ဟာ ... သောက်လင်းစွဲကလည်း မျက်နှာနားက ဖြတ်ပျံသွားတယ်"

လင်းစွဲက လက်မရှံ့ထင်ကျော်မျက်နှာနားကပ်၍ ဝှီးခနဲ ပျံသွားသည်။

"ဟာ ... ကိုထင်ကျော် ... ဟိုမှာ ... ဟိုမှာ"

"ဘာလဲကွ ချက်ဖောင်း၊ မင်းဟာက အလန့်တကြား"

"ဟိုမှာ ... ကမ်းစပ်က ဂူဘေးမှာ ဆံပင်ဖားလျားချပြီး ရပ်နေတဲ့ သ ... သ ... ရဲ ... မကြီး"

"ဟာ ... မဟုတ်သေးပါဘူး၊ ဘာသရဲမှ ... ငါမမြင်ရဘူး"

"ရှိတယ် ... ရပ်နေတာ မြင်ရတယ်"

"ရှိရှိကွာ ... သူလည်း သူ့နေရာရောက်လို့ ခြောက်တာ၊ ငါတို့ သွားစရာရှိတာ သွားရမယ် ... မင်းက ကြောက်တတ်မှန်းသိလို့ ... မင်းကိုမှ ရွေးခြောက်တာ"

"ငါတော့ ဘာသရဲမမှ မမြင်ဘူး"

"ရှိပါတယ်ဆို ... ဟိုမှာ ပါးစပ်ကြီး ဖြဲပြနေတယ်"

လက်မရှံ့က ပြန်ပြောမနေတော့ဘဲ လှေကို အားစိုက်လှော်နေသည်။

ရှေ့ကလှော်နေသော ချက်ဖောင်း ခေါင်းကို ရှေ့သို့

မိတ်ဆွေစာပေ

www.burmeseclassic.com

နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် လော်နေသည်။

"ဟော့ကောင်၊ ရှေ့ကိုပဲကြည့်ပြီး လော်ပါကွ၊ မင်းသရဲမကို မြင်သေးလို့လား"

"မမြင်တော့ဘူး၊ ကျန်ခဲ့ပြီ"

"ဒါဆိုလည်း မြန်မြန်သာလော်၊ အဖွားကြီးအိမ်က ကမ်းနဲ့ တစ်စပ်တည်း ပစ္စည်းယူ လှေပေါ်တင်ပြီး ပြန်ထွက်လာရုံပဲ"

"အဖွားကြီးက စုန်းမကြီးလို့ပြောတယ်"

"အဖွားကြီးက အများထင်သလို စုန်းမကြီး မဟုတ်ပါဘူးလို့ ငါပြောပြီးပြီပဲ၊ သူ့ပစ္စည်းတွေ လာမယူအောင်လို့ စုန်းမကို ဟန်ဆောင်နေတာ၊ ငါ စုံစမ်းသိပြီးပြီ၊

စုန်းမကြီးဖြစ်လည်း ဘာမှုစရာ လိုလို့လဲ၊ စုန်းမထက် ကိုယ်က လက်ဦးမှု ယူနိုင်ဖို့ပဲ အရေးကြီးတယ်"

ခဏနေတော့ အမှောင်ထဲမှာ မင်းရွာထိပ်မှ အိမ်ကြီးကို ကောင်းကင်ပြာပြာ နောက်ခံ၌ လှမ်းမြင်လိုက်သည်။

မကြာခင် ထိုအိမ်ကြီးအနီးသို့ ရောက်သွားသည်။

လှေကို မြံအစပ်မှာရပ်ပြီး ကုန်းပေါ်တက်လိုက်သည်။ လှေဦးမှ ကြိုးကို ချုံပင်တစ်ပင်မှာ ချည်ပြီး အိမ်ကြီးဆီသို့ လျှောက်ခဲ့ကြသည်။





အိမ်ကြီးနှင့် ချောင်းစပ်က ပေငါးဆယ်ခန့်သာ ဝေးသည်။ လှေကားမှနေ၍ ခြေသံမကြားအောင် တက်လာခဲ့သည်။ အိမ်ရှေ့လှေကားမှနေ၍ ခြေသံမကြားအောင် တက်လာခဲ့သည်။

အိမ်ရှေ့တံခါးကို တွန်းကြည့်သည်။

တုတ်တုတ်မျှ မလှုပ်။

လက်မရှံ့က အောက်ပြန်ဆင်းရန် လက်ပြလိုက်သဖြင့် ချက်ဖောင်းတို့ အိမ်အောက်သို့ ပြန်ဆင်းခဲ့ကြသည်။

လက်မရှံ့က လေသံတိုးတိုးနှင့် ...

"အိမ်နောက်ဘက် ရေကာပြင်လှေကားက တက်ကြမယ်။ အိမ်ရှေ့တံခါးတွေက အရမ်းခိုင်တယ် မဖြစ်ဘူး"

သို့ဖြင့် နောက်ဘက်ရေကာပြင်မှနေ၍ တက်ကာ တံခါးများကို စစ်ဆေးကြည့်သည်။

သူတို့ ကံကောင်းသွားသည်။

တံခါးမှာ သစ်သားတစ်ချောင်းဆွဲပြီး ကျိုးနေသည်ကို တွေ့လိုက်ကြသည်။

သို့ကြောင့် ထိုသစ်သားအဆွေးအပျက်ကို ဘေးသို့ဆွဲဖယ်ပြီး လက်နှိုက်ကာ ဂျက်ကို ဖြုတ်လိုက်သည်။



www.burmeseclassic.com

တံခါးအလွယ်တကူ ပွင့်သွားသည်။

"ဟူး ... ဒီလိုကျတော့လည်း လွယ်လိုက်တာ"

ဓါတ်မီးအသေးလေး တစ်ယောက်တစ်လက်နှင့် အိမ်အတွင်း ဝင်ခဲ့ကြသည်။

"ဘုရားခန်းကို အရင်ဝင်ကြမလား"

"မဝင်သေးဘူး၊ အဖွားကြီး ဘယ်အခန်းမှာ ရှိနေလဲဆိုတာ ကြည့်ထားရဦးမယ်"

လက်မရှံ့ထင်ကျော်လည်း အိပ်ခန်းဟုထင်ရသော အခန်းဝသို့ သွားရပ်လိုက်စဉ် ...

"ဟဲ့ ... ဘယ်သူတွေလဲ"

"ဟာ ... အဖွားကြီး မအိပ်သေးဘူး"

"ကဲ ... ခင်ဗျားကြီး၊ ပါးစပ်ပိတ် ... မနာချင်ရင် အခု အပြင်ထွက်"

"မင်း ... မင်းတို့ ငါ့အသက်ကို ချမ်းသာပေးပါ"

"ခင်ဗျားကြီး ပါးစပ်ပိတ်ထား"

"လာ ... ဒီမှာထိုင်နေ"

ကုလားထိုင်တစ်လုံး ဆွဲယူပေးလိုက်သဖြင့် အဖွားအိုက ကုလားထိုင်ပေါ် ထိုင်လိုက်သည်။ အဖွားကြီးပုံက ကြောက်ကြောက်





လန့်လန့် ဖြစ်နေသဖြင့် စုန်းမကြီးမဟုတ်မှန်း သေချာသွားသည်။

"ကျုပ်ကို ဒီအိမ်ထဲမှာ လိုချင်တာရှာယူမယ်၊ ဘာမှ အနှောင့် အယှက် မပေးရင် ခင်ဗျားကို ဘာမှ မလုပ်ဘူး။ အော်မယ် ဟစ်မယ်ဆိုရင် ... သေပြီသာမှတ်"

ထင်ကျော်နှင့် ချက်ဖောင်းတို့လည်း အခန်းတွင်းရှိ ရှေးဟောင်း ကျွန်းဘီဒိုကြီးများကို ဖွင့်လိုက်သည်။

"ဟာရွှေထည်ပစ္စည်းတွေပါလား၊ ဟုတ်မှ ဟုတ်ရဲ့လား"

မြင်လိုက်ရသည်က ရွှေလင်ဗန်းများ၊ ရွှေပန်းကန်များ၊ ရွှေဇွန်း များ၊ ရွှေခွက်များ၊ ရွှေဖလားများ ...

ထမင်းတစ်ဝိုင်းစာ အစုံအလင်ရှိသည်။

မနောလင်ဗန်းကြီးကလည်း ရွှေရောင်ဝင်းအိနေသလို အနား ပတ်လည် ကနုတ်ပန်းများ ဖော်ထားသည်။ အချို့ ပန်းကန် ပတ်ပတ်လည်မှာ ကျောက်နီပတ္တမြားများ မြှုပ်သွင်းထားသည်။

ဆာလာအိတ်အတွင်း တွေ့သမျှ အဖိုးတန်ပစ္စည်းများကို ကောက်ထည့်နေသည်။

ဆရာတပည့်နှစ်ယောက် အဖိုးတန်ပစ္စည်းများ များပြားစွာ တွေ့ရခြင်းကြောင့် အပျော်လွန်ကာ ပတ်ဝန်းကျင်ကို အမှတ်တမဲ့ ဖြစ်သွားစဉ် ...



www.burmeseclassic.com

**ဗွစ်**

**ဗိုအား**

အိတ်ကိုင်ပေးနေသော ချက်ဖောင်းခေါင်းကို မာကျောသော ပစ္စည်းတစ်ခုနှင့် အလုခံလိုက်ရသည်။

"ဟာ ... ဒီအဖွားကြီး ... သတ်ပစ်တာ ကောင်းတယ်"

**ဖောင်း**

ပစ္စည်းများကောက်ထည့်နေသော လက်မရှိ့ထင်ကျော်က အဖွားကြီးကို ရုတ်တရက် ထပြီး လက်ပြန်ရိုက်ပစ်လိုက်သည်။

အဖွားကြီး လဲကျသွားသည်။

ထို့နောက် အဖွားကြီးအား လည်ပင်းညှစ်ပြီး သတ်ပစ်လိုက်တော့သည်။

"ဟာ ... ကိုထင်ကျော် ဘာဖြစ်လို့ ... သတ်လိုက်တာလဲ၊ ကျွန်တော်တို့ ခိုးမှုအပြင် လူသတ်မှုပါ ထပ်တိုးနေပြီ"

"သူ့ကို မသတ်ရင် ငါတို့ကို သူက ပြန်သတ်မှာ၊ ဒီပစ္စည်းတွေကို လွယ်လွယ်နဲ့ ဘယ်လိုလူမျိုးက ပေးချင်မှာလဲ၊

အခုလို လုပ်ပစ်လိုက်မှ စိတ်ချရမှာ"

"ကဲ ... စကားမရှည်နဲ့၊ အခန်းတွေ အနှံ့လိုက်ရှာကြမယ်"





ထိုစဉ် ငါးဆိုဖယောင်းပိုင်ကြီး တွေ့သဖြင့် မီးထွန်းလိုက်သည်။

"ဒါမှ လင်းလင်းထင်းထင်း မြင်ရမှာ"

ညှော့ခန်းမှာ ဘီဒိုနှစ်လုံးရှိသည့်အနက် တစ်လုံးမှာ ရွှေထည်များဖြစ်ပြီး တစ်လုံးက ကြွေထည်များ ဖြစ်သည်။

"အဖွားကြီးရဲ့ အိပ်ခန်းထဲ ဝင်ရှာကြမယ်"

အိပ်ခန်းအတွင်း နှစ်ယောက်သား ဝင်ခဲ့ကြသည်။

အဖွားကြီးခေါင်းအုံးဘေးမှာ အလျားတစ်ပေ၊ အနံရှစ်လက်မ၊ အမြင့် ခြောက်လက်မခန့်ရှိသည့် ကျွန်းသေတ္တာလေးကို တွေ့လိုက်ရသည်။

သော့ကို ဖျက်ပြီး ဖွင့်ကြည့်လိုက်သည်။

"ဟာ ... မနည်းမနောပါလား"

ကျွန်းသေတ္တာအထဲတွင် ကျောက်မျိုးစုံနှင့် စီခြယ်ထားသော ငွေထည်ပစ္စည်းများ၊ ဆွဲကြိုးများ၊ လက်ကောက်များ၊ ရွှေဘီး၊ ရွှေခြေကျင်း၊ ရွှေဆံထိုး သေတ္တာလေးတစ်ဝက်သာသာခန့် တွေ့လိုက်ရသည်။

"ဟာ ... တို့တော့ ဒီတစ်သက် ချမ်းသာပြီ"

"အိပ်ခန်းထဲ အနှံ့ရှာတော့ ငွေအကြွေအချို့သာ တွေ့ပြီး အခြားတန်ဖိုးကြီးပစ္စည်းများ ထပ်မတွေ့ရချေ။



www.burmeseclassic.com

သို့ဖြင့် ဘုရားခန်းဘက်သို့ ထွက်လာခဲ့သည်။

ထိုစဉ် ချက်ဖောင်းအား နောက်မှ ဆွဲလိုက်သည်ကို ခံစားလိုက်ရသဖြင့် နောက်လှည့်ကြည့်မိစဉ် …

"ဟာ … အဖွားကြီး"

"သ … သ … သရဲမကြီး"

ချက်ဖောင်းမြင်လိုက်ရသည်က ဒေါ်အိုဇာ အဖွားကြီး ပါးစပ်ဖြဲ၍ မျက်လုံးကြီးပြူးကာ သူ့လက်ကို ဆွဲထားပြီး ခြောက်လှန့်နေသည်။

"ဟာ … ဟောကောင်၊ ဘာရယ်လုပ်နေတာလဲ"

"သ … သ … သရဲမကြီး … အခန်းဝကနေ လှမ်းဆွဲထားလို့"

"မင်းကွာ၊ သရဲမရှိဘဲ … သရဲခြောက်တယ် လုပ်နေတယ်"

"ဟုတ်တယ် သရဲရှိတယ်"

လက်မရှိ အနားရောက်လာပြီး ချက်ဖောင်းပတ်လည် လှည့်ပြနေသည်။

"ဘယ်မှာလဲ သရဲ … လာစမ်းပါကွာ"

"ခင်ဗျားတကယ် မမြင်ဘူးလား"

"သရဲမရှိလို့ မမြင်တာပေါ့"





"မင်းက အလကားနေ စိတ်ကူးယဉ်ပြီး သရဲခြောက်တယ် လုပ်နေတာ၊ မင်းစိတ်က မင်းကို ပြန်ခြောက်နေတာ"

သူတို့ ဘုရားခန်းထဲ ရောက်ခဲ့သည်။

"ဟာ … ဟိုမှာ ဘီဒိုတစ်လုံး"

မှန်ဘီဒိုဖြစ်သဖြင့်အထဲမှ ပစ္စည်းများကို မြင်နေရသည်။

"ဟာ … ဘီဒိုထဲမှာ ရွှေထည်ပစ္စည်းတွေ ရှိသေးတယ်"

"ဆင်းတုတော်ကလည်း ရွှေနဲ့ထုထားတာဖြစ်မယ်၊ ရွှေရောင်ကို ဝင်းအိနေတာပဲ"

အောက်ခံပလ္လင်မှာ သက္ကရာဇ်ရေးထိုးထားသည်။ (၁၈၄၂) ယခု (၁၉၇၀)ဆိုတော့ နှစ်ပေါင်း ၁၃၀ နီးပါးက ထုလုပ်ခဲ့သော ရှေးဟောင်းဆင်းတုဖြစ်ကြောင်း လက်မရှိ သိသွားသည်။

ဘီဒိုကို ဖွင့်လိုက်သည်။ အထဲမှာ ရွှေကွမ်းအစ်၊ ငွေကွမ်းအစ်၊ ရွှေပန်းတောင်း၊ ငွေပန်းတောင်းများကိုလည်း တွေ့ရသည်။

ထို့ပြင် ရွှေပုရပိုဒ်လိုလို၊ ရွှေရောင်အချပ်ငါးချပ်ကို ကတ္တီပါစနှင့် ပတ်ထားသည်ကို တွေ့ရသည်။

စာချွန်တော်ထည့်သည့် ဘူးတစ်ခုကိုပါ တွေ့၍ ဆွဲယူလိုက်ကာ အဖုံးကို ဖွင့်ကြည့်လိုက်သည်။

အထဲမှာ ရွှေပြားဖြင့် ရေးသားချိုးမြှင့်ထားသော ဘွဲ့တံဆိပ်ကို



www.burmeseclassic.com

တွေ့လိုက်၍ ဖတ်ကြည့်လိုက်သည်။

ရွှေပြားပေါ်တွင် အမတ်ကြီးမဟာသီရိဇေယျာဘွဲ့အမည်နာမဖြင့် သူကောင်းပြုသည်။ (၁၈၅၀)ပုဂံမင်းဟု ပါရှိသည်။

ဤအိမ်ကြီးရှင်မိသားစု ဘိုးဘေးဘီဘင် တစ်ဦးဦးသည် ဘုရင်သူကောင်းပြုခံရသော အမတ်ကြီးဖြစ်ကြောင်း သိလိုက်ကြရသည်။

"အင်း မင်းပေါက် စိုးပေါက်ဆိုတော့ ဒီလောက် ချမ်းသာတာပေါ့။ ရွှေစဉ်မျိုးဆက် အလှထား ဂုဏ်ယူပြီး ထိန်းသိမ်းလာတဲ့ ရှေးဟောင်းပစ္စည်းတွေ ဘာမှ မချန်နဲ့။ အိတ်ထဲ အကုန်သာထည့်"

အိတ်နှစ်လုံးအပြည့်မျှ ထည့်ပြီးပြီ၊ ဖယောင်းတိုင်ကို မီးမှုတ်လိုက်သည်။

"ကဲ … ပြန်ကြမယ်"

နှစ်ယောက်သား တစ်ယောက်တစ်အိတ်စီ ထမ်း၍ အိမ်အောက်ပြန်ဆင်းရန် ရေကပြင်သို့ ထွက်ခဲ့သည်။

"ဟာ မေ့တော့မလို့"

"ဘာမေ့တာလဲ … ကိုထင်ကျော်"

"ရော့ ဓါတ်မီးယူသွား … ရွှေဆင်းတုကို သွားယူခဲ့"

"ဟာ … ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းတွေ ရပြီးမှ





… ရွှေဆင်းတုတော်ကို မယူပါနဲ့၊ ရဲကြီးနေပါ့မယ်"

"ဟေ့ကောင် … ချက်ဖောင်း၊ သူခိုးလုပ်ပြီး ရဲကျမှာကြောက်နေရသေးတယ်။ သွားယူကွာ၊ ထားခဲ့လို့ ဘယ်ဖြစ်မလဲ … နှမြောစရာကြီး"

"အဖွားကြီးအလောင်း အခန်းထဲမှာရှိတယ် …၊ ကျုပ်ကြောက်တယ်"

"သေတဲ့လူက ဘာမှ မလုပ်နိုင်တော့ပါဘူး၊ သွားပါ အချိန်ကြာတယ်"

"အဲဒီဖြင့် ခင်ဗျား … ဒီနားကပဲစောင့်၊ ကျုပ်သွားဝင်ယူလိုက်မယ်"

ချက်ဖောင်းလည်း ဘုရားခန်းသို့ ဓာတ်မီးထိုးပြီး ဝင်သွားသည်။

ခဏနေတော့ ဘုရားခန်းထဲ ရောက်သွားသည်။

ဓာတ်မီးကို ဘေးချပြီး။ လက်အုပ်ချီလိုက်သည်။

"ခွင့်လွှတ်တော်မူပါဘုရား"

ဉာဏ်တော် တစ်တောင်ခန့်သာရှိသော ရွှေဆင်းတုကို ပင့်ပြီး …ာက်သို့အလှည့်

ဆက်ရန်


www.burmeseclassic.com

ဖေါ်အိုဇာကြီးက ပါးစပ်ကြီးဖြဲပြီး မျက်လုံးနီနီကြီးနှင့် နောက်မှာ ရပ်နေသည်။

"ကြောက် ... ကြောက်ပါပြီ ... မခြောက်ပါနဲ့"

ဆင်းတုတော်ကို လက်ကကိုင်ပြီး ဖင်ထိုက်ရက် နောက်သို့ လဲကျသွားသည်။

"နင် ... ကို ... ငါ ... သတ်မယ်"

တုန်တုန်ရီရီ ... ဩဩ ... အသံကြီးနှင့် လက်ကြီးနှစ်ဘက် ရှေ့သို့ တန်းလာသည်။

"မ ... မ ... လုပ်ပါနဲ့၊ ကြောက်ပါပြီ"

ထိုစဉ် ထင်ကျော် ရောက်လာပြီး ချက်ဖောင်းအား ဆွဲထူ လိုက်သည်။

"မင်း ... ဘာဖြစ်နေတာလဲ"

"အဖွားကြီး ... သရဲ ... လာပြီး ခြောက်နေလို့"

"ငါ ... ဝင်လာတာ၊ ဘာ ... သရဲမှ မရှိဘူး။ မင်းပဲ ကြံဖန် ကြောက်နေတယ်၊ မင်းလက်ထဲက ဆင်းတု ငါ့ပေး ... ငါယူသွားမယ် ... မင်း ဓာတ်မီးယူခဲ့"

လက်မရှိ့ရောက်လာသော သရဲမကြီး ရုတ်တရက် ပျောက် သွားသည်။

မိတ်ဆွေစာပေ



ချက်ဖောင်းကလည်း အကြောက်ပြေသွားသည်။

ချက်ဖောင်းဓာတ်မီးထိုးပြရင်း နောက်မှ လိုက်လာခဲ့သည်။ ချက်ဖောင်းဦးနှောက်ချောက်ချင်သလို ဖြစ်နေသည်။

သူက သရဲခြောက်တိုင်း မြင်နေရပြီး လက်မရှိ့က ဘာကြောင့် သရဲမမြင်ရတာလည်း စဉ်းစားမရ ဖြစ်နေသည်။

အတွေးကို ကြာကြာ မတွေးနိုင်ဘဲ လက်မရှိ့ကို မှီအောင် လိုက်ခဲ့ရသည်။

ရေကပြင်မှာ ချထားသော ပစ္စည်းများ ထည့်သည့် အိတ် နှစ်လုံးမှ တစ်ယောက်တစ်အိတ်ထမ်းကာ အိမ်အောက်သို့ ဆင်းခဲ့ သည်။

ထို့နောက် လှေပေါ်သို့ တင်ကာ ရွာသို့ ပြန်လှော်လာခဲ့ သည်။

သချိုင်းသို့ ဖြတ်ရဦးမည်။ လေတစ်ချက်အဝေ့မှာ သချိုင်း အတွင်း ပေါက်ရောက်နေသော သစ်ပင်မည်းမည်းကြီးများက တစ္ဆေ ကောင်ကြီးများ လှုပ်ရှားနေသည်ဟုပင် ချက်ဖောင်းစိတ်ထဲ အတွေး ရောက်မိသည်။

မင်းရွာဆီမှ ... ခွေးအူသံကြီးက သန်းခေါင်ယံညမှာ ချောက်ချားဖွယ် ထွက်ပေါ်လာသည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

**ဝုန်း**

ကောင်းကင်မှ ငှက်ဆိုးတစ်ကောင်က သူတို့လှေအထက်မှ ဂူးဂူးဝါးဝါး အော်ဟစ်သွားသေးသည်။

"ဟော့ကောင် ချက်ဖောင်း၊ မင်းရဲ့မျက်လုံးနှစ်လုံး ရှေ့ကိုပဲ ကြည့်၊ တောင်ကြည့် မြောက်ကြည့် လုပ်မနေနဲ့၊

တော်ကြာ သရဲမြင်တယ်ဆိုပြီး လျှောက်အော်နေဦးမယ်"

"မြင်လို့ အော်တာပါ၊ မမြင်ရင် မအော်ပါဘူး"

"မမြင်အောင် ... မကြည့်နဲ့လို့ ပြောတာ"

သူတို့ အချီအချ ပြောလာစဉ် လှေက သချိုင်းဘေးသို့ ရောက်လာခဲ့သည်။ ထိုစဉ် ...

"ဟာ ... ဟာ၊ ဘယ်လိုဖြစ်တာလဲ"

လှေကို တစ်ယောက်ယောက် ဆွဲလိုက်သကဲ့သို့ လှေဦးက သချိုင်းဘက် ဦးလှည့်သွားသည်။

"ဟာ ... ဟာ ... မလုပ်နဲ့၊ မလုပ်နဲ့"

ချက်ဖောင်းက တုန်တုန်ရီရီနှင့်

"သ ... သ ... ရဲ ... ဆွဲတာပဲ ... သ ... သရဲ"

လှေက သချိုင်းဘက်သို့ လှည့်သွားရုံမကဘဲ သချိုင်းဘေး ကုန်းစပ်အထိပင် ဆွဲယူခြင်း ခံနေရသည်။





အကောင်အထည်မမြင်ရဘဲ လှေဦးက ကမ်းစပ်ထိ သွားသည်နှင့် လှေဦးကို တစ်ယောက်ယောက်က ဆွဲမထောင်လိုက်သကဲ့သို့ ဖြစ်ပြီး ချက်ဖောင်းနှင့် ထင်ကျော်တို့ လှေပေါ်မှ ရေထဲသို့ နောက်ပြန်ကျကုန်သည်။

ချက်ဖောင်းနှင့် ထင်ကျော်တို့လည်း ပစ္စည်းထည့်သော အိတ်နှစ်အိတ်ကို ပြန်မယူနိုင်သေးဘဲ ရေမနစ်ရန် ကြိုးစားပြီး ကမ်းပေါ်သို့ ကုတ်ဖက်တက်လိုက်သည်။

ကမ်းပေါ်သို့ ကုတ်ဖက်အတက် မှောက်လျက်အနေအထား ဖြစ်နေသော သူတို့နှစ်ယောက်၏မျက်နှာရှေ့မှာ ခြေထောက်ကြီး နှစ်ချောင်းကို တွေ့လိုက်ကြသည်။

ခြေထောက်မှသည် အပေါ်သို့ တဖြည်းဖြည်း မော့ကြည့်လိုက်ရာ ...

**ဘု မယ် လေး**

"သ ... သ ... ရဲ ... မကြီး"

သည်တစ်ကြိမ်တော့ ချက်ဖောင်းအပြင် ထင်ကျော်ပါ သရဲမကြီးကို မြင်လိုက်တော့သည်။

"မင်းတို့က အဝိစိကို ဇောက်ထိုးကျမယ့်ကောင်တွေ ပစ္စည်း တင်မကဘူး ... လူလည်း သတ်တယ်၊ ဘုရားဆင်းတုတော်ပါ



www.burmeseclassic.com

နိုးတယ် ... ငါ ... ခွင့်မလွှတ်ပါ”

“အား ... ကြောက်ပါပြီ၊ ကြောက်ပါပြီ ... နောက်ကို မလုပ်တော့ပါဘူး”

“ဟော့ကောင် ချက်ဖောင်း၊ မင်းပါးစပ်ပိတ်”

“မင်းတို့ကို ငါ ဘာမှ မလုပ်ဘူး၊ ဒါပေမဲ့ ငါမင်းတို့ကို ပြန်မလွှတ်ဘူး ... ငါ့နာမည်မှတ်ထား သချိုင်းတို့ရဲ့ အရှင်သခင် ... မဖဲဝါတဲ့”

မဖဲဝါဆိုသော သရဲမကြီးက လက်ညှိုးနှင့် တစ်နေရာသို့ ထိုးလိုက်သည်။

သစ်ပင်ကြီးပေါ်မှ နွယ်ကြိုးတစ်ချောင်းက ရှည်ထွက်လာသည်။

ထွက်ပြေးရန် ပြင်နေသော ထင်ကျော်နှင့် ချက်ဖောင်းတို့၏ ခန္ဓာကိုယ်အား နွယ်ကြိုးကြီးက ရစ်ပတ်ချည်နှောင်နေသည်။

ထို့နောက် မဖဲဝါက လက်ညှိုးကို သစ်ပင်ကြီးအရင်းဆီသို့ ထိုးလိုက်ပြန်သည်။

နွယ်ကြိုးကြီးက သစ်ပင်ကြီးပင်စည်ကို ရစ်ပတ်နေသည်။ ကြိုးက တဖြည်းဖြည်းတိုကာ တင်းလာသည်။

ထိုအခါ ချက်ဖောင်းနှင့် ထင်ကျော်တို့ကို သစ်ပင်ကြီးဆီသို့ ဆွဲယူခြင်း ခံလိုက်ရပြန်သည်။





သို့ကြောင့် သစ်ပင်နှင့် သူတို့နှစ်ယောက်အား ကပ်ချည်သကဲ့သို့ ဖြစ်သွားသည်။

ချက်ဖောင်းနှင့် ထင်ကျော်တို့ အားကုန်ရုန်းကြည့်သည်။ နည်းနည်းမှ လျော့မသွား၊ ရုန်းလေ တင်းလေဖြစ်သဖြင့် ရုန်းရန် မကြိုးစားတော့။

သစ်ပင်အောက်မှာ အေးအေးဆေးဆေး နေကြဦး၊ ငါ ... မင်းရွာနဲ့ လက်ပံလှရွာကို သွားစရာ ရှိသေးတယ်”

“ကျွန်တော်တို့ကို လွှတ်ပေးပါ၊ နောက်မလုပ်တော့ပါဘူး”

“ဟား ... တား ... ဟား ... ငါ စားပြသွားတိုက်လိုက်ဦးမယ်”

မဖဲဝါဆိုသော သရဲမကြီးက ထူးထူးဆန်းဆန်း စကားတွေ ပြောပြီး ပျောက်သွားသည်။

ထိုအချိန်က ညတစ်နာရီကျော်ရုံသာ ရှိသေးသည်။ ချက်ဖောင်းနှင့် ထင်ကျော်တို့လည်း မည်ကဲ့သို့မှ ရုန်းကန်၍ မရမှန်းသိတော့ စိတ်လျှော့နေလိုက်တော့သည်။

မကြာခင် နှစ်ယောက်သား အိပ်ပျော်သလို ဖြစ်သွားတော့သည်။

မနက်လေးနာရီခန့် လက်ပံလှရွာ ဦးစိုးမြိုင်အိမ်မှာ ချက်ဖောင်း



www.burmeseclassic.com

နှင့် ထင်ကျော်တို့ ဓားပြတက်တိုက်သွားသည်။

မည်သည့်ပစ္စည်းမှ မယူဘဲ ဦးစိုးမြိုင်ဇနီး၏ ဆွဲကြိုးတစ်ကုံးသာ ယူသွားသည်။

“မကျေနပ်ရင် ရဲတိုင်၊ ငါတို့ မင်းရွာသချိုင်းထဲမှာ ရှိတယ်၊ ဘယ်မှ မသွားဘူး”

ထိုကဲ့သို့ စိမ်ခေါ်စကား ပြောသွားပြီး အိမ်ပေါ်မှ ဆင်းသွားကြသည်။

ထို့နောက် လက်ပံလှသူကြီးအိမ်သို့ဝင်ပြီး ဓားပြတိုက်ပြန်သည်။

သူကြီးက ရပ်ကွက်ကိစ္စတိုင်စရာရှိသည် ထင်၍ တံခါးဖွင့်ပေးလိုက်သည်။

တံခါးကြားက ချက်ဖောင်းနှင့် ထင်ကျော်တို့ ဝင်လာသည်။ ခါးထောက်ကာ သူကြီးမိန်းမလည်ပင်းမှာ ဆွဲထားသော ဆွဲကြိုးကို ချွတ်ခိုင်းလိုက်သည်။

“မကျေနပ်ရင် မင်းရွာသချိုင်းကို လိုက်ခဲ့၊ ကျုပ်တို့ တစ်နေ့လုံး ထိုင်စောင့်နေမယ်”

လက်ပံလှရွာမှ အိမ်နှစ်အိမ်ကို ချက်ဖောင်းနှင့် ထင်ကျော်တို့ ဓားပြဝင်တိုက်သွားရုံမက ရွာသားတွေကိုပါ စိန်ခေါ်သွားသေးသည်။





ဓားပြတိုက်တတ်သည့်အချိန် မဟုတ်၍ တံခါးဖွင့်ပေးမိခြင်းဖြစ်သည်။

ဓားပြအတိုက်ခံလိုက်ရသော အိမ်နှစ်အိမ် ဆုံးမိသွားသည်။ ပစ္စည်းများယူသွားသည်က မပြောပလောက်။

သူတို့အတွက် ဘာမှ မထိခိုက်၊ ဒါပေမဲ့ သူတို့ပြောသွားသော စကားကို ရွာသားတို့ မခံနိုင်။

မင်းရွာသချိုင်းထဲက တစ်နေ့လုံး စောင့်နေမည်တဲ့၊ ရဲတိုင်လည်း မကြောက်ဟု ပြောသွားသည်။

သို့ကြောင့် ဓားပြတိုက်ခံရသော ရွာသားတို့ စုပေါင်းပြီး ရဲစခန်းသို့ သွားတိုင်ကြတော့သည်။

ရဲစခန်းရောက်တော့ မင်းရွာလူကြီး ဦးမြတ်ခေါင် နှုတ်ခမ်းမွေးကြီးကားကားနှင့် ဒေါသတကြီး တိုင်တန်းနေသည်နှင့် ဆုံလိုက်သည်။

“လက်ပံလှရွာက လူမိုက်နှစ်ယောက် သူကြီးကို တိုင်စရာရှိလို့ တံခါးဖွင့်ပေးပါဦးဆိုတာနဲ့ အိမ်ထဲဝင် ခါးထောက်ပြီး ဓားပြတိုက်သွားတယ်၊

ကျုပ်ဇနီးရဲ့လည်ပင်းက ဆွဲကြိုးကိုဖြုတ်ပြီး ယူသွားတယ်။ မကျေနပ်ရင် ရဲတိုင်၊ မင်းရွာသချိုင်းထဲက စောင့်နေမယ်လို့ ကျုပ်ကို



www.burmeseclassic.com

စိန်ခေါ်သွားတယ်”

လက်ပံလှရွာသူကြီးက ရဲစခန်းကို ဘာကိစ္စနဲ့ လာကြတာလဲ၊ အခု ခင်များတို့ ရွာသားနှစ်ယောက် အိမ်ပေါ်တက်ပြီး စိန်ခေါ်သွားလို့၊ ခင်ဗျားကိုလည်း ကြံ့တုန်း တိုင်လိုက်တယ်။

ဟဲ ... ဟဲ၊ အကြောင်းအရာချင်းကတော့ တူနေပြီ၊ ဟို ချက်ဖောင်းနဲ့ ထင်ကျော်တို့ မနက်လေးနာရီလောက် ရွာထဲ ဝင်မွှေသွားလို့ ရဲစခန်းလာတိုက်ကြတာ။

ထိုအခါမှပင် စခန်းမှူးက လူကြီးတွေအား တိုင်ချက်ဖွင့်ခိုင်းသည်။

ထို့နောက် လက်ပံလှရွာနှင့် မင်းရွာမှ ရွာသားများနှင့် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ငါးယောက်တို့ မနက်ဆယ်နာရီခန့် မင်းရွာသချိုင်းသို့ ထွက်ခဲ့ကြသည်။

သချိုင်းဝန်းကျင်တွင် အုတ်ဂူများ၊ ချုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်ကြီးများနှင့် အုံ့ဆိုင်းနေသည်။

“သတိထားသွားကြ၊ ဒီကောင်တွေမှာ လက်နက်တွေ ရှိနိုင်တယ်”

“ဒီကောင်နှစ်ကောင်က သေနတ်ဆောင်တာ မဟုတ်ဘူး၊ ဓါးကိုင်ပြီး ပါးစပ်နဲ့ မိုက်ရိုင်းနေကြတာ”





“သတိတော့ ထားပေါ့ ... သူတို့က ပုန်းပြီး စောင့်ချင် တင့်နေမှာ”

“ချောင်းဘက်က သွားကြမယ်”

ခဏအတွင်းမှာပင် ရေထဲမှာ ထိုးထိုးထောင်ထောင် ဖြစ်နေ သော လှေဦးကို မြင်လိုက်သည်။

ပစ္စည်းများအလေးချိန်ကြောင့် ပဲ့ပိုင်းမြုပ်ပြီး ဦးပိုင်းထောင် နေခြင်းဖြစ်သည်။

လှေနေရာသို့ ရောက်လာကြသည်နှင့် သူတို့အားလုံး၏ မျက်လုံးများက သစ်ပင်ကြီးမှာ ကြိုးနှင့် ကပ်ချည်ခံထားရသော ချက်ဖောင်းနှင့် ထင်ကျော်တို့ကို တွေ့လိုက်သည်။

ထို့ပြင် သူတို့နှစ်ယောက်၏လည်ပင်းမှာ ဆွဲကြိုးနှစ်ကုံးစီ ဆွဲထားလျက် တွေ့လိုက်ရသည်။

ရဲတပ်ဖွဲ့ဝင်များ အနီးသို့ကပ်သွားသည်နှင့် ချက်ဖောင်း မိပ်ငိုက်နေရာက ခြေသံများကြား၍ ငိုက်နေရာက နိုးသွားကာ၊

“အမလေး ကြောက် ... ကြောက်ပါပြီ မဖဲဝါ၊ နောက်ကို မယူတော့ပါဘူး၊ လူလည်း မသတ်တော့ပါဘူး၊ မခြောက်ပါနဲ့ ... ကြောက် ... ကြောက်ပါပြီ”

“ဟီ ... ဟီ ... ဟီ ...”



www.burmeseclassic.com

“အဖွားကြီးအိမ်က ယူခဲ့တဲ့ ... ရွှေထည်တွေနဲ့ ဘုရား ဆင်းတုတော်လည်း ပြန်ပို့ပေးပါ့မယ်”

“ကြောက်ပါပြီ”

တစ်ဖက်ကို ချက်ဖောင်း လှည့်ကြည့်ပြန်တော့ သူတို့ သတ် ခဲ့သော အဖွားအိုကြီးကို ဒေါသတကြီး မျက်နှာကြီးနှင့် မြင်လိုက် သည်။

“အမလေး ... အဖွား ... အဖွား၊ ကျွန်တော် ကြောက် ပါပြီ၊ မခြောက်ပါနဲ့၊ အဖွားကို ကျွန်တော်သတ်တာ မဟုတ်ပါဘူး၊ ဒီလူသတ်တာပါ၊

ကျွန်တော်က ပစ္စည်းတွေပဲ ယူခဲ့တာပါ၊

ဒီလူ အဖွားကိုသတ်တာပါ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ အမေမဖဲဝါ ခွင့်လွှတ်ပါ၊

အမေ မဖဲဝါ ... နောက်ကို လူမိုက် မလုပ်တော့ပါဘူး၊ ကြောက်ပါပြီ”

“ဟေ့ကောင် ချက်ဖောင်း ဘာတွေ လျှောက်အော်နေတာလဲ၊ မင်းရှေ့မှာ ရပ်နေတာ မဖဲဝါလည်း မဟုတ်ဘူး၊ အဖွားကြီးလည်း မဟုတ်ဘူး”

“ဟုတ်တယ်၊ အမေမဖဲဝါ ... ကျုပ်တို့ မကောင်းတာ





လုပ်ခဲ့လို့ စိတ်ဆိုးပြီး ရပ်ကြည့်နေတာ၊ ခင်ဗျားသတ်ခဲ့တဲ့ အဖွား ကြီးလည်း အမေမဖဲဝါနဲ့အတူ ရပ်နေတယ်”

“မင်းကွာ ... ဘာတွေ လျှောက်အော်နေတာလဲ”

“ကဲ ... ကဲ၊ မင်းတို့အဖြစ်က ဆန်ခိုးမမိ ... ကျွဲခိုးမိ ဆိုသလို ဖြစ်နေတာ”

ဒုရဲအုပ်က ထိုသို့ပြောလိုက်သည်နှင့် မဖဲဝါနှင့် သေသူ အဖွားကြီးကိုသာ မြင်နေသော ချက်ဖောင်းမြင်ကွင်းပြောင်းသွားကာ ရဲသားများနှင့် ရွာသားများဖြစ်နေသည်ကို တွေ့လိုက်သည်။

“ကဲ ... မင်းတို့၊ ဒီမနက်လေးနာရီနဲ့ ငါးနာရီကြား လက်ပံလှရွာက ဦးမြမင်းအိမ်နဲ့ ဦးစိုးမြိုင်အိမ် ဓားပြတိုက်ပြီး ဆွဲကြိုးသုံးကုံး ယူသွားတယ်၊

မင်းရွာသူကြီး ဦးမြတ်ခေါင်အိမ်ကလည်း ဆွဲကြိုးတစ်ကုံး တက်ပြီး ဓားပြတိုက်သွားသေးတယ်၊

မကျေနပ်ရင် ရဲတိုင်ပြီး လိုက်ခဲ့၊ မင်းရွာသချိုင်းက စောင့် နေမယ်ဆိုလို့ လိုက်လာခဲ့တာ။ လူသတ်ပြီး ပစ္စည်းခိုးတဲ့အမှုပါ ... ထပ်တိုးနေပြီ”

“မင်းတို့ကို ဘယ်သူ ကြိုးနဲ့ ချည်ထားတာလဲ”

“ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့အိမ်မှာ ဓားပြတိုက်တာ ဘယ်



www.burmeseclassic.com

အချိန်ကလဲ”

“ဒီမနက် လေးနာရီနဲ့ ငါးနာရီ မိုးလင်းကာနီးမှာ လာတိုက်သွားတာ၊ အခု မင်းတို့ လည်ပင်းမှာ ဆွဲထားတဲ့ ဆွဲကြိုးတွေက ဒီမနက် တိုက်ယူသွားတဲ့ ဆွဲကြိုးတွေပဲ”

“ဟာ မှားနေပြီ၊ ကျုပ်တို့ကို ဒီနွယ်ကြိုးတွေနဲ့ ညတစ်နာရီလောက်ကတည်းက သရဲမ … မဖဲဝါက ချည်ထားလို့ ဘယ်မှ မသွားနိုင်ဘူး”

“ဘာ … ဘာ … ပြောတယ်”

“ဟုတ်တယ် … သူပြောတဲ့အတိုင်းပဲ၊ ကျုပ်တို့ရဲ့ လှေကို မဖဲဝါက မှောက်ပစ်ပြီ … ဒီသစ်ပင်မှာ ချည်ထားတာ၊ လှုပ်လို့လည်းမရ၊ ဖြေလို့လည် မရ၊

တစ်ညလုံး ခြင်တွေကိုက်လွန်းလို့ အိပ်မရတာရယ်၊ သင်္ချိုင်းထဲမှာ သရဲကြောက်လို့ အိပ်မရတာရယ် မိုးလင်းနေထွက်မှ အိပ်ပျော်သွားကြတာ၊

အခု … ခင်ဗျားတို့ခြေသံကြားမှ နိုးလာတာ”

“ဒါဆို ဒီမနက် ဓားပြတိုက်တာကရော”

“ဟာ … ကြိုးနဲ့ အချည်ခံထားရလို့ မလှုပ်နိုင် မရှားနိုင် ဖြစ်နေတာ၊ အခု ချည်ထားတာကို ခင်ဗျားတို့ လာကြည့်၊ ကိုယ့်





ကိုယ်ကို ပြန်ချည်ထားတာလို့ ထင်လို့လား”

ရဲတပ်ဖွဲ့ဝင်များနှင့် လူကြီးများ ကြိုးချည်ထားပုံကို စစ်ဆေးသည်။

ဒါ … ကိုယ့်ကိုယ်ကို ပြန်ချည်တာ မဖြစ်နိုင်ဘူး၊ အသေအချာ ချည်ထားတာ၊ ဓားပြမတိုက်ဘူးဆိုပြီး လည်ပင်းမှာ ဆွဲကြိုးတွေကလည်း ရောက်နေတယ်”

“ဟာ … ထူးဆန်းလှချည်လား”

“ထူးဆို … လူမရှိဘဲ ကြိုးချည်ခံထားရတာကိုပဲကြည့်”

“ဒါဆို … မင်းတို့ကို ဖမ်းမိအောင် ရွာသားတွေနဲ့ ရဲတွေလိုက်လာအောင် မင်းတို့ယောင်ဆောင်ပြီး မဖဲဝါ … ဓားပြဝင်တိုက်သွားတာပဲဖြစ်မယ်”

“ဖြစ်နိုင်တယ် … ဒါမှ … မင်းတို့ရှိတဲ့နေရာကို မြိုင်မြိုင်ဆိုင်ဆိုင် လိုက်လာဖြစ်တော့တာပေါ့”

“ကဲ … စောစောက မင်းတို့ လူသတ်ဓားပြတိုက်တဲ့အကြောင်း ပြောပြပါဦး”

“အားလုံး ပြောပြပါ့မယ်”

ချက်ဖောင်းက ရဲများအား ရှင်းပြသည်။

“မင်းရွာအစွန်က ဒေါ်အိုဇာအိမ်မှာ ရှေးဟောင်းပစ္စည်း အမွေ



www.burmeseclassic.com

အနှစ်တွေ ရှိတယ် သတင်းကြားလို့ သွားခိုးတာ၊ အဖွားကြီးက ပြန်နှောင့်ယှက်လို့ ထင်ကျော်က သတ်ပစ်လိုက်ပြီး ပစ္စည်းတွေ ယူခဲ့တာပါ”

“ဒါနဲ့ အဲဒီ ဒေါ်အိုဇာက စုန်းမကြီးဆို”

လက်ပံလှသူကြီးထင်ကျော်က မေးသည်။

“အားလုံးက စုန်းမကြီးလို့ ထင်နေတဲ့အတွက် အဖွားကြီး ပိုင်ဆိုင်သမျှ ပစ္စည်းတွေ ဘယ်သူမှ မယူဝံ့တာပေါ့”

“အဖွားကြီးကလည်း သူ့ရဲ့ လုံခြုံရေးအတွက် လေသာ ဆောင်တက်ပြီး ညညဆို လက်ကြီးဆန့်တန်းပြီး ထူးထူးဆန်းဆန်း တွေ လုပ်ပြနေတာ၊

ကြာလေ စုန်းမကြီးဆိုပြီး ရွာသားတွေ စိတ်ထဲ အရိုးစွဲအောင် ယုံကြည်နေကြတာ၊

ဒီအကြောင်းကို အချိန်ကြာကြာ လေ့လာစုံစမ်းပြီးမှ တကယ့် စုန်းမကြီးမဟုတ်မှန်း သိတာနဲ့၊ နှစ်ယောက်သား ပစ္စည်းလာခိုးတာ၊

မထင်မှတ်ဘဲ ရှေးဟောင်းပစ္စည်းတွေ ဖြစ်နေတယ်။

မင်းပေါက် စိုးပေါက် မှုးကြီးမတ်ရာရဲ့ အသုံးအဆောင်တွေ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းလာကြတာ၊

ရွှေထည်ပစ္စည်းတွေနဲ့ ရွှေဆင်းတုတစ်ဆူကိုလည်း တွေ့ခဲ့





တယ်၊ အားလုံး သိမ်းကျုံးယူခဲ့တယ်”

“အဲဒါတွေ ဘယ်မှာလဲ”

“လှေနဲ့အတူ ရေထဲမှာ မြုပ်နေတယ်”

ထို့နောက် ရဲတပ်ဖွဲ့ဝင်များလည်း ရွာသားတို့ကို အကူအညီ တောင်းပြီး ရေထဲမှ အိတ်နှစ်အိတ်ကို ဆယ်တင်လိုက်သည်။

ထို့နောက် အိတ်နှစ်အိတ်ကို ဖွင့်ကြည့်လိုက်ရာ

“ဟာ … ရွှေထည်တွေပါလား”

အားလုံးရှေ့မှာ ပစ္စည်းများကို ထုတ်ကြည့်ပြီး စာရင်း သွင်းနေသည်။

“ကဲ ဒါတွေ စခန်းသယ်သွားမယ်၊ အခု အသက်ခံထားရတဲ့ အိမ် အရင်ဝင်ကြမယ်၊

အဲဒီ တရားခံနှစ်ယောက်ကို ကြိုးဖြည်ပေးလိုက်ပါ”

ရဲသားနှစ်ယောက်လည်း ထင်ကျော်နှင့်ချက်ဖောင်းတို့အား ကြိုးဖြည်ပေးပြီး လက်ထိပ်ခတ်လိုက်သည်။

ထို့နောက် အားလုံး ဒေါ်အိုဇာ၏အိမ်သို့ ထွက်ခဲ့ကြသည်။ အားလုံးကို စစ်ဆေးကြည့်ရှုပြီးမှ အလောင်းကို ရွာသားတို့အား သင်္ဂြိုဟ်ခွင့် ပြုလိုက်သည်။

နောက်ဆုံးတော့ ရှေးဟောင်းသုတေသနက လာရောက်



www.burmeseclassic.com

စစ်ဆေးပြီး ပုဂံမင်းထံ ခစားသော အမတ်ကြီးတစ်ဦးမှ ဆင်းသက်လာသော ဆွေစဉ်မျိုးဆက်ဖြစ်ကြောင်း ထိုအမတ်ကြီး၏ပစ္စည်းများဖြစ်ကြောင်း အတည်ပြုပေးသွားသည်။

ထင်ကျော်နှင့် ချက်ဖောင်းတို့ သူသတ်၊ ဓားပြတိုက်သည့်အမှုနှင့် ထောင်နန်းစံသွားရတော့သည်။

အများနှင့်သက်ဆိုင်သော ရှေးဟောင်းပစ္စည်းရတနာများ မရှုံးဆုံးစေရန် ကူညီဖမ်းဆီးပေးခဲ့သော မဖဲဝါအား ရွာသားတို့စိတ်ထဲ ကျေးဇူးအထူးတင်နေကြတော့သည်။





# သရဲကြောက်တဲ့ဆေး

ဘကြီးဖိုးစံသင်အိမ်ရှေ့ ပိတောက်ပင်အောက်ရှိ ကွပ်ပစ်ပေါ်ထိုင်ရင်း ဝါးဖယောင်းနှီးများကို ဖြာနေသည်။ အနီးမှာ လက်ဖက်ပန်းကန်နှင့် ရေနွေးကြမ်းအိုး အသင့်ရှိနေသည်။

အသက်(၇၀)ကျော်ပေမင့် အဖျားအနာမရှိ၊ သန်တုန်း၊ မြန်တုန်းပင်။ အိမ်မှာလိုသမျှ လယ်ကွင်းထဲမှာ လိုသမျှ ချည်နှောင်ရန်ခြံနောက်ဘက်စည်းရိုးတွင် စိုက်ပျိုးထားသော ဝါးဖယောင်းပင်တို့ကို ခုတ်၍ နှီးဖြာနေခြင်းဖြစ်သည်။

ချည်နှောင်ရန် ဝါးနှီးအမျိုးအစားထဲတွင် ဝါးဖယောင်းနှီးက အကောင်းဆုံးဖြစ်သည်။ ချည်နေသည့်အခါ ပြတ်ထွက်ခြင်းလည်းမရှိ။



www.burmeseclassic.com

ငါးဖယောင်းနှီးကို ကြပ်ခိုး ကြာကြာတင်ထားပြီးမှ ချည်နှောင်လျှင် ပို၍ ခိုင်ခန့်သည်။

နှီးကို မိုးမစိုစေဘဲ အရိပ်ထဲမှာ ချည်နှောင်ထားလျှင် အနည်းဆုံး သုံးနှစ်မှ ငါးနှစ်ခန့် ခံသည်။ ကြပ်ခိုးအတင်နာမှ နှစ်ရှည်ခံခြင်း ဖြစ်သည်။

ကြပ်ခိုးမတင်ဘဲ နေလှမ်းပြီး ရေစိမ်သုံးလျှင် တစ်နှစ်မှ နှစ်နှစ် အသာလေးခံသည်။

"ဗျို့ ... အဘစံသစ် ငါးဖယောင်းတစ်လုံးလောက် ပေးရောင်းပါလား"

"ဟ တောင်ပါလား၊ မင်းတောတက်ပြီး ငါးခုတ်နေတယ်ဆို"

"ပြော ... မပြောချင်တော့ပါဘူး အဘရာ"

"တောင်ပေါ်မှာ တဲထိုးပြီး နှစ်ညပဲ အိပ်ရသေးတယ် ဘယ်က ရောက်လာတဲ့ သရဲလည်း မသိပါဘူး၊ အိပ်လို့မဖြစ်အောင် ခြောက်လှန့် နှောင့်ယှက်နေလို့ မသေခင် အမြန် ပြန်ပြေးလာကြတာ၊

နောက်တစ်ညလောက် ဆက်နေရင် ကျွန်တော်တို့ သေရင်သေ၊ မသေရင် ရူးတော့မှာပဲ၊

ဒါကြောင့် ကျွန်တော်တို့ ငါးမခုတ်ဘဲ ပြန်လာကြတာ"

"ပြီးခဲ့တဲ့နှစ်က မင်းတို့ ငါးသွားခုတ်သေးတယ်မို့လား"





"ဟုတ်တယ်လေ ... မိုးကျမှ ငါးတွေ ဖောင်ဖွဲ့ပြီး ချောင်းက မျှောလာကြတာ၊ ဒီနှစ်လည်း မနှစ်ကနေရာမှာပဲ တဲထိုးလိုက်တာ၊

ညဘက်လည်းရောက်ရော သရဲအခြောက်ခံရတော့တာပဲ၊ တကယ့်ကို ချောက်ချားစရာကောင်းတယ် အဘရာ"

"မင်းတို့ တောပိုင် တောင်ပိုင်တွေ မတင်မြှောက်ဘူးနဲ့ တူတယ်"

"ဟာ ... ဘယ်နေပါ့မလဲ၊ ပထမရောက်ရောက်ခြင်း ပါသွားတဲ့ ကြက်ကြော်နဲ့ အရက်ကိုတင်ပြီး တောပိုင် တောင်ပိုင်တွေကို တင်မြှောက်ပြီး ငါးခုတ်ခွင့်ပြုဖို့ နေထိုင်ခွင့်ပြုဖို့ ခွင့်တောင်းလိုက်တာပေါ့"

ဆုတောင်းပြီးသည်နှင့် လူလေးယောက် တည်းခိုနေထိုင်မည့် တဲတစ်လုံး အမြန်ဆောက်လိုက်သည်။

ငါးပေါသည့် နေရာဖြစ်သဖြင့် သုံးနာရီခွဲနှင့် တဲတစ်လုံး ပြီးသွားသည်။

ထိုည ... အိပ်ရာဝင် တဲပတ်ဝန်းကျင်မှာ ပတ်လျှောက်နေသော ခြေသံကို ကြားရသည်။

ခြေသံပျောက်သွားတော့ တဲကိုလာ လှုပ်နေသည်။

ထို့ပြင် တဲကိုကာထားသည့် အကာများကိုလည်း ဆွဲချ



www.burmeseclassic.com

ပစ်သည်။ အကာအရံ မရှိသောနေရာမှ အပြင်သို့ လှမ်းကြည့်သော အခါ မည်သည့်အကောင်မှ မတွေ့ရ။

အကာအရံ မဲ့သွားသောတဲအတွင်း ယောက်ျားလေးယောက် ကျောခြင်းကပ်ထိုင်ပြီး အခြေအနေကို စောင့်ကြည့်နေသည်။

တဲပတ်ဝန်းကျင်မှာ အကောင်မမြင်ရပေမယ့် မည်းမည်းအရိပ် ကြီးက မနားတမ်း တဲကို လှည့်ပတ်နေလေသည်။

မိုးလင်းလုမှ ... ခြောက်လှန့်ခြင်း မရှိတော့ဘဲ ငြိမ်သက် သွားတော့သည်။

သုံးနာရီကျော်မှ စံလှ၊ တောင်တို့ လူစုလည်း စိတ်ချလက်ချ အိပ်နိုင်တော့သည်။

မျက်နှာသစ်ရန် မနက်စာချက်ပြုတ်ရန်အတွက် စခန်းချရာ အနီးမှာ စီးဆင်းနေသော တောင်ကျချောင်းလေးမှ ရေကို ခပ်ရန် တောင်တို့အုပ်စု ထွက်သွားသည်။

မြေက မလိုက်သွားဘဲ ထင်းခြောက်ကောက်ထားရန် ဟိုနား သည်နား လျှောက်သွားနေသည်။

မြေလည်း ကြက်သောင်းဝါး ထင်းဝါးကြီးများ ခြောက်များ ပေါက်နေသည်ကို တွေ့သဖြင့် စိတ်မှန်းနှင့် အစီအစဉ်ချနေသည်။

"ဒီလောက် ဝါးတွေ အကုန်သာ ခုတ်လိုက်ရရင် တို့လေ





ယောက် တစ်လလောက် နားနားနေနေ လေးတောင်လောက် အသာလေးပဲ"

ပြီးခဲ့တဲ့ နှစ်ကလည်း တစ်လခန့်နေပြီး ဝါးခုတ်ခဲ့သည်။ နိုင်အရောက် တစ်ယောက် သုံးသိန်းခွဲစီ ရရှိခဲ့သည်။ သည်နှစ် ထို့ထက် ပို၍ ရနိုင်သည်၊ လျော့နိုင်ဖွယ်မရှိ။

အတွေးများတွေးပြီး ထင်းခြောက်တစ်စီး ထမ်းကာ တဲဆီသို့ ပြန်လာခဲ့သည်။

မြေတဲနားရောက်တော့ စံလှ၊ တောင်တို့လည်း ပလတ်စတစ် ရေဘူးများ ထမ်း၍ ပြန်လာနေသည်ကို တွေ့လိုက်သည်။

တဲဆီသို့ လေးယောက်သား ပြန်ရောက်လာသည်။ သူတို့ မျက်လုံးများက ခြေရာလက်ရာပျက်နေသော စားစရာများ ထည့် ထားသည့် ဂုံနီအိတ်ကို မြင်လိုက်သည်။

စိုးရိမ်စိတ်များဖြင့် အိတ်ကို ယူကြည့်ရာ ငါးခြောက်များ၊ အမဲခြောက်များ တစ်မြှောင်း တစ်ချောင်းမှ မရှိတော့၊ တစ်လစာ ယူလာသမျှထဲမှ ပဲလွန်း၊ ပဲပုတ်၊ ဆီ၊ ဆန်၊ ဆား၊ ရေတ်သီး တို့သာ ကျန်ခဲ့သည်။

သို့ကြောင့် ပဲဟင်းချက်ရန် ပြင်ဆင်လိုက်ကြသည်။

"ကဲ တစ်ညနှစ်ညလောက် စောင့်ကြည့်ကြတာပေါ့၊ သိပ်



www.burmeseclassic.com

ကြမ်းလာရင် နေရာပြောင်းသင့် ပြောင်း၊ မပြောင်းရင် ရှာကိုပဲ ပြန်ကြမယ်"

"အဲ့ဒါနဲ့ မင်းတို့ ဒုတိယည အခြောက်ခံရလို့ ပြန်လာကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ဘကြီး၊ ပထမညကမှ လေးနာရီလောက် အိပ်လိုက်ရသေးတယ်"

"နောက်ည ... တဲကိုပါ မြို့ချပစ်လိုက်လို့ တစ်ညလုံး တဲပျက်ပေါ်မှာ မိုးစင်စင် လင်းခဲ့တယ်၊

ကျွန်တော်တို့လည်း တိုင်ပင်ပြီး စိတ်ဒုံးဒုံးချ ပြန်ခဲ့ကြတာ၊

ငါးမခုတ်ရတော့ အားနေတယ်မို့လား၊ လယ်ကွင်းထဲမှာ တဲထိုးရင်း လိုအပ်မယ့် နှီးဖြာထားမလို့ အဘဆီထွက်လာခဲ့တာ"

"ရှိပါတယ်၊ အိမ်နောက်မှာ ငါခုတ်ထားတဲ့ ဝါးဖယောင်း တစ်လုံးရှိသေးတယ် ပြန်ရင် ယူသွားပေါ့"

"အဲ့ဒါနဲ့ တောင် ပရိတ်ကြီး ၁၁ သုတ်ထဲက ဘယ်နှစ်သုတ် ရလဲ"

"တာ ပြောရမှာ ရှက်စရာပဲ၊ တစ်သုတ်မှ မရဘူး၊ အေးပု ကိုယ်ဝန်နဲ့တုန်းက ယောကျ်ားက အင်္ဂုလိမာလသုတ် ရွတ်ရတယ် ဆိုလို့ အလွတ်ကျက်ဖူးတယ်၊ အေးပုသာ ကလေးသုံးယောက်





ဖြစ်သွားတယ်၊ ကျွန်တော် အခုထိ အလွတ်မရသေးဘူး"

"ဖြစ်ရလေကွာ၊ ၁၁ သုတ်ထဲက ဘယ်သုတ်မှ မရဘူး ထိုပေမယ့် မေတ္တာသုတ်တော့ ရသင့်တယ်။ အခုလို တောထဲ တောင်ထဲမှာ နေမယ် ထိုင်မယ်ဆိုရင် မေတ္တာသုတ်ကို ညတိုင်း ရွတ်ပေးသင့်တယ်"

"သရဲပြေးရောလား အဘ"

ရွတ်တဲ့လူက တောထဲဝင်ပြီး သားကောင်သတ်တဲ့ မုဆိုး၊ အရက်သမား၊ လူဆိုးဆိုရင်တော့ မေတ္တာသုတ်က ဘယ်စွမ်းမလဲ၊

ငါးပါးသီလတော့ စောင့်ထိန်းပေါ့၊ သာမာအာဇီဝကျတဲ့ အလုပ်ပဲ လုပ်ပေါ့"

"တကယ်စွမ်းလို့လား အဘ"

"တကယ်စွမ်းတာပေါ့ တောင်ရာ"

"ငါ့အဖိုးရဲ့ အတွေ့အကြုံတစ်ခုအကြောင်း ပြောပြမယ်"

"ဟုတ်ကဲ့ ... ပြောပါအဘ၊ ဗဟုသုတရတာပေါ့"

"မင်းအချိန်ရရဲ့လား"

"ငါးခုတ်မသွားရလို့ အချိန်တွေ အားနေတာပဲ ပြောပါ အဘ"

"ငါ့အဖိုး အသက်ငါးဆယ်လောက်ကပေါ့၊ ငါ့အဖေက



www.burmeseclassic.com

အသက် ဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမယ်၊

အဖေက မိသားစုထဲမှာ အသက်အငယ်ဆုံးပဲ၊

ငါ့အဖိုးနဲ့ သူ့ညီအစ်ကိုတွေ တစ်ရွာနဲ့တစ်ရွာ စောင်၊ အိပ်ရာခင်း၊ အဝတ်အထည်၊ အလှကုန်မျိုးစုံ အထုတ်ကြီးတွေ ထမ်းပြီး လှည့်ရောင်းကြတာပေါ့”

အဖိုးနာမည်က ဦးစံထွားဖြစ်သည်။

ထိုနေ့က အထည်များ လှည့်ပတ်ရောင်းချရင်း အိုးစုရွာသို့ ညနေပိုင်း ရောက်ခဲ့သည်။

ထိုရွာမှာ ညနေစာ စားကြသည်။

ထိုရွာမှာ ပါလာသော အထည်အလိပ်၊ အလှကုန်များကို ရောင်းချကြသည်။

ထိုရွာသို့ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်မျှ ရောက်သည်။ ဦးစံထွားတို့လူစုအား အိုးစုရွာသားတို့ ရင်းရင်းနှီးနှီး သိနေကြသည်။

သို့ကြောင့် ရောက်တိုင်း စားစရာ စီစဉ်ပေးသည့် အိမ်ကို တန်းသွားသည်။ ထိုအိမ်ရှင်၏ ဆော်ဩပေးမှုကြောင့် အိမ်မှာ စားရင်း သောက်ရင်းနှင့်ပင် အရောင်းအဝယ် ဖြစ်ကြသည်။

ထိုရွာတွင် ခေတ္တမျှ ထမင်းစား အနားယူရင်း ဈေးရောင်း





ရင်းဖြင့် ကိစ္စအားလုံး ပြီးသွားခဲ့သည်။

ညနေ နေစောင်းတော့ ရှေ့ရွာသို့ ခရီးဆက်ခဲ့ကြသည်။ အိုးစုရွာမှ ထွက်ခဲ့ပြီး မကြာခင်မှာပင် နေဝင်သွားခဲ့သည်။

လဆန်းရက်ဖြစ်သဖြင့် ကောင်းကင်မှာ လရောင် ရှိနေသည်။ သို့ကြောင့် ညဘက်အေးအေးချမ်းချမ်း ပင်ပန်းမှုမရှိဘဲ ခရီးအတော်ပေါက်အောင် လျှောက်လာခဲ့သည်။

ထို့နောက် လမ်းက အနည်းငယ် ကြမ်းလာသည်။

“အစ်ကိုကြီး ကျွန်တော်တို့ ဘယ်ရွာမှာ နားကြမှာလဲ”

“ဘာလဲ ပင်ပန်းနေလို့လား၊ လာပါ လမ်းဆုံးရင် ရွာတွေ့မှာပေါ့”

“အစ်ကိုကြီးကလဲ အပြောက ကောင်းပါ့ဘိ”

“လျှောက်နိုင်ကြသေးတယ် မဟုတ်လား”

“ရပါတယ်၊ နားရမယ့်ရွာ ရောက်မှာပဲ အားရပါးရ နားတော့မယ်”

ထိုသို့ပြောပြီး လာခဲ့ရာ ... ညကိုးနာရီခန့်အရောက် ရှေ့နားမှာ မီးရောင်လိုလို ခွေးဟောင်သံလိုလို လူသံလိုလို ကြားလာရသည်။

ဦးစံထွားက ထိုအသံများကြားပြီး အံ့ဩသွားသည်။



www.burmeseclassic.com

"ဟော့ ... သာမြတို့ ဇီကို့ဒီလမ်းကို မကြာမကြာ ဖြတ်သွား ဖြတ်လာ လုပ်နေတာပဲ၊ ရွာရှိတယ်လို့ မကြားပါဘူး၊ ရွာနဲ့တူ တာလည်း မတွေ့ပါဘူး၊ ခဏရပ်ကြဦး၊

ရွာအခြေအနေကို အကဲခတ်ကြည့်ကြမယ်"

"ကျွန်တော်တို့က တစ်ခေါက်နဲ့တစ်ခေါက် လေးလ၊ ငါးလမှ ရောက်တာ ရွာအသစ်တည်ထားတာလားမှ မသိတာ"

"ကျွန်တော်တို့ကပဲ လမ်းလွဲလာလို့ ဒီရွာထဲ ရောက်လာတာ လားမှ မသိတာ"

"ဘာပဲဖြစ်ဖြစ်၊ သတိတော့ ထားပေါ့ကွာ"

"မဟုတ်သေးဘူး၊ အစ်ကိုကြီးစံထွား ... ဒီနားမှာ ငါးနက် ချောင်းရွာရှိတယ် မဟုတ်လား။ ဒါ ငါးနက်ချောင်းရွာလားမှ မသိတာ"

"ငါးနက်ချောင်းရွာက အခု တို့လာခဲ့တဲ့ အိုးစုရွာရဲ့ အရှေ့ ဘက်မှာ အခု တို့က အိုးစုရွာရဲ့ တောင်ဘက်ကို ထွက်လာခဲ့တာ၊

အမှန်တော့ အိုးစုရွာက မထွက်လာခင်ကတည်းက ရှေ့မှာ ဘာရွာရှိလဲ မေးလာခဲ့ရမှာ"

"ကဲပါ ... ခရီးဖင့်ပါတယ်၊ အဲဒီရွာရောက်မှပဲ အခြေအနေ ကြည့်ပြီး နေကြထိုင်ကြ ပြောကြတာပေါ့"

ခဏကြာတော့ ရွာထိပ်သို့ ရောက်လာသည်။





လသာသာမှာ ကလေးများက မအိပ်သေး၊ ကစားကောင်း တုန်းပင် ရှိသည်။

ကလေးများက ဦးစံထွန်းတို့ လူစုကို မြင်သွားကြသဖြင့်

"ဟာ ... ဧည့်သည်တွေပါလား"

"ဈေးသည်တွေ မဟုတ်လား"

"အေး ... ဈေးသည်တွေပေါ့ကွ"

"ကျွန်တော်တို့ အိမ်တွေလည်း ဝင်ရောင်းဦးနော်"

"ကျွန်တော်တို့ လိုက်ပို့ပေးရမလား"

"နေပါစေကွာ ... ဘကြီးတို့ပဲ သွားလိုက်ပါ့မယ်"

ကလေးများ ကစားရင်း ကျန်ခဲ့သည်။

ဦးစံထွားတို့ ရွာထဲဝင်လာကြသည်။ ခွေးများက မဟောင် တုတ်တုတ်မျှပင် မလှုပ်။

အချို့က ကပြင်မှာထိုင်ပြီး စကားဝိုင်းဖွဲ့နေကြသည်။

အချို့က ဆန်ဖွတ် မောင်းထောင်းနေကြသည်။

အချို့အိမ်က တဟားဟား တဟီးဟီးနှင့် ရယ်မောစရာများ အသံထွက်အောင် ပြောရယ်နေကြသည်။

ထိုအချိန် အထုပ်အပိုးများဖြင့် ရွာထဲသို့ ဝင်လာသော ဦးစံထွားတို့ လူစုကို ရွာသားများ မြင်သွားကြသည်။



www.burmeseclassic.com

"တာ … ဈေးသည်တွေပါလား"

"ရောင်းဖို့ ကုန်တွေပါလား"

"ပါတာပေါ့ … အထည် စားစရာ အလှကုန် အမျိုးစုံ ပါတယ်"

"ဝင်ကြပါဦးလား"

အိမ်ထဲမှ လှမ်းခေါ်သဖြင့် သူတို့ငါးယောက် မြံထဲဝင်ခဲ့ကြသည်။

ကွပ်ပစ်ကြီးပေါ် ချခိုင်းသဖြင့် အထုတ်များကို ကွပ်ပစ်ပေါ် ချလိုက်သည်။

"အထည်တွေပါသလား၊ ပါရင် ဝယ်ချင်လို့ ဖြည်ပြပါလား"

သာအေးက အထုတ်ကို ဖြည်ပြသည်။

"တာ … ကောင်းလိုက်တဲ့အသား"

"အရောင်လေးကလည်း ရဲနေတာပဲ"

"မင်းနဲ့ဆို အတော်ပဲ"

"ဒါက ကျုပ်နဲ့ တော်တယ် … ဒါက ရှင်နဲ့ဆို အံကိုက်ပဲ"

သို့နှင့် အရောင်းအဝယ် အတော်ဖြစ်လိုက်သည်။

"ဦးကြီးတို့က အရောင်းအဝယ်သမားတွေ အလင်းရောင်နဲ့ဆို ဉ်ကောင်းတာပေါ့။ နေ့ခင်းနေ့လည်လာတာ မဟုတ်ဘူး၊ အခုတော့





ညကြီး လာရောင်းရတယ်လို့"

"ဒီလို မဟုတ်ပါဘူး၊ အိုးစုရွာနဲ့ မကျီးတောရွာကြားမှာ ဒီရွာရှိတာ မသိဘူး"

"ဒီရွာက အစကတည်းက ရှိခဲ့တာပါ"

"ဒါဖြင့် ဒီရွာကို ဘယ်လိုခေါ်လဲ"

"ကုက္ကိုစုရွာလို့ ခေါ်တယ်"

"ကြားတော့ ကြားဖူးတယ်၊ ရောက်တော့ မရောက်ဖူးဘူး။ အခု မျက်စိလည်ပြီး ရောက်လာတာ ဖြစ်မယ်"

ထိုအိမ်မှာရှိသော သူများရော ရွာသားများ၏ ဆော်ဩမှုနှင့် အိမ်နီးနားချင်းများပါ လာဝယ်သဖြင့် အတော်များများ ရောင်းလိုက်ရသည်။

"အခု ဒီရွာမှာပဲ ညအိပ်သွားကြပေါ့ … သိပ်ညဉ့်နက်နေရင် သွားလို့လာလို့ မကောင်းဘူး"

ဦးစံထွားက အနည်းငယ် စဉ်းစားသယောက်နေပြီးမှ ထိုလူစုအား …

"အခုအတိုင်းဆို ဒီရွာမှာပဲ တည်းသွားမှ ဖြစ်မယ်။ တည်းလို့ရမယ့် အိမ်တစ်အိမ်ကို လိုက်ပို့ပေးပါ"

"ကဲ … လာကြ လိုက်ပို့ပေးမယ်"



www.burmeseclassic.com

လူတစ်ယောက်ဦးဆောင်၍ ရွာထဲသို့ ခေါ်သွားသည်။

အိမ်တစ်အိမ် ခြံထဲဝင်လိုက်ကြသည်။

"ဖျို့ ဘကြီး ... ဖျို့ ဘကြီး"

"ဟေ့ ဖွါကို ဘာကိစ္စနဲ့ ခေါ်နေတာလဲ"

"ဒီမှာ ဧည့်သည်တွေ ပါလာတယ်"

"အေး ... ခဏနေကြဦး၊ တံခါးဖွင့်လိုက်ဦးမယ်"

"တံခါးက ဝါးထရံကို ဝါးလုံးနှင့် ကလန့်ထားသော ထရံကာ တံခါးဖြစ်သည်။

တံခါးဖွင့်လိုက်ပြီးသည်နှင့် အထဲက ရောင်တာကောင်းနှင့် အသက် ငါးဆယ်ကျော်လူကြီးတစ်ယောက်က ...

"လာ ... လာ၊ အပေါ်တက်ခဲ့ကြ အထုပ်တွေလည်း ယူခဲ့"

အိမ်ပေါ်ရောက်တော့ အိမ်ရှင်လူကြီးနှင့် ဇနီး၊ သမီး သုံး ယောက်သာ တွေ့ရသည်။

"ဟေ့ သမီး၊ စားစရာ ဘာရှိလဲ၊ ဧည့်သည်တွေကို ချပေး ပါကွယ်"

"နေပါစေခင်ဗျာ၊ ကျွန်တော်တို့ အိုးစုရွာက ညစာ စားပြီးမှ ထွက်လာခဲ့ကြတာပါ"





"ကဲ ... ဒါဖြင့်လည်း ခရီးပမ်းလာကြတာဆိုတော့ အိပ်ချင် မှာပဲ၊

အိမ်ကတော့ နည်းနည်းကျဉ်းတယ်၊ အားနာလိုက်တာ"

"အားမနာပါနဲ့ ... အိပ်လို့ ဖြစ်ပါတယ်"

"ကဲ ... အိပ်ကြ၊ ကျုပ်တို့ကတော့ မအိပ်ချင်သေးဘူး။ အိမ်ရှေ့ကွပ်ပစ်ပေါ်မှာ သွားထိုင်ပြီး စကားပြောလိုက်ဦးမယ်"

အိမ်ရှင်များက အောက်သို့ဆင်းပြီး စကားထိုင်ပြောနေကြ လေသည်။

ဦးစံထွားနှင့် ပါလာသော ညီနှင့်ဝမ်းကွဲညီများက ခရီးပမ်း လာကြသဖြင့် စကားပင် များများစားစား မပြောနိုင်တော့ဘဲ ငါးယောက်လုံး တုန်းခနဲ အိပ်ပျော်သွားကြသည်။

ဦးစံထွားက လူငယ်များကဲ့သို့ မအိပ်နိုင်၊ အိမ်၏ခေါင်းရင်း ခန်းတွင် ဘုရားစင်ကို မတွေ့ရ။ ဒီရွာကြီးရော ဒီကလူတွေကိုပါ မသင်္ကာချင်။

သို့ကြောင့် အတတ်နိုင်ဆုံး မအိပ်ရန် ဆုံးဖြတ်လိုက်သည်။

အားလုံးစိတ်ချလက်ချ အိပ်ပျော်ကုန်ပြီ။

ဦးစံထွားလည်း ပရိတ်ကြီး ၁၁ သုတ် ကုန်အောင် ထိုင်ရွတ် နေသည်။ အားလုံးပြီးဆုံးသွားသည်နှင့် မေတ္တာသုတ်ကိုသာ အကြိမ်



www.burmeseclassic.com

ကြိမ် ရွတ်နေသည်။

စောစောက လှုပ်လှုပ်ရှားရှား ရှိခဲ့သော ရွာကြီးက တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီ။

ထိုအချိန် အိမ်ရှင်လူကြီးက အိမ်ပေါ်သို့ တက်လာပြီး ဘုရားစာရွတ်နေသော ဦးစံထွားကိုမြင်သဖြင့် ...

"ဩော် ... ဦးကြီးက မအိပ်သေးဘဲကို၊

တရားစာတွေပဲ ထိုင်ရွတ်နေတော့မှာလား၊ မအိပ်တော့ဘူးလား"

"မအိပ်ချင်သေးလို့ပါ ... ခင်ဗျားတို့ အိပ်ချင်အိပ်ကြတော့လေ"

ဘာမှ ပြန်မပြော၊ အိမ်ရှင်လင်မယားလည်း အိပ်ခန်းတွင်းသို့ ဝင်သွားကြသည်။

ဦးစံထွားလည်း မျက်လုံးကိုမှိတ်ပြီး တရားစာကိုသာ ရွတ်နေသည်။

စိတ်ထဲမှာ မသက်မသာလို ဖြစ်လာ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟင်"

ထင်သည့်အတိုင်း ဖန်ဆင်းထားသော ရွာတစ်ရွာဖြစ်ကြောင်း သိလိုက်သည်။





သို့ကြောင့် မေတ္တာသုတ်ကို ရွတ်ရင်း စိတ်ထဲမှ အိပ်နေသူအားလုံးအား ပတ်ကာ စည်းတားလိုက်သည်။

စိတ်ဖြင့် စည်းတားခြင်းပြီးဆုံးပြီးနောက် မေတ္တာသုတ်ကိုသာ အဆက်မပြတ် ရွတ်နေသည်။

စည်းအပြင်ဘက်တွင် ကြောက်စရာကောင်ကြီးများ ဝိုင်းပတ်နေသည်။

ပုတ်လောက်ကြီးသော ခေါင်းကြီးများရှိသည့် နာနာဘာဝကောင်များ။

မျက်လုံးကြီးပြူးကျယ်နေသော သရဲများ၊ လျှာကြီးတစ်တောင်စန့် ထွက်ကျနေသော တစ္ဆေကောင်များ၊ ကမ္ဘာ့ဒွန်းအရိုးစုကောင်ကြီးများ ပတ်ချာလည်လှည့်ပြီး ခြောက်လှန့်နေသည်။

ဦးစံကွန့်ကတော့ မေတ္တာသုတ်ကို တစ်ခေါက်ပြီးတစ်ခေါက် ရွတ်နေသည်။

သူတို့လက်ထဲမှာ သံချွန်တင်းပုတ်ကြီးများ၊ သံပေါက်ဆိန်ကြီးများ၊

ချွန်ထက်သောလက်သည်းကြီးများနှင့် ကုတ်မည်သတ်မည် တကဲကဲ ဖြစ်နေကြသည်။

အချို့သရဲ၏ အရပ်ကြီးများက လူတစ်ရပ်အရွယ်ကနေ



www.burmeseclassic.com

ဝါးတစ်ပြန်လောက်အထိ မြင့်သည့်အကောင်က မြင့်ကြသည်။

ဒါပေမဲ့ စည်းအတွင်း မည်သည့်အကောင်မှ မဝင်နိုင်ပါ။ သူတို့လူစုအား ကြိုတင်၍ စည်းမချထားပါက တစ်ယောက်မှ အသက်ရှင်ဖွယ်မမြင်။

မကြာခင် အရှေ့ဆီမှ ရောင်နီပေါ်လာသည်ကို ဦးစံထွား မြင်လိုက်သည်။

ရောင်ခြည်သမ်းလာသည်နှင့် သရဲကြီးငယ်ပေါင်းစုံတို့ တောထဲ အပြေးအလွှား သွားကြကုန်တော့သည်။

မကြာခင် နေထွက်လာခဲ့သည်။ နေရောင်ကိုယ်ပေါ်တိုက်ရိုက် ကျလာမှ အိမ်နေသူအားလုံး နိုးလာကြသည်။

"ဟင်"

"ဟာ"

"ဘယ်လိုပါလိမ့်"

ထူးဆန်းသောမြင်ကွင်းကို မြင်လိုက်သဖြင့် အားလုံး၏ပါးစပ် အဟောင်းသားဖြစ်ကုန်တော့သည်။

ညက အိမ်ပေါ်မှာ အိပ်နေကြသောသူများအားလုံး ကုန်းခေါင် ခေါင်ပေါ် ရောက်နေသည်။ အနီးပတ်ဝန်းကျင်မှာ ချုံပုတ်လေး များကိုသာ တွေ့ရသည်။



ဦးစံထွားက တည်ငြိမ်သောမျက်နှာနှင့် ...

"မင်းတို့ကလည်း အိပ်လိုက်တာ လောကကြီးကို မေ့ရောပဲ၊ မင်းတို့နဲ့အတူ ငါသာလိုက်အိပ်ရင် အခုဆို အားလုံး အရိုးတခြား အသားတခြား ဖြစ်နေလောက်ပြီ"

"အစ်ကိုကြီးက မအိပ်ရသေးဘူးလား"

"ငါက သူတို့ကို မသက်သလို့ တစ်မှေးမှ မမှေးဘဲ စည်းချပြီး မေတ္တာသုတ်ကို အခေါက်ခေါက်အခါခါ ရွတ်နေတာ"

"ဘုရား ... ဘုရား ... ကံကြီးပေလို့"

"ဒါနဲ့ အစ်ကိုကြီး၊ ညက ဘာထူးသေးလဲ"

"ဟာ ... ထူးတာပေါ့၊ မင်းတို့ အိပ်သွားပြီးနောက်ပိုင်း သူတို့က မင်းတို့ကို စားဖို့သောက်ဖို့ ဝိုင်းလာတာ၊ ငါဘုရားစာ ဆိုင်ရွတ်နေလို့ အနားကို မကပ်နိုင်တာ၊

သရဲမှ အကောင်မျိုးစုံ၊ အရွယ်မျိုးစုံ သူတို့ အမျိုးမျိုး ကြိုးစားကြတာပဲ ... ငါကလည်း ဘုရားစာနာနာရွတ်နေတာ၊

မိုးလင်းတဲ့အထိ ငါတို့ကို အန္တရာယ်ပေးလို့ မရတာနဲ့ တောထဲဝင်ပြေးကုန်ကြတာ"

"ဒါဆို သူတို့ညက အဝတ်အထည်တွေဝယ်ပြီး ဘယ်မှာ ထားထားလဲ မသိဘူး"



www.burmeseclassic.com

"မင်းတို့ရဲ့အထည်တွေ ချုံပုတ်တွေ ကျောက်တုံးတွေပေါ်မှာ မတွေ့ဘူးလား၊

သွားကောက်လိုက်ကြ"

"ဒါဆို သူတို့ညကပေးတဲ့ ပိုက်ဆံတွေရော ရှိသေးရဲ့လား၊ မသိဘူး"

ဟား ... ဟား ... ဟား

ဦးစံထွားက ရယ်လိုက်သည်။

"အစ်ကိုကြီးက ဘာကြောင့် ရယ်ရတာလဲ"

"ရယ်ဆို သူတို့ပေးတဲ့ ပိုက်ဆံကို ကြည့်ပါလား"

ညက သူတို့သိမ်းထားသော ပိုက်ဆံကို ထုတ်ကြည့်လိုက်ကြသည်။

"ဟာ ... သစ်ရွက်တွေပဲ"

"သရဲတွေဆိုမှတော့ ... သူတို့ပေးတဲ့ပိုက်ဆံလည်း ဘယ်အစစ်အမှန် ဟုတ်တော့မှာလဲ"

သာမြ၊ အေးဖေတို့က သစ်ပင်ချုံပုတ်လေးများပေါ်မှ အဝတ်အထည်များကို သွားကောက်ယူလာကြသည်။

ထို့နောက် နာနာဘာဝတို့ စံပျော်ရာနေရာမှ အမြန်ထွက်ခွာလာကြတော့သည်။





တကယ်တော့ ထိုနေရာကြီးက ကျတ်တွေ နေသောနေရာဖြစ်သည်။

အန္တရာယ်က လွတ်မြောက်ရာလွတ်မြောက်ကြောင်း မေတ္တာသုတ်ကို အကြိမ်ကြိမ် အခေါက်ခေါက်ရွတ်၍ သရဲများအနီးသို့ မကပ်နိုင်ခြင်းဖြစ်သည်။

ဦးဖိုးစံက တောင်ဆိုသော ဝါးလာဝယ်သည့်လူအား ပြောပြနေခြင်းဖြစ်သည်။

"ဝါ့အဖိုးက မေတ္တာသုတ်ကို အနိုင်နိုင်ရွတ်ခဲ့လို့ သရဲ မကပ်နိုင်တာ"

"တို့ရဲ့ ဂေါတမဘုရားရှင်လက်ထက်က သာဝတ္ထိပြည်မှ ယူဇနာတစ်ရာဝေးကွာသည့် ရွာအနီး တောအုပ်တစ်ခုမှာ ရဟန်းငါးရာတို့ တရားအားထုတ်လျက်ရှိကြသည်။

ရဟန်းတို့၏ သီလတန်ခိုးကြောင့် တောအုပ်အတွင်းရှိ သစ်ပင်ကြီးများမှာ နေထိုင်သော ရုက္ခစိုးတို့ ဗိမာန်အထက် မနေဝံ့ဘဲ မြေမှာဆင်းနေကြရသည်။

မိသားစုများလည်း ဒုက္ခရောက်ရသည်။

ထိုအခါ ရဟန်းများ ထိုတောအုပ်အတွင်းမှ ထွက်ခွာသွားရန် မျိုးမျိုးသော ကြောက်စရာ သရဲ၊ တစ္ဆေ၊ နာနာဘာဝ သဏ္ဌာန်များ



www.burmeseclassic.com

ဖန်ဆင်းပြီး ခြောက်လှန့်ကြသည်။

ဖေ့ရောညပါ ခြောက်လှန့်လွန်း၍ တောတောင်ထဲမှာ မနေနိုင်ဘဲ မြတ်စွ-ဘုရားထံ ပြန်ကြရသည်။

မြတ်စွာဘုရားရှင်က ရဟန်းအပေါင်းတို့အား

"ချစ်သားရဟန်းတို့ ငါဘုရားက ဖုတ်တစ္ဆေ သရဲတို့ကို နိုင်တဲ့ လက်နက်ပေးလိုက်မယ်"ဆိုပြီး မေတ္တာသုတ်ကို ဟောတော်မူ၍ တောသို့ ပြန်ကြွခိုင်းလိုက်သည်။

ရဟန်းတို့လည်း မေတ္တာသုတ်ကို မပြတ်ရွတ်၍ တောသို့ ဝင်လေသည်။ တောတောင်ထဲရောက်တော့လည်း မေတ္တာသုတ်ကို မပြတ်ရွတ်ကြသည်။ တောစောင့်နတ် တောင်စောင့်နတ်အပေါင်းတို့လည်း ချစ်မြတ်နိုးသော မေတ္တာစိတ်ရှိသည်ဖြစ်၍ ...

ရဟန်းငါးရာတို့အား ခြောက်လှန့်နှင်ထုတ်ခြင်း မပြုကြတော့ဘဲ ခရီးဦးကြိုပြုခြင်း၊ သင်္ကန်းသပိတ်လှမ်းယူခြင်း၊ သားရဲတိရစ္ဆာန်တို့ဘေးမှ ကင်းဝေးရန် စောင့်ရှောက်ပေးခြင်း ပြုကြကုန်သည်။

ထို့ကြောင့် မေတ္တာသုတ်တော်သည်ကား မေတ္တာဘာဝနာကို ပွားစေခြင်းကိစ္စ၊ ဘေးဥပါဒ်အန္တရာယ်ကို စောင့်ရှောက်ခြင်းကိစ္စတို့ကို ပြီးစေကုန်သည်။





"အေး ... အဲဒီလောက်ကောင်းတဲ့ မေတ္တာသုတ်ကို ငါးပါးသီလစောင့်ထိမ်းပြီး အမြဲမပြတ်ရွတ်ပေးနိုင်ရန် ဖုတ်ပြိတ္တာ သရဲတစ္ဆေ မခြောက်မလှန့်တော့ဘူးပေါ့ကွာ"

"ကျွန်တော် သဘောပေါက်ပါပြီအဘ ... အဲဒီ မေတ္တာသုတ်ကို အဘရရင် ကျွန်တော့်ကို ရေးပေးပါလား"

"မင်းတကယ် လိုလိုချင်ချင် ဆန္ဒရှိရင် အဘရေးပေးထားမယ်၊ ပြီးတော့ နှစ်ခေါက်သုံးခေါက် ရွတ်တတ် ဖတ်တတ်အောင် သင်ပေးမယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သဘက်ခါလာခဲ့မယ် အဘ"

"အေး ... မင်းက လိုလိုချင်ချင်ရှိတော့ ငါ့အတွက် ရေးပေးရတာ အပမ်းမကြီးပါဘူး ... ကုသိုလ်လည်းရတာပေါ့"

"ကဲ ... ကဲ၊ မင်းလာတာလည်း ကြာနေပြီ၊ ငါ ခုတ်ထားတဲ့ ငါးဖယောင်း ငါးတစ်လုံး၊ အိမ်နောက်ဘက်မှာ ရှိတယ်။ ဝင်ယူသွားပေတော့"

သို့ဖြင့် ကိုတင်လည်း ဦးဖိုးစံသင်အိမ်မှ ငါးလုံးထမ်းပြီး စိတ်လက်ပေါ့ပါးစွာနှင့် ပြန်လာခဲ့တော့သည်။





www.burmeseclassic.com

# ကပ်စေးနည်းတဲ့ဝိညာဉ်

အချိန်က ဆယ့်နှစ်နာရီကျော်ပြီ။

ဆယ်နာရီခွဲခန့်ကတည်းက အိပ်ရာဝင်ခဲ့ကြသော်လည်း ဆယ့်တစ်နာရီကျော်ပြီးမှသာ အိပ်ပျော်သွားရသည်။

"မေမေ ... မေမေ"

ဝါး ... ဝါး ... ဝါး

"သားသား ... သားသား ဘာဖြစ်တာလဲ ဗိုက်နာလို့လား"

တစ်နှစ်ကျော်ကျော်သာ ရှိသေးသော သားက အိပ်ပျော်နေရာမှ ရုတ်တရက် မိခင်နာမည်ကိုခေါ်ပြီး ထငိုလိုက်သည့်အတွက် အိပ်ပျော်နေပြီဖြစ်သည့် ဇနီးဖြစ်သူရော ကိုလွင်ပါ လန့်နိုးသွားရသည်။





မေမေ ... ဟီး ... ဟီး ... ဟီး

"သား ... သား ... ဘာဖြစ်လို့လဲ မငိုနဲ့တိတ် ... တိတ်"

"သား ဖွားဖွားကြီး ဒေါ်လုံးတင်တို့အိမ် သွားချင်တယ် လိုက်ပို့ပေး ... ဟီး ... ဟီး"

"သား ... သား ... ဘာပြောတယ်"

"ဖွားဖွားကြီးဒေါ်လုံးတင်တို့အိမ် သွားချင်တယ် ... ဟီး ... ဟီး ... လိုက်ပို့ပေး"

ကိုလွင်က

"ဟာ ... သားကလည်း ဒီအချိန် အိမ်လည်တဲ့အချိန် မဟုတ်ဘူးလေ ... မနက်ကျမှ ... သွားပေါ့"

"ဝါး ... လိုက်ပို့ပေး ... ဝါး"

သားက ထိုသို့ပြောနေမှ ... မိခင်ဖြစ်သော မြင့်မြင့်စန်းလည်း သဘောပေါက်သွားသည်။

"ဪ ... အေး ... အေး၊ အိပ်ရာကထတာနဲ့ ဖွားဖွားကြီးတို့အိမ် သွားကြမယ် ဟုတ်လား၊ ဖွားဖွားတို့ အိုးလည်း ဗို့ဝရာ ရှိသေးတယ် ... အိပ် ... အိပ်၊ မနက်စောစော သွားမယ်"



www.burmeseclassic.com

မိခင်ဖြစ်သူက တင်ပါးကို တစ်ချက် နှစ်ချက် ရွရွလေး ပုတ်ပြီး မနက်သွားမည်ဟု ပြောလိုက်မှ သားဖြစ်သူ ပြန်၍ အိပ်ပျော်သွားခဲ့သည်။

"ကျွန်မတို့အိမ်ကို သူတို့အိမ်က ခန်အိုးနှင့် ဟင်းရည်ထည့်လာပြီး ပြန်မပို့ရသေးလို့ ကလေးကို နှိုးပြီး လူကြီးတွေကို သတိပေးတာ"

ဇနီးဖြစ်သူက ယောက်ျားဖြစ်သော ကိုလွင်အား ကလေးငိုရခြင်းအကြောင်းကို ရှင်းပြလိုက်သည်။

"တော်တော့်ကို ကပ်ဖေးနဲ့တဲ့ အဖွားကြီး"

ကိုလွင်က ထိုသို့ မှတ်ချက်ပေးသည်။

ကလေးအိပ်သွားပေမယ့် မြင့်မြင့်စန်းနှင့် ကိုလွင်တို့က ချက်ချင်း ပြန်အိပ်မပျော်တော့။

"ညနေက မမြရင်က မုန့်ဟင်းရည်တွေ ပိုတာနဲ့ ထည့်ပေးလိုက်တာ၊ အိုးကို ချက်ချင်းပြန်မပို့လို့ လာပြန်တောင်းတာ ဖြစ်ရလေ အေကြီးရယ်"

မြင့်မြင့်စန်းက ထိုမျှပြောပြီး ပြန်အိပ်ပျော်သွားသည်။ ကိုလွင်က ပြန်အိပ်မရတော့။ သေပြီးသည်မှာ တစ်နှစ်ရှိသည့်တိုင် အိမ်ကြီးကို အစွဲအလန်းကြီးပြီး မကျွတ်မလွတ်သေးသော ဒေါ်လုံးတင်၏





ကြောင်း ပြန်လည် တွေးနေမိတော့သည်။

* * * * *

ဒေါ်လုံးတင်တို့က ရန်ကုန်ဇာတိ မဟုတ်ပါ။ ဇာတိက မိတ္ထီလာ သမှ ဖြစ်သည်။ ထိုဒေသမှနေ၍ ရေကြည်ရာ မြက်နုရာသို့ ပြောင်းလာကြခြင်းပါ။

ရန်ကုန်ရောက်တော့ ကြည့်မြင်တိုင်မှာ နေကြသည်။ ထို ကြည့်မြင်တိုင် ကျူးကျော်ရပ်ကွက်ကို ဖျက်၍ တောင်ဥက္ကလာ သစ် အကွက်ရိုက်၍ နေရာချပေးသည်။

သို့ကြောင့် ကြည့်မြင်တိုင်မှ တောင်ဥက္ကလာမြို့သစ်သို့ ပြောင်း လာကြသည်။

ဒေါ်လုံးတင်က တောင်ဥက္ကလာ ဆယ့်သုံးရပ်ကွက်မှာ ပေ ဆယ်ခြောက်ဆယ် တစ်ကွက် ရလိုက်သည်။

ထိုမြေကွက်တွင် ယာယီဝါးတဲထိုး၍ နေထိုင်ခဲ့သည်။ ထို က ရပ်ကွက်အသစ်ဖြစ်၍ သစ်ပင်ဝါးပင် အပင်ကြီးများ သို့ပေမယ့် ဒေါ်လုံးတင်ခြံအတွင်း မန်ကျည်းပင်ကြီးတစ်ပင် သည်။

လမ်းများကလည်း အကွက်ရိုက်မြေပို့ထားသဖြင့် မိုးတွင်း



www.burmeseclassic.com

ဆိုလျှင် မြေမျက်စိမြုပ်သည်အထိ ဗွက်များရုန်း၍ သွားရသည်။

ဒေါ်လုံးတင်က နယ်မှ တူနှစ်ယောက်နှင့် တူမတစ်ယောက်ကို ခေါ်ကာ ရန်ကုန်တွင် အလုပ်ရှာ လုပ်စေသည်။

ဒေါ်လုံးတင်က အပျိုကြီးဖြစ်သည်။ အိမ်ထောင်ပြုရန်လည်း စိတ်မကူး၊ ရန်ကုန်လာစဉ်က မောင်ဖြစ်သူ လင်မယားနှင့်အတူ လာပြီး ကြည့်မြင်တိုင် ကျူးကျော်ရပ်ကွက်မှာ လေးငါးနှစ်မျှ အတူ နေခဲ့သည်။

ရပ်ကွက်ဖျက်ပြီး တောင်ဥက္ကလာတွင် နေရာပေးမည်ဟု အမိန့်စာထွက်လာစဉ် ထိုရပ်ကွက်အခြေအနေကို သွားလေ့လာ ကြည့်ရှုပြီး ရပ်ကွက်အသစ်မှာ မနေချင်ဟုဆိုကာ မိတ္ထီလာသို့ လင်မယားနှစ်ယောက် သားသမီးများနှင့်အတူ ပြန်သွားကြသည်။

ဒေါ်လုံးတင်က သတ္တိရှိရှိနှင့် ရရှိသောမြေကွက်ကိုယူပြီး ပြောင်း လာခဲ့ခြင်းဖြစ်သည်။

နေထိုင်၍ အတည်တကျဖြစ်သည့်အခါ ရပ်ကွက်ဈေးတွင် ဟင်းသီးဟင်းရွက် ရောင်းသည်။

ဈေးရောင်းပေမယ့် အသား၊ ငါး ဝယ်မစား ရောင်းမကုန်၍ ကျန်သော ဟင်းသီးဟင်းရွက်များကိုသာ ချက်စားသည်။

ခြံအတွင်း အိမ်ရှေ့၌ရှိသော မန်ကျည်းပင်ကလည်း အမြင့်





ပေနှစ်ဆယ်ခန့်ရှိသည်။

ထိုအပင်မှာ မန်ကျည်းရွက်များ နုသည်နှင့် အပင်ပေါ် ကိုယ်တိုင်တက်ကာ ရွက်နုများကို ခူးသည်။

ဈေးသိမ်းပြီး အိမ်ပြန်ရောက်လျှင် ထမင်းစားသည်။ ထမင်း စားပြီးသည်နှင့် တနေကုန် မန်ကျည်းပင်ပေါ်တက်ကာ မန်ကျည်း ရွက်နုများကို ခူးတော့သည်။

မန်ကျည်းရွက်နု ရောင်း၍ ရသည့်ငွေ၊ ဟင်းသီးဟင်းရွက် ရောင်း၍ရသည့် အမြတ်ငွေတို့ကို မစားရက် မသောက်ရက် စုသည်။

အိမ်မှာ ဟင်းချက်လျှင် ဟင်းရွက်အနွမ်းအရော်များသာ နေ့စဉ် ချက်သဖြင့် တူနှင့်တူမတို့က မစားနိုင်။ ဒေါ်အုံးတင်အလစ်မှာ ဟင်းဝယ်ပြီး စားကြသည်။

သူတို့ ရှာဖွေလုပ်ကိုင်သမျှ သူတို့ဝတ်တာ၊ စားတာနှင့်ပင် ကုန်နေသည်။ ဒေါ်လုံးတင်အား ပြန်လည်ထောက်ပံ့မှု မပေးနိုင်ကြ။

ဒေါ်လုံးတင်ကလည်း သူတို့ထံက အထောက်အပံ့ ငွေမရ လည်း ပြဿနာမရှိ။ သူ့ထံက တစ်ပြားတစ်ချပ် မထုတ်ပေးရလျှင် ပြီးပြီဟု သဘောထားသူဖြစ်သည်။

သုံးလတစ်ခါ လေးလတစ်ခါ စု၍ရသော ငွေများကို အလကား သိမ်းမထား၊ အိမ်ကောင်းကောင်းတစ်လုံးဆောက်ရန် ရည်ရွယ်



www.burmeseclassic.com

ချက်နှင့် ပျဉ်းကတိုးသား၊ ကျွန်းသားများ ရသမျှ ငွေဖြင့် ဝယ်၍ ပုံထားသည်။

အကာနှင့်အခင်းအတွက် ပျဉ်းကတိုး ရှာထိုးများကို ဝယ်ယူစုဆောင်းထားသည်။

ငါးအိမ်လေး၏ ခေါင်းရင်းမှာ သစ်ပုံကြီးက တစ်နှစ်ပြီး တစ်နှစ် များများလာသည်။

အသိလက်သမားကို အိမ်တစ်လုံးပြီးရန် သစ်အရှယ်အစား၊ သစ်အရှည် ဘယ်နှစ်ချောင်း၊ တိုင်အတွက် ခြောက်လက်မပတ်လည် ပျဉ်ကတိုး ဘယ်နှစ်ချောင်း၊ ပေအရှည် စသဖြင့် တွက်ချက်နိုင်းပြီး စာရင်းစာရွက်အတိုင်း တဖြည်းဖြည်းချင်း ဝယ်စုခဲ့သည်။

လေးနှစ်အတွင်းမှာ သစ်မျိုးစုံတစ်အိမ်စာ စုဆောင်းရရှိခဲ့သည်။

သို့ကြောင့် ခြေတံရှည် သုံးပင်နှစ်ခန်း၊ မီးဖိုဆောင်ကပ်၊ ပျဉ်းကတိုးနှင့် ကျွန်းများဖြင့်ပြီးသော အိမ်ကြီးတစ်လုံးကို အပျိုကြီး ဒေါ်လုံးတင်တစ်ယောက်တည်း ဈေးရောင်းပြီး ဆောက်နိုင်ခဲ့သည်။

အိမ်အမိုးကို သွပ်ဖြင့် မိုးနိုင်ခဲ့သည်။

ကြည့်မြင်တိုင်မှ အတူတူပြောင်းရွှေ့လာခဲ့ကြသော မိသားစုတော်တော်များများ ရောက်စကအတိုင်း တိုးတက်မှု မရှိသေး၍ အပျိုကြီးဒေါ်လုံးတင် မစားရက် မသောက်ရက် အိမ်ဟာစ်လုံးရအောင်





ဆောက်နိုင်ခဲ့သော အရည်အချင်းကို မြင်ပြီး အံ့သြနေကြသည်။

"တို့တော့ သူ့လို အငတ်ခံပြီး မစုနိုင်ပေါင်၊ သေရင်ကိုယ့်နောက်ပါမှာကျနေတာပဲ၊ သေရင် တူတွေ တူမတွေ စံစားသွားမှာ နည်းနည်းလေးမှ သာဘောမပေါက်ဘူး"

ကွယ်ရာမှာ အကောင်းမြင်သူက အကောင်းပြောသလို၊ အဆိုးမြင်သူများကလည်း အဆိုးအမြင်နှင့် ဝေဖန်ကြသည်။

ဒါပေမဲ့ ဒေါ်လုံးတင်ကတော့ အိမ်ကြီးဆောက်ပြီးသွားပေမင့် အရောင်းအဝယ်မပျက် ရောင်းဝယ်နေခဲ့သည်။

အိမ်ကြီးပေါ်မှာလည်း အိမ်ထောင်မကျသေးသည့် တူနှစ်ယောက်၊ တူမတစ်ယောက်တို့က အခန့်သားတက်နေထိုင်ကြပေမယ့် အဒေါ့် ပွားရေးကို ဝင်မကူညီ ကိုယ်ရသည့်ငွေ ကိုယ်တိုင်သုံးကြသည်။

အိမ်ဆောက်ပြီး ငါးနှစ်ခန့်ကြာမှ တူအကြီးကောင် တင်ငွေနှင့် တူမအေးအေးတို့ ရပ်ကွက်တွင်းမှာပင် ရပ်ကွက်သားများနှင့် အိမ်ထောင်ကျသွားသည်။

ဒေါ်လုံးတင်က တစိမ်းလက်မခံဟု အပြတ်ပြောသဖြင့် အားလုံး အိမ်ခွဲနေထိုင်ကြသည်။

နောက်နှစ်ရောက်တော့ အလတ်ကောင် တင်ဖေလည်း ရပ်ကွက်က မိန်းကလေးနှင့်ပင် အိမ်ထောင်ကျသွားသည်။ တင်ဖေ



www.burmeseclassic.com

က ထိုမိန်းကလေးအိမ်မှာ သွားနေသည်။

သို့ဖြင့် အိမ်ကြီးမှာ အပျိုကြီးဒေါ်လုံးတင်တစ်ယောက်တည်
ကျန်တော့သည်။ ထိုအချိန် အပျိုကြီးအသက်က ခြောက်ဆယ်န
ရောက်နေပြီဖြစ်သည်။

ဒေါ်လုံးတင်လည်း လူက ကပ်စေးနည်းပေမင့် အိမ်မှာ တ
ယောက်တည်းတော့ မနေတတ်။

သို့ကြောင့် ညောင်တုန်းမှာနေသည့် ညီမအရင်း၏ သမီ
မမြရင်ကို အဖော်အဖြစ် သွားခေါ်ခဲ့သည်။ မမြရင်အသက်က ဆယ
ကိုးနှစ်ရှိပြီဖြစ်သည်။

မမြရင်ရောက်လာသည့်အခါ အဒေါ်ဖြစ်သူအား ဈေးမရောင်းရ
ပြောသော်လည်း မရ၊ ဈေးအရောင်း မပျက် ရောင်းခဲ့သည်။

ငွေရေးကြေးရေးလည်း ပူစရာမရှိ၊ လက်ဝတ်လက်စားများပ
ဝယ်ယူစုဆောင်းနိုင်ခဲ့ပြီ၊ ဈေးမရောင်းပါနှင့် ပြောသော်လည်း မရ
သို့ကြောင့် ဈေးတွင် ဈေးသွားမရောင်းပဲ အိမ်ရှေ့တွင် ဆိုင်လေ
ဆောက်ကာ ဈေးရောင်းရန် ပြောမှ အိမ်ဆိုင်လေး ထွက်ဖြစ်သည်

အဒေါ်မရောင်းလျှင် တူမရောင်းသည်။ တူမက အမြဲတမ်
မရောင်းရ။ လူစည်လူကျသောအချိန် သူကိုယ်တိုင်ရောင်းသည်
ငွေရေးကြေးရေး တူမကိုပင် စိတ်မချ။





ထို့နောက် နယ်မှ မောင်ဖြစ်သူ နေမကောင်း၍ ရန်ကုန်
ဆေးရုံကြီးမှာ ဆေးကုရန် ဒေါ်လုံးတင်အိမ်သို့ ရောက်လာသည်။

ကြည့်မြင်တိုင်မှာ အတူနေခဲ့သော မောင်ဖြစ်သည်။ ဆေးရုံ
ရောက်ပြီး တစ်ပတ်ပင်မကြာ အသက်သေဆုံးသွားခဲ့ရသည်။

ဆေးရုံရေခဲတိုက်မှာပင်ထားပြီး သင်္ဂြိုဟ်လိုက်သည်။

ရက်လည်ဆွမ်းကပ်တော့ ဘုန်းကြီးသုံးပါးပင့် ဆွမ်းကပ်ပြီး
သပိတ်သွတ်လိုက်သည်။ ရပ်ကွက်အတွင်း မည်သူ့ကိုမှ မဖိတ်
ကြားခဲ့။

မောင်ဖြစ်သူ သေဆုံးပြီးနောက် ဒေါ်လုံးတင် စိတ်ကျသွားပုံ
ရသည်။

မောင်ဖြစ်သူ သေဆုံးပြီး နောက်တစ်နှစ်မှာ လေဖြတ်ရောဂါ
ရလာသည်။

သို့ကြောင့် အိပ်ရာထဲ လဲတော့သည်။

အဒေါ်ဖြစ်သူ နေမကောင်းသဖြင့် တူနှစ်ယောက်နှင့် တူမ
တို့က လူမမာလာကြည့်ရှုသည်ဆိုပြီး မမြရင် လစ်သည်နှင့် သေတ္တာ
ထဲရော၊ ချောင်ကြိုချောင်ကြားပါမကျန် နေရာအနှံ့ရှာသည်။

ဒေါ်လုံးတင် ဝယ်ယူစုဆောင်းထားသော ရွှေငွေလက်ဝတ်
လက်စားများကို ရှာဖွေယူငင်ကြသည်။



www.burmeseclassic.com

နောက်ဆုံးလေဖြတ်၍ မလှုပ်ရှားနိုင်သော ဒေါ်လုံးတင်၏နားမှ ဝတ်ဆင်ထားသော နားကပ်ကို အကြီးကောင်တင်ဝှေက ချွတ်ယူ သွားပြန်သည်။

မမြင်ရင်သိတော့ ရန်ဖြစ်ရှုံ့မှလွဲ၍ ပြန်ရအောင် မတောင်းနိုင်၊ အားလုံးဒေါ်လုံးတင်၏ တူနှင့်တူမများ ဖြစ်နေကြသည် မဟုတ်ပါလား။

ဒေါ်လုံးတင်တစ်ယောက် ပါးစပ်က ဘာမှ မပြောနိုင်ပါ၊ မျက်လုံးနှစ်ဘက်မှ မျက်ရည်များသာ တစ်ပေါက်ပေါက်ကျရာ၊ မကျေမနပ် ရှိနေတော့သည်။

ထိုသို့ လေဖြတ်၍ အိပ်ရာပေါ်မှာ သုံးလနီးပါး လဲနေရာက နောက်ဆုံးတော့ သေမင်းခေါ်ရာနောက်သို့ လိုက်ပါခဲ့ရတော့သည်။

ထိုအချိန်မှစ၍ လူမမာအဖြစ် ရှိနေခဲ့စဉ်က မျိုသိပ်ထားရာမှ ပွင့်အံထွက်သည့်အလား ဒေါ်လုံးတင်ဝိညာဉ်၏ နှောင့်ယှက်မှုများကို မကြာခဏ ကြုံတွေ့ရတော့သည်။

သူ၏နှမြောတွန့်တိုမှုများကို နာရေးသို့ မကောင်းရာမကောင်း ကြောင်း သတင်းလာမေးသူများအပေါ် ပြုမူရာက အစပြုခဲ့သည်။

ဒေါ်လုံးတင် သေဆုံးသည့်အချိန်ကာလက အိမ်မှာ သုံးရက် ထားပြီးမှ မိမိတို့မြို့နယ် နီးစပ်ရာသင်္ချိုင်းများမှာသာ သဂြိုဟ် ခဲ့သည်။





ကျိုက္ကဆံသင်္ချိုင်းရှိသေးသဖြင့် ထိုသင်္ချိုင်းမှာ သုံးရက်နေလျှင် သဂြိုဟ်မည်ဖြစ်သည်။

ပထမသေသည့်ညက အလောင်းကို အခေါင်းသွင်းထားပြီး အိမ်အောက် မချရသေးပေ။

ရပ်ကွက်ထဲမှ မကောင်းရာမကောင်းကြောင်း ရောက်လာကြသူ များကို အိမ်ပေါ်မှာ ရေနွေးကြမ်း၊ ကွာစေ့၊ ဆေးပေါ်လိပ်များချ၍ ညှို့ခံနေသည်။

ရေနွေးကြမ်းအိုး တစ်ခါထည့်ကုန်၍ နောက်တစ်ခါထည့်ပြီး လာချလျှင် ရေနွေးကြမ်းအိုးကို လူကြားထဲမှ ဘေးသို့ ဆွဲသွား သည်။

ဆေးလိပ်များလည်း ထည့်လိုက် ပျောက်လိုက် ဖြစ်နေသည်။

ထိုအခါ လူကြီးများက

"ဟာ ... ဒေါ်လုံးတင်တို့များ သေတာတောင် ကပ်စီးနဲ နေသေးတယ်"

"ဟုတ်ပ့ါဗျာ၊ ဆေးလိပ်က ပိုက်ဆံနဲ့ ပေးဝယ်ရလို့ မသထာ ကိစ္စမရှိဘူး၊ အဝိစိကရတဲ့ ရေကိုကြိုထားတဲ့ ရေနွေးတောင် မသ ထာဘူး"

တစ်ကြိမ်မက နှစ်ကြိမ် သုံးကြိမ် ဖြစ်နေတော့ ရေနွေးကြမ်း



www.burmeseclassic.com

လာချပေးသော တူမ မမြရင်က …

"ဒေါ်ကြီး၊ ကိုယ့်အိမ်လာလည်တဲ့ လူတွေကို ညှော်ခံနေတာ အလုပ်ပါနဲ့။ အခုလို လုပ်နေရင် နောက်ညတွေ ဘယ်သူမှ လာတော့မှာ မဟုတ်ဘူး"

ထိုသို့ ပြောလိုက်မှ ရေနွေးအိုး၊ ရေနွေးဇန်း၊ ဆေးလိပ် ယူသွားခြင်းကို မပြုလုပ်တော့ပေ။

လူတွေအားလုံးနီးပါး ပြန်သွားကြပြီး မကင်းရာမကင်းကြောင်း လူများသာ ကျန်တော့သည်။

ထိုအခါမှ အခေါင်း၏ နောက်ကျောဘက်တွင် ဆေးပေါ့လိပ် ဆယ်လိပ်ခန့်မျှကို တွေ့ကြရသည်။ ညှော်သည်မှာ ကုန်အောင် သောက်သွားမည်ဆိုး၍ နှိုက်ယူထားခြင်းဖြစ်သည်။

ထိုညအပြင် နောက်ညမှာလည်း ပြဿနာ အနည်းငယ်တော့ ဖြစ်လိုက်သေးသည်။ သုံးရက်မြောက်နေ့မှာ အသုဘချသည်။

အသုဘချပြီး ညနေပိုင်း အပြင်လူမရှိတော့။ ဒေါ်လုံးတင်၏ တူနှစ်ယောက် မိသားစု၊ တူမမိသားစုနှင့် နယ်မှရောက်လာသော ဒေါ်လုံးတင်အမျိုးတစ်စုသာ ရှိတော့သည်။

ဒေါ်လုံးတင်၏တူ တင်ငွေနှင့် တင်ဖေတို့က အရက်လေး တမြမြ ဖြစ်နေသည်။





တင်ငွေက အိမ်ပေါ်မှာ အသိမိတ်ဆွေများနှင့် စကားထိုင်ပြောနေသည်။

တင်ဖေက အိမ်ရှေ့မှာ တည်ထားသော ရေနွေးအိုးကြီးကို မီးထိုးပေးနေသည်။

ရေတစ်ထမ်းကောင်းစွာဝင်သော ရေနွေးတည်သည့် အိုးကြီးအတွင်း ရေနွေး ဆူလိုက် ထည့်လိုက်၊ ရေထပ်ဖြည့်လိုက်နှင့် တစ်နေ့လုံး မီးမိုပေါ်မှ မချဘဲ တည်ထားခြင်းလည်းဖြစ်သည်။

ထိုစဉ် အနားသို့ လူငယ်တစ်ယောက် ရောက်လာပြီး …

"ကိုတင်ဖေ နေ့ခင်းက အလောင်းထမ်းပိုးတဲ့ကောင်တွေ အရက်သောက်ချင်သေးတယ်လို့ ပြောနေတယ်"

"သချိုင်းက ပြန်လာတုန်း နှစ်ပုလင်းတောင် ပေးလိုက်သေးတယ်"

"ကျော်မြင့်နဲ့ ငွေဝင်းတို့က ရှိသေးရင် သောက်ချင်သေးတယ်တဲ့"

ကျော်မြင့်က သူ့မိန်းမ၏ မောင်၊ သူ၏ ယောက်ဖဖြစ်သဖြင့် ပြဿနာ ရှာမနေတော့ဘဲ …

"အေး … ဒါဆို၊ နှစ်ပုလင်း သွားဝယ်ခဲ့၊ ရော့ပိုက်ဆံ"

"ငါ ဒီအခုနပင်ပေါ်က အုန်းသီးလေးငါးလုံးတက်ခူးထားမယ်၊



www.burmeseclassic.com

အုန်းရေနဲ့ အရက် ရောသောက်ရမယ်"

"ခင်ဗျား တက်နိုင်ရင် တက်ထားလေ ... ဟိုကောင်တွေ ကိုပါ ဝင်ခေါ်ခဲ့မယ်"

အောင်စိုးက အရက်ဝယ်ရန် ထွက်သွားသည်။

တင်ဖေလည်း အုန်းပင်ပေါ်တက်ရန် ပြင်ဆင်တော့သည်။ သူ့ရွာမှာနေစဉ်က အုန်းပင်တက်နေကျ။ ယခု အုန်းပင်က အမြင့် ဆယ့်ငါးပေခန့်သာရှိသဖြင့် အသာလေးတက်နိုင်သည်။

သို့ကြောင့် ပုဆိုးကို ခါးတောင်းမြောက်အောင် ကျိုက်ပြီး သစ်ပင်ပေါ်သို့ စတင်တက်လိုက်သည်။

တင်ဖေတစ်ယောက် ပင်စည်တစ်ဝက်ခန့်ပင် မရောက်သေး။

အုန်းပင်ထိပ်ဖျားက မည်ကဲ့သို့ ဖြစ်သွားသည် မသိ။ ဝေါခနဲ လှုပ်ရှားသွားကာ ...

"ဝုန်း"

"ဗိုန်း"

"ဘာ"

"ဟဲ့ ... ဟဲ့ ... ဘာသံကြီးလဲ"





"ဘာကျတာလဲ"

အိမ်ပေါ်မှာ ထိုင်စကားပြောနေသူများ အိမ်အောက်သို့ အပြေး ဆင်းလာသူက ဆင်းလာ၊ အိမ်ပြတင်းပေါက်မှကြည့်သူက ကြည့်၊ အသံမျိုးစုံနှင့် မေးကြတော့သည်။

ထိုအချိန် တင်ဖေက အုန်းပင်ပေါ်က ပြန်ဆင်းလာသည်ကို အားလုံး တွေ့ကြတော့၊ တင်ဖေ အုန်းသီးတက်ခူးသဖြင့် အုန်းခိုင် ကျတာဟု ထင်ကြသည်။

"တင်ဖေ ... နင့်ကို ဒေါ်လေး ကန်ချလိုက်ပြီလားလို့"

"ဘယ်မှာလဲ အုန်းခိုင်"

"ဟိုမှာ ... ကျုပ်အပင်ပေါ်တောင် မရောက်သေးဘူး။ တက်မလို့ပြင်ရုံပဲ ရှိသေးတယ်၊ အုန်းပင်ပေါ်က အုန်းသီးနဲ့ ပစ်ချလို့"

"မသေကောင်း မပျောက်ကောင်းကွာ"

ဖြစ်ပုံက တင်ဖေ အုန်းပင်တစ်ဝက်ခန့်ပင် တက်ရသေးသည် အုန်းပင်ပေါ်မှ အုန်းသီးတစ်လုံးကို အုန်းပင် ပင်စည်နှင့် ဆယ်ပေခန့် အကွာမှာ တည်ထားသော ရေနွေးအိုးအဖုံးပေါ်သို့ အားကုန် ပစ်ချလိုက်သကဲ့သို့ ကျသွားသည်။

ရေနွေးအိုးအဖုံးကြီးက အုန်းသီးပစ်ချသည့်ဒဏ် ... ခံတော့ကြီးဖြစ်ကာ အိုးထဲသို့ ကျွံဝင်သွားသည်။



www.burmeseclassic.com

"ဟာ အစ်ကိုကလည်း အဒေါ်ရဲ့ နာရေးမှာ အကူအညီ မပေးဘဲ အနှောင့်အယှက်ပေးသလို ဖြစ်နေပြီ"

"ငါ တောင်းပန်ပါတယ်"

ဒေါ်လုံးတင် ဝိညာဉ်က တင်ဖေ အုန်းပင်ပေါ်သို့ ရောက်လျှ တစ်ခိုင်လုံး ခုတ်ချမည်ဖြစ်၍ တစ်ခိုင်လုံးတော့ အခုတ်မခံ။ အုန်းသီ တစ်လုံးကို မကျေမနပ်နှင့် ရူးပြီး ပစ်ချလိုက်ခြင်း ဖြစ်တော့သည်။

သို့ကြောင့် ရိုးရိုးတန်းတန်း ဒန်အိုးပေါ် အုန်းသီးကျပါက ဒန်အိုးအဖုံး ချိုင့်သွားကာ အုန်းသီးလွင့်စင်သွားမည်ဖြစ်သည်။

ယခု ထိုသို့မဟုတ်၊ ဒန်အိုးထဲ အုန်းသီးရော ဒန်အိုးအဖုံးပါ ကျုံ့ဝင်သွားကာ အုန်းသီးအား ဒန်အိုးအဖုံးက ပတ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ အရှိန်ပြင်းပြင်းနှင့် ပစ်ချလိုက်ခြင်းကြောင့် ပုံသွင် သလို ဖြစ်သွားရခြင်းဖြစ်သည်။

မမြင်ရပ်လည်း ဒန်အိုးအဖုံးအစား ဝယ်ပေးလိုက်ရတော့သည်။

ရက်လည် သပိတ်သွတ်တွင် ကျွေးရန် မုန့်ဟင်းခါး အချို ငါးဆယ်မှာမည်ဟု ဆွေမျိုးများ တိုင်ပင်နေကြသည်။

ထိုစဉ် အိမ်ခေါင်မိုးပေါ်သို့ ခဲများ တဒုန်းဒုန်းနှင့် ကျလာ သည်။ ထရံကိုလည်း ထုရိုက်နေသည်။

ထိုအခါ ရပ်ကွက်အတွင်းမှ ဟင်းချက်ရန် တာဝန်ယူမည့်





ဒေါ်ရီက

"တဲ့ မြရင် … နင့်အဒေါ်က မုန့်ဟင်းခါး အချိုင့်ငါးဆယ် ကျွေးမယ်ဆိုတာ မကျေနပ်လို့ အိမ်ကို လာထုရိုက်နေတာ ဖြစ်မယ်"

"အချိုင့်သုံးဆယ်လောက်ပဲ လုပ်ပေါ့ … ကုန်တဲ့အချိန် ရပ်လိုက်၊ သူက ညည်းသိတဲ့အတိုင်းပဲ … သူ့ဝမ်းတောင် သူ မသထားတာ … အချိုင့်ငါးဆယ်လောက် ကျွေးမှာဆိုတော့ သူ ကျေနပ်မှာ မဟုတ်ဘူး"

"ကဲ … ဒေါ်ကြီးရေ၊ မုန့်အချိုင့်ငါးဆယ် မကျွေးတော့ ဘူး … အချိုင့်သုံးဆယ်ပဲ ကျွေးတော့မယ်"

မမြရင်က အသံကုန်ဟစ်လိုက်တော့မှ ခဲကျခြင်း၊ ထရံကို ထုရိုက်ခြင်း မပြုတော့ချေ။

အကျွေးအမွေးရက်မှာလည်း ဒေါ်လုံးတင်၏ ကပ်စေးနဲ မသထားမှုက ရပ်ကွက်သူ ရပ်ကွက်သားတို့၏ ပါးစပ်မှာ ပြော စမှတ် ဖြစ်ခဲ့ရသည်။

ငိုအားထက် ရယ်အားသန်ရသည့်အဖြစ်။

လူငယ် လူရွယ်အချို့က မုန့်ကို သုံးလေးပန်းကန်ကုန်အောင် စားနိုင်ကြသည်။ မုန့်ဟင်းခါးကြိုက်သော အချို့အမျိုးသမီးများ



www.burmeseclassic.com

ကလည်း သုံးလေးပန်းကန်တော့ အသာလေးပင်။

ထိုသို့ နာရေးလာသူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံစဉ် ပြင်ထားသော တစ်ပန်းကန်ကိုစား၍ အကြောင်းမဟုတ်သေး။

မဝသေး၍ ထပ်ယူသည် အကြောင်းမဟုတ်။ နှစ်ပန်းကန် ကုန်၍ သုံးကြိမ်မြောက် ထည့်သူများ ပန်းကန်ဆွဲယူခံရသူများ ရှိသလို ... နရင်းအပုတ်ခံရသူများလည်း ရှိသည်။

ထိုအခါ ... သုံးကြိမ်မြောက် ထည့်မစားကြတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ ပန်းကန်ချကာ ဝိုင်းထဲမှ ထွက်ကြရတော့သည်။

"မင်းလိုတော့ ပန်းကန်အဆွဲ မခံရဘူး။ ငါ သုံးပန်းကန် မြောက် ထည့်မယ်လည်း လက်လှမ်းရော ငါ့ဖက်ကို ပုတ်လိုက် တယ်။ ငါလည်း မုန့်ထပ်မထည့်တော့ဘဲ ထခဲ့တာ"

"ငါ့ တိုဘက်က အစ်မကြီးက ငါ ခံလိုက်ရတာကို သိလို့ ပြုံးပြီး ကျန်ခဲ့တယ် ... ငါ့ဒီဘက်မှာ ဘယ်သူမှ မရှိဘူး။ ကယ်ပါပဲကွာ ... ကပ်စေးနဲလိုက်တာ လွန်ရော"

"မင်းကို ရိုက်တာ ဖြည်းဖြည်းလား ပြင်းပြင်းလား"

"ခက်ရှုရှုပါပဲ ... သိသာအောင် လုပ်ပြတာ"

အမျိုးသမီးအုပ်စုများကလည်း ဒေါ်လုံးတင်အကြောင်းသိ၍





စားနိုင်သမျှ ထည့်စားမည်ဟု တိုင်ပင်ကာ စားကြသည်။

သူတို့ထင်သည့်အတိုင်းပင် ပန်းကန်အဆွဲခံရသူက ခံရ၊ ဖက်ကိုအပုတ်ခံရသူက အပုတ်ခံရ ပြောမဆုံးဖြစ်နေကြသည်။

အများနှင့်ဆိုတော့ မကြောက်ကြ၊ အစားကြီးဟဲ့ကောင်မတွေ ဒေါ်လုံးတင်နဲ့မှပဲ လက်မြောက်ကြတော့တယ်ဟု စကြ၊ ပြောင်ကြ သည်ကို ခံရတော့သည်။

သို့ဖြင့် ရက်လည်အကျွေးအမွေးကိစ္စ ပြီးမြောက်ခဲ့တော့သည်။

ညဘက် တူအကြီးတင်ငွေနှင့် ဇနီးသားသမီးတို့ လာစောင့် အိပ်ပေးသည်။ စကားထိုင်ပြောနေကြပြီး ဆယ့်နှစ်နာရီခန့် ရောက်မှ အားလုံးအိပ်ကြသည်။

ညတစ်နာရီခန့်ရောက်တော့ တင်ငွေအား ခြေရင်းဘက်သို့ ခြေထောက်နှစ်ချောင်းကို ဆွဲချသွားသည်။

အား ... အား

အား ... လွှတ် ... လွှတ်

"ဟဲ့ ... ဟဲ့ ... အစ်ကို ... အစ်ကိုက ဘာဖြစ်တာလဲ"

"ငါ့ကို ဒီအထိ ဆွဲချလာလို့"

"ခြေထောက်ကို ဆွဲသွားတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

"ဒုက္ခပါပဲ ... ဒေါ်ကြီးက သူ့အိမ်ပေါ် ငါတို့လာအိပ်တာ မကျေနပ်ဘူးလား မသိဘူး"

"ဒေါ်ကြီးနော် ... ဒေါ်ကြီးရဲ့တူမ မြရင်ကြောက်မှာစိုးလို့ လာစောင့်အိပ်ပေးတာ၊ အခုလို လုပ်နေမယ်ဆိုရင် ကျွန်တော်တို့ လာမအိပ်တော့ဘူး ... ပြန်မယ်"

## ဒုန်း --- ဒုန်း --- ဒုန်း

သူ့စကားဆုံးသည်နှင့် မကျေနပ်သည့်အလား ခြေဆောင့်သံများ အနီးကပ်ကြားလိုက်ရသည်။

"ဒေါ်ကြီးက ငါတို့ လာအိပ်ပေးတာ ကျေနပ်ပုံ မရဘူး။ ပြန်ကြမယ်"

"အို ... အစ်ကိုတင်ငွေကလည်း ပြန်မနေပါနဲ့၊ ကိုယ့်အဒေါ်ပဲ သည်းခံလိုက်ပါ။ ပြန်ရအောင်ကလည်း နီးတာမဟုတ်ဘူး။ အချိန်မတော် ကလေးတွေနဲ့ မကောင်းပါဘူး"

တကယ်တော့ တင်ငွေ တင်ဖေ၊ အေးအေးတို့က ဒေါ်လုံးတင် ...ယူစုဆောင်းထားသော လက်ကောက်နှစ်ကွင်း၊ ဆွဲကြိုးတို့ကို ရှာဖွေယူဆောင်သွားသလို တင်ငွေကလည်း ရက်စက်စွာ လေဖြတ်နေသော ဒေါ်လုံးတင်နားမှ နားကပ်ကို အတင်းအဓမ္မ ဖြုတ်ယူ





သွားသည်။

သူတို့ သုံးယောက်ကို ဒေါ်လုံးတင် တမလွန်ရောက်သည်အထိ မကျေချမ်းနိုင်ခြင်း ဖြစ်ပုံရသည်။

သူတို့ကိုယ်တိုင်လည်း သိကြသည်။

အလွန်မှ ကပ်စေးနဲသော ကြီးတော်ထံမှ ရွှေထည်များ၊ မကျန်းမာစဉ် လက်ဦးမှုယူကာ သုံးယောက်သား ခွဲဝေယူခဲ့ကြသည် မဟုတ်ပါလား။

သို့ကြောင့် မိမိတို့ကလည်း မကောင်းခဲ့၍ သည်းခံပြီး တစ်ညလွန်မြောက်ရန် ကြိုးစားအိပ်လိုက်ရတော့သည်။

ထိုည တစ်ညလုံး မည်သူမှ မအိပ်ရတော့။ အိမ်ရှေ့၊ အိမ်ပေါ်၊ အိမ်အောက်ပါမကျန် ထရိုက်သံ ခြေနင်းသံများ ကြားနေရသည်။

မိုးလင်းမှပင် ထိုအသံများ ငြိမ်သွားတော့သည်။

တင်ငွေတို့မိသားစုလည်း စောစောပြန်သွားကြသည်။

ညဘက်ရောက်တော့ မိသားစုနှင့်မဆိုင်သော ရပ်ကွက် အသိမိတ်ဆွေ လူကြီးသုံးလေးယောက်ကို မမြရင်က အဖော်အဖြစ်ခေါ်ပြီး အိပ်ခိုင်းရတော့သည်။

လူကြီးအချို့က မမြရင်ကို အကြံပေးသည်။ အိမ်မှာ အဖော်



www.burmeseclassic.com

လည်းရအောင် ဝင်ငွေလည်းရအောင် အိမ်အောက်ပိုင်း အခန်းဖွဲ့ပြီး ငှားရန်ဖြစ်သည်။

အိမ်ဆောက်စဉ်က ပိုနေသော သစ်တိုသစ်စများ၊ အိမ်ခေါင်းရင်း ဘက်တွင် အပုံလိုက်ရှိနေသေးသည်။

အိမ်ငှားမည့်သူ ရှာပြီး စပေါ်ငွေ ကြိုယူကာ ရှိသော သစ်နှင့် အိမ်အောက်မှာ အခန်းဖွဲ့လျှင် ရနိုင်ကြောင်း အကြံပြုသည်။

လူကြီးများ အကြံပြုသည့်အတိုင်း သူ့အတွက်လည်း အဖော် ရအောင်၊ ဝင်ငွေလည်းရအောင် အိမ်ငှားတင်ရန် လက်သမားခေါ်ပြီး အခန်းဖွဲ့လိုက်သည်။

တစ်ပတ်ကျော်အတွင်းမှာပင် လူငှားတင်၍ရသော အခန်း ရရှိတော့သည်။

အခန်းငှားမည့်သူက မမြရင်နှင့် သိကျွမ်းခင်မင်သူ တစ်လမ်း တည်းနေ မြင့်မြင့်စန်းတို့ မိသားစုလေးယောက်ကို ဖြစ်သည်။

မြင့်မြင့်စန်းနှင့် ကိုလွင်တို့က အိမ်ထောင်ကျပြီးသည်မှာ **လေး နှစ်ခန့်ရှိပြီ။**

**သမီးလေးတစ်ယောက်၊ သားလေးတစ်ယောက် ရှိသည်။** အိမ်ခွဲနေရန် မမြရင်၏အိမ်ခန်းကို ငှားခဲ့ခြင်းလည်းဖြစ်သည်။

ဒေါ်လုံးဟင်နှင့် မြင့်မြင့်စန်း၏မိဘတို့က ယယ်မွေးခြံပေါက်





မိတ်ရင်းဆွေရင်းများဖြစ်သည်။ ကြည့်မြင်တိုင်မှ ပြောင်းရွှေ့လာသူ လူရင်းများ ဖြစ်ကြသည်။

ယခု မြင့်မြင့်စန်းတို့ အိမ်ပြောင်းရွှေ့နေထိုင်ပေမင့် မကျေနပ် သည့် အရိပ်အယောင် လုံးဝမပြ။

ချိုးချိုးချွတ်ချွတ် အသံပင်မကြားရ။

မြင့်မြင့်စန်းတို့ အခန်းမှာ ဘာမှမကြား၊ ဘာမှမဖြစ်ပေမယ့် အိမ်ကြီးအပေါ်မှာ ညဆယ့်တစ်နာရီဆို အချိန်မှန်စွာ ဖျာခွဲခင်းသည့် အသံ ကြားရသည်။

ထိုအဖြစ်ကို ပထမပိုင်း သတိမပြုမိသေး၊ ကိုလွင်က စာရေး သူမို့ ညဉ့်နက်သည်အထိ စာရေးလေ့ရှိသည်။

အိမ်အပေါ်မှာ မီးမှိတ်ကာ မမြရင် အိပ်သွားပြီဖြစ်ကြောင်း သိသည်။

သို့သော် မမြရင် အိပ်သွားပေမယ့် ညဆယ့်တစ်နာရီ ရောက် သည်နှင့် ...

ရှဲ ... ရှဲ ... ရှဲ

ဖျာခွဲခင်းလိုက်သောအသံက ပေါ်လာသည်။ ညတိုင်း ဖျာခင်းသံ ကြားပေမင့် အမှတ်တမဲ့ ရှိခဲ့သည်။

နောက်ပိုင်း ညဉ့်ဆက်လာတော့ သတိထားမိလာသည်။



www.burmeseclassic.com

ထို့ကြောင့် ကိုလွင်လည်း ဇနီးဖြစ်သူအား ထိုအဖြစ်ကို ပြောပြသည်။

ဇနီးမြင့်မြင့်စန်းက စိတ်ဝင်စား၍ စောင့်ပြီး နားထောင်သည်။

"ဆယ့်တစ်နာရီ ထိုးတော့မယ် နားစွင့်ထား"

စိတ်လှုပ်ရှားစွာနှင့် နာရီကိုကြည့်၍ နားစွင့်နေကြသည်။

ထိုအချိန် အပေါ်မှ

ရှဲ ... ရှဲ ... ရှစ်

ဖျာကိုဆွဲ၍ ခင်းသောအသံမှန်း အသေအချာ သိလိုက်သည်။ သည်အချိန်က သက်ကြီးခေါင်းချချိန်ဖြစ်သည်။

ကိုလွင်တို့မိသားစုကို အခြောက်အလှန့်မရှိဟု ထိုပေမင့်၊

တစ်ရက် ညဘက် အပြင်က ဝက်သားဟင်း ဝယ်ခဲ့သည်။

အိမ်မှာ မည်သူမှ မစားရသေးသဖြင့် ဝယ်လာသော ဟင်းနှင့် မိသားစုသုံးယောက် ဝိုင်းထိုင်စားကြသည်။

ထမင်းဝိုင်းလည်း သိမ်းတော့မည်။ အားလုံးလည်း ဝကြပြီ။ ဟင်းပန်းကန်ထဲမှာ ဝက်သားတစ်တုံး ကျန်သေးသည်။

ထိုဝက်သားတုံးကို ကိုလွင်အား မြင့်မြင့်စန်းက ခပ်ထည့်ပေးလိုက်စဉ် ...

အနီးမှာ ဝိုင်းထိုင်စားနေသော သမီးလေးက နောက်ကို





ပစ်လှဲချလိုက်ကာ အားရပါးရ ငိုတော့သည်။

ဘယ်လိုမှ ချော့မရ ...

ကလေးပါးစပ်မှ

ကုန်သွားပြီ ... ကုန်သွားပြီ ... ဝါး ... ဝါး ... ဟီး။

ထိုစကားသာပြောပြီး ငိုနေသဖြင့် ကိုလွင်လည်း ပန်းကန်ထဲက အသားတုံးကို မစားဖြစ်သေး။

"သမီးစားချင်လို့လား ... ဖေဖေ ပေးမှာပေါ့"

ဝါး ... ဝါး ... ဝါး ... ကုန်သွားပြီ။

ထိုအချိန် မြင့်မြင့်စန်းက တစ်ခုခုကို သတိရသွားသည့်ဟန်နှင့် ကိုလွင်အား ...

"ရှင် ဟင်းကို ဝယ်လာပြီး ခြံဝမှာ အပြင်ကို စတေးပစ်လိုက်သေးလား"

"ဟာ ... ကိုယ်မေ့သွားတယ်၊ မပစ်လိုက်ရသေးဘူး"

ထိုအခါမှ အသိဝင်လာပြီး ပန်းကန်ထဲမှာ ရှိသေးသော အသားတုံးလေးတစ်တုံးကို ယူ၍ ခြံပြင်သို့ သွားပစ်လိုက်သည်။

"မေ့လျော့သွားလို့ ခွင့်လွှတ်ပါ"

ထိုကဲ့သို့ ပစ်လိုက်မှ ချော့မော့မရအောင် ငိုနေသော သမီးလည်း အငိုတိတ်သွားတော့သည်။



www.burmeseclassic.com

"နောက်ကို ညဘက် ဘယ်တော့မှ အသားတွေ အသား ဟင်းတွေ ဝယ်မလာခဲ့နဲ့"

ဟင်းနည်းသည့်အခါ၊ ဟင်းမချက်ဖြစ်သည့်အခါ အပြင်မှ အသားဟင်းတစ်မျိုးမျိုး ညနေဘက် ညဘက်ဝယ်ခဲ့ပါက အနည်း ငယ်ဖဲ့ပြီး ခြံပြင်သို့ ပစ်သည့်အကျင့်က ဤခြံရောက်မှ လုပ်ဖြစ် ခဲ့သည်။

ယခု မေ့လျော့သွားသည်နှင့် ကလေးကို ဝင်ပူးကပ်ကာ အစာတောင်းခြင်းဖြစ်သည်။

ထို့ကြောင့် နောက်ကို ဘယ်သောအခါမှ အသားဟင်း ညဘက် မဝယ်ရန် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ဤသို့ဖြင့် ဇော်လုံးတင် သေဆုံးခဲ့သည်မှာ တစ်လပင် ပြည့်ခဲ့ပြီ။

လပတ်ဆွမ်းကျွေးရန် တိုင်ပင်ကြသည်။

ဘုန်းကြီးငါးပါးပင့်၍ ဆွမ်းကျွေးမည်ဖြစ်သည်။

ထိုအချိန်မှာပင် မမြရင်၏ဖခင်ဘက်မှ အမျိုးများ တိုက်ဆိုင်စွာ ရောက်လာကြသည်။

ယောက်ျားလူရွယ်သုံးယောက်၊ မိန်းကလေးနှစ်ယောက် မမြရင်ဖခင်၏အစ်မနှင့် ညီမတို့ ဦးဆောင်ပြီး ရန်ကုန်မှာ ဘုရား လာဖူးကြခြင်းဖြစ်သည်။





နှစ်ညအိပ် သုံးရက်နေမည်ဟု ဆိုကြသည်။

ကိုယ့် စားအိုးစားခွက်နှင့် လာသည်ဟု ရှင်းပြသဖြင့် မြရင် ရဲ့ စိုးရိမ်ပူပန်မှု ပြေလျော့သွားရသည်။

မမြရင်မိခင်နှင့် ဖခင်က သူတို့အစ်မ၏ ကပ်စေးနဲခြင်း အကြောင်းကို ပြောပြထားပုံရသည်။

ညအိပ်တည်းရုံပဲ တည်းမည်ဟု ရောက်ရောက်ခြင်း စကား ပလ္လင်ခံထား၍ ခဲနှင့်ပစ်သံ၊ ထုရိုက်သံ၊ ခြေဆောင့်နင်းသံများ မကြားရ။

သို့ဖြင့် ဧည့်သည်များ ရောက်သည့် ဒုတိယမြောက် ညနေ ပိုင်း လပတ်ဆွမ်းကျွေးရန်အတွက် အိမ်ပေါ်မှာ အမျိုးသမီးများ ချက်ပြုတ်နေကြသည်။

ဧည့်သည်များ မနက်ပိုင်း ဘုရားလျှောက်ဖူး၍ နေ့နှစ်နာရီခန့် အိမ်ပြန်ရောက်လာပြီး ညနေပိုင်းချက်ပြုတ် ကြော်လှော်ရာမှာ ပိုင်းလုပ်ပေးနေကြသည်။

ဧည့်သည်လူငယ်များက အိမ်အောက်ခြံအတွင်းမှာ ခုံများဖြင့် ထိုင်နေကြသည်။

ဧည့်သည်သုံးယောက်မှ တစ်ယောက်က အုန်းပင်ပေါ်မှာ မြွှတ်လိုက် သီးနေသော အုန်းခိုင်သုံးခိုင်ကို တွေ့သွားသည်။



www.burmeseclassic.com

တစ်ယောက်က တစ်ယောက်ကို အုန်းရေ သောက်ရအောင် တက်ခူးရန် အကြံပေးသည်။

ဒေါ်လုံးတင်နာရေးရက်က အုန်းသီးပစ်ချခံလိုက်ရသော တင်ဖေအကြောင်း လူငယ်များ မသိကြ။

သို့ကြောင့် အကြောက်အလန့်မရှိ၊ အုန်းသီးခူးရန် တိုင်ပင်ကြခြင်းဖြစ်သည်။

လူငယ်သုံးယောက်မှ အသက်နှစ်ဆယ်ခန့်ရှိ လူရွယ်က သူတက်မည်ဟုဆိုကာ ပုဆိုးကတောင်းကျိုက်၍ တက်တော့သည်။

ခဏအတွင်းမှာပင် အုန်းပင်တလက်များအရင်းသို့ ရောက်သွားသည်။

အုန်းခိုင်နှင့် လက်ထိရန် အနည်းငယ်မျှသာ လိုတော့သည်။ ထိုအချိန် အပင်အပေါ်မှ အုန်းပင်တက်နေသော လူရွယ်၏ခေါင်းအား ဖိနင်းချခြင်း ခံလိုက်ရသည်။

"ဟာ … ဟာ … ခြေထောက်ကြီး"

လူရွယ်လည်း အုန်းပင်ကို ဖက်ထားသည့်လက်ကို မလွှတ်၍ လွှတ်လိုက်ပါက ပြုတ်ကျပြီး သေရုံသာ ရှိမည်။

သို့ကြောင့် အပေါ်က နင်းချခြင်းခံနေရသော်လည်း လက်ကို မလွှတ်ဘဲ အားကုန်ဖက်ထားသည်။





ထိုအခါ အုန်းပင်အပေါ်မှ အောက်သို့ ပင်စည်ကိုဖက်လျက်နှင့် လျှောကျလာတော့သည်။

အောက်သို့ရောက်လာသော လူရွယ်မှာ လက်မောင်းနှစ်ဘက်၏ အတွင်းဘက်အရည်ခွံများ၊ ဗိုက်သားတစ်ပြင်လုံးနှင့် ပေါင်နှစ်ဘက် အတွင်းပိုင်း အရည်ခွံများ စုတ်ပြတ်သတ်ကုန်တော့သည်။

အောက်ရောက်မှ …

"အား … အား … ကယ်ကြပါဦးဗျ"

နာကျင်ကြောက်လန့်စွာနှင့် ထအော်သဖြင့်

အိမ်ပေါ်မှ လူများ အောက်သို့ ပြေးဆင်းလာကြသည်။

မမြရင်က ထိုအဖြစ်ကို မြင်တော့

"နင်တို့ကလည်း ဒီအုန်းဦးတွေပဲ မျက်စောင်းထိုးနေကြတယ်၊ ကိုတင်ဖေ အုန်းပင်ပေါ်တက်လို့ အုန်းသီးနဲ့ ပစ်ချလို့ ဒန်အိုးပုံးတစ်ခု အလျော်ပေးလိုက်ရတယ်။ အခုလည်း မသေရုံတာမယ်ပဲ။

"ဟာ … အစ်မကလည်း နာလို့ သေတော့မယ်။ အား … အမေ … ရေ … ကယ်ပါဦး"

ထို့နောက် လူရွယ်လည်း ခြေနှစ်ဘက်ကားပြီး ပုဆိုးပင် ကာပ်၊ တစ်နေ့လုံးတစ်ညလုံး အခန်းအောင်းပြီး အော်ဟစ်နေရတော့သည်။



www.burmeseclassic.com

ဘုရားပူးပြီး သုံးရက်မြောက်နေ့မှာ ဧည့်သည်များလည်း လူနာကို ကန်တော့ပြီး ပြန်ပြန်သွားကြတော့သည်။

ခေါင်းတင်ဝိညာဉ်က ရပ်ကွက်အတွင်းက လူများကို မည်သို့မှ ခြောက်လှန့်ခြင်း မပြုပေမယ့် ခြံအတွင်း ရောက်လာသော သူများကိုတော့ သည်းခံခွင့်လွှတ်ခြင်းမရှိ။

သူပိုင်ပစ္စည်းများကို မမြရင်ကလွဲပြီး မည်သူအားမျှ ယူသုံးဆွဲကိုင်ခွင့်မပြု။ မြင့်မြင့်စန်းတို့၊ ကိုလွင်တို့ကလည်း စပ်စပ်စုစု မရှိ။ ကိုယ့်အခန်းသာ ကိုယ်နေသည်။

ဒါပေမဲ့ ကလေးနှစ်ယောက်ရှိနေ၍ မိဘများကလည်း အမြဲ သတိထား နေရသည်။ သမီးအကြီးက နှစ်နှစ်ကျော်ကျော်၊ သားငယ်က ငါးလနီးပါးရှိနေပြီ။

သမီးလေးကို အမြဲ စောင့်ကြည့်နေရသည်။ ကလေးဆိုသည်က စပ်စုသည့်အရွယ်မို့ ခေါင်းတင်မကြိုက်တာ တစ်ခုခု လုပ်မိမှာ စိုးရိမ်နေသည်။

ထိုအိမ်မှာ ငှားနေ၍ တစ်နှစ်ပြည့်ရန် သုံးလခန့်အလိုမှာ နောက်လမ်းသို့ ကိုလွင်တို့မိသားစု ပြောင်းရွှေ့သွားကြတော့သည်။

မမြင်ရင်ကလည်း သူ့အဒေါ်ဝိညာဉ် မကျွတ်မလွတ်သေးမှန်း သိသဖြင့် အိမ်မပြောင်းရန် မတားတော့။





ထိုသို့ အိမ်ပြောင်းရန် ဆုံးဖြတ်ချက်ချခဲ့ရခြင်းက သမီးလေး ကြောင့်ဆိုလျှင် မမှားချေ။

အဖြစ်က ဤသို့တည်း။

သမီးငယ်က ခြံထဲမှာ အိုးပုတ်များဖြင့် တစ်ယောက်တည်း ကစားနေသည့်အတိုင်း ပြောဆိုနေသည်။

ခဏကြာတော့ ရေလိုချင်၍ ခေါင်းတင်၏ စဉ့်အိုးထဲမှာ ရှိသော ဒန်ဖလားနှင့် ရေတစ်ခွက် ခပ်ယူခဲ့ပြီး အနီးမှာ ချထားကာ ကစားနေသည်။

ထိုအချိန် ကလေးငယ်အနီးမှာ ချထားသော ဖလားခွက်ကို မမြင်ရဘဲ ဆွဲယူလိုက်သည်။

အထဲက ရေများကို သွန်ချလိုက်ပြီး ရေဖလားကို စဉ့်အိုးများ ရာသို့ ပြန်ယူသွားလေသည်။

ထိုကဲ့သို့ လုပ်ကိုင်သော ဝိညာဉ်ကို ကလေးမလေးက မြင်ရသည်လားမသိ။ အော်ငိုပြီး အခန်းသို့ ပြန်ပြေးလာသည်။

"ဖွားဖွားကြီးက ရေတွေသွန်ပြီး ခွက်ကို ပြန်ယူသွားတယ်၊ ဟီး ... ဟီး ... ဟီး"

"တိတ် ... တိတ် .. သမီး၊ သမီးက ဖွားဖွားကြီး ပစ္စည်းတွေ လျှောက်ကိုင်တာပဲ၊ ဖွားဖွားကြီးက မကြိုက်လို့ပေါ့"



www.burmeseclassic.com

"သမီးက ခဏလေး ယူကစားတာပါ"

ကဲပါ သမီးရယ်၊ သမီးကစားချင်ရင် အိမ်ပေါ်မှာ ကစား၊ ဟုတ်လား။ ဖေဖေ အိုးလေးတွေ သွားပြန်ယူပေးမယ်။

ကိုလွင်သည် သမီး၏ ကစားစရာ အိုးပုတ်လေးများကို အိမ်ပေါ်သို့ သွားယူပေးလိုက်သည်။

ထိုကဲ့သို့ အဖြစ်မျိုးနှင့် ကလေးများ မကြာမကြာ ကြုံလျှင် အခက်ဆိုကာ မမြရင်အား သဘောပေါက်အောင် ရှင်းပြပြီး နောက်လမ်းသို့ ပြောင်းရွှေ့ခဲ့သည်။

* * * * *

ဒေါ်လုံးတင် သေဆုံးခဲ့သည်မှာ တစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။

ဒေါ်လုံးတင် တစ်နှစ်ပြည့် ဘုန်းကြီးဆွမ်းကပ်ရန် ဝိညာဉ်ဘဝက ကျွတ်ရန် အလှူလုပ်မည်ဖြစ်ကြောင်း မမြရင်က မြင့်မြင့်စန်းနှင့် တိုင်ပင်သည်။

မုန့်အချိန်တစ်ဆယ်ခန့်သာ မှာပြီး၊ အနီးနားမိတ်ဆွေများကို ဖိတ်၍ နှစ်ပတ်လည် အကျွတ်အလွတ် တရားနာ အလှူပေး အမျှဝေခဲ့သည်။

မြင့်မြင့်စန်းက အလှူပြီးသော် မပြန်သေးဘဲ ဝိုင်းသိမ်းဆည်း





ပေးနေသည်။

ညနေပိုင်း အားလုံး ပြီးစီးပြီဖြစ်၍ အိမ်သို့ ပြန်မည်ပြုသော အခါ မုန့်ဟင်းခါးရည်များ ပိုနေသဖြင့် မမြရင်က ...

"တပြည်ဝင်အိုးနဲ့ အပြည့် ဟင်းရည်တွေ ပိုနေတယ်။ အိုးသေးတစ်လုံးနဲ့ ဟင်းရည်တွေ ထည့်သွား၊ အိမ်မှာက စားမယ့်လူလည်း ရှိတာ မဟုတ်ဘူးဆို၍ ဆန်လေးလုံးဝင်အိုးထဲသို့ ဟင်းရည်အပြည့်နီးပါး ထည့်ကာ ပေးလိုက်သည်။

"နင် မနက် ဈေးလာမှပဲ အိုးပြန်ယူခဲ့"

"အေး ... ငါ မနက်မှပဲ ယူခဲ့တော့မယ် သွားပြီ"

"အေး ... အေး"

မြင့်မြင့်စန်းကလည်း မမြရင်ထည့်ပေးလိုက်သော ဟင်းရည်အိုးကို အိမ်သို့ယူလာပြီး ညစာဟင်းမချက်တော့ဘဲ ထိုဟင်းရည်များဖြင့်သာ စားလိုက်ကြသည်။

ထိုအိမ်မှ ယူလာသော ဒန်အိုးကို တူမဖြစ်သူက မနက်ဈေးလာမှ ယူခဲ့ရန် မှာလိုက်သည်။

ယခုညတွင်းချင်း သူ့အိမ်က ယူခဲ့သော ဒန်အိုးကို မမေ့ရန် ကလေးအား နှိုးပြီး သတိလာပေးနေသည်။

ကလေးက ငိုသဖြင့် မိခင်ဖြစ်သူကလည်း ဒေါ်လုံးတင် ဒန်အိုး



www.burmeseclassic.com

ပြန်ပေးသေး၍ လာပြန်တောင်းခြင်းဖြစ်ကြောင်း သတိရကာ မနက်စောစော ယူခဲ့မယ် ပြောလိုက်မှ ကလေး အငိုတိတ်ကာ ပြန်အိပ်သွားခြင်းဖြစ်သည်။

ကိုလွင်လည်း သူကြုံတွေ့ခဲ့ရသော ကပ်စေးနဲလွန်းလှသည့် ဒေါ်လုံးတင်၏ ဝိညာဉ်အကြောင်းစဉ်းစား၍ အတော်လေးကြာမှပင် အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ရသည်။



မိတ်ဆွေစာပေ

# အခန်း(၇)မှာ ကျွန်မရှိတယ်

"ဒီတစ်ခါတည်းပါ"

"ဘာကွ အဲဒီ ဒီတစ်ခါဆိုတာ အကြိမ်တယ်လောက်များပြီလဲ"

"မင်းမှာ တင်နေတဲ့အကြွေးတောင် မကျေသေးဘူး၊ ထပ်ယူချင်နေသေးတယ်၊ သွားကွာ ... သွား ... ပိုက်ဆံမပါဘဲ ငါ့ဆီလာတယ်တော့မှ မလာနဲ့"

"ခင်ဗျား အဲဒီလို မရက်စက်နဲ့ဗျာ ... ကျုပ်မခံနိုင်တော့လို့ပါ ... ဒီ ... ဒီ ... တစ်ခါတည်းပါ"

"ဝုန်း"

ထိုအခန်းရှင်က တံခါးကို ဆောင့်ပိတ်လိုက်သဖြင့် အပြင်မှာ မျက်နှာငယ်နှင့် ရပ်နေသော အသက်နှစ်ဆယ်ခန့်ရှိ လူရွယ် ခေါင်းငိုက်စိုက်ကျပြီး ကျန်ခဲ့သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

သူ့တစ်ကိုယ်လုံး တုန်နေသည်။

ဒီနေ့တော့ သူ့သွေးသားကို ငြိမ်အောင်လုပ်ရန် မတတ်နိုင်တော့။ လမ်းစက ပျောက်သွားပြီဖြစ်သည်။

သို့ကြောင့် ဇီးလွှာမှနေ၍ စိတ်ဓာတ်ကျစွာ လှေကားအတိုင်း ပြန်ဆင်းလာခဲ့သည်။

တတိယထပ် လှေကားတစ်ဆစ်ချိုးအကွေ့မှာ အလုပ်မှ ပြန်လာသော အမျိုးသမီးတစ်ယောက်နှင့် ဘေးချင်းကပ် ရှောင်လိုက်မိသည်။

အမျိုးသမီးက အသက်ဆယ့်ရှစ်နှစ်ခန့်ရှိသည်ဟု ထိုလူငယ် ခန့်မှန်း ကြည့်လိုက်သည်။

သူ့ဘေးမှ ကပ်ရှောင်လိုက်သော အမျိုးသမီး၏ လက်မှာ လက်ကောက်နှစ်ကွင်းနှင့် လည်ပင်းမှ တစ်ထွာခန့် တွဲကျနေသော ဆွဲကြိုးတစ်ကုံးကို မြင်လိုက်သည်။

ထိုမိန်းကလေးက သူ့ဘေးကပ်ရက်ရှိနေသော အခန်းတံခါးကို ဖွင့်ဝင်နေသည်။

ထို့နောက်ဘာမှ မစဉ်းစားတော့ဘဲ ထိုမိန်းကလေးတံခါး မပိတ်ခင် အတင်းတိုးဝင်လိုက်ပြီး မိန်းကလေးလက်မှ တံခါးဘုကို ဆွဲယူ၍ ပိတ်လိုက်သည်။





"ရှင် ... ရှင် ... ဘယ်သူလဲ"

"အခု ... အခန်းထဲကထွက်"

"မင်းပါးစပ်ပိတ်ထားစမ်း"

လူရွယ်က အမျိုးသမီးမျက်နှာကို လက်သီးနှင့် အားကုန်ပစ်သွင်း၍ ထိုးလိုက်သည်။ အမျိုးသမီး တစ်ဖက်သို့ ခေါင်းလည်ထွက်သွားသည်နှင့် နောက်က သိုင်းဖက်လိုက်သည်။

"မအော်နဲ့ အော်ရင် နင့်လည်ပင်းကို ညှစ်သတ်ပစ်လိုက်မယ်"

"လွှတ် ... လွှတ် ... ခွေးကျင့်ခွေးကြံ မကြံနဲ့"

"နင့်ကို ... ငါ ဘာခွေးကျင့်ခွေးကြံမှ မကြံဘူး၊ နင့်လက်ထဲက လက်ကောက်နဲ့ နင့်လည်ပင်းက ဆွဲကြိုးကို အခု ချွတ်ပေးစမ်း မြန်မြန် ... အသာတကြည်ပေးရင် ... ဘာမှ မလုပ်ဘူး"

"မပေးဘူး ... မပေးဘူး"

"အသာတကြည် မပေးရင် ... ငါ နင့်ကို သတ်ပြီး ယူရမယ်"

"မပေးဘူး၊ အခု အခန်းထဲက ထွက် မထွက်ရင် အော်လိုက်မယ်"

"ဟော့ ... နင့်အသံက အကျယ်ကြီး ထွက်တာနဲ့ နင့်ကို ငါ သတ်ပြီးသားပဲ"



www.burmeseclassic.com

ဘယ်လိုမှ တောင်းမရ၊ မိန်းကလေးက အတင်းရုန်းကန်ထွက် နေသည်။

လူရှယ်က မိန်းကလေးကို ချုပ်ထားသလို ပါးစပ်က မအော် နိုင်ရန်လည်း ကြိုးစားနေရသည်။

ထို့ကြောင့် အနီးမှာ မနက်ပိုင်းအလုပ်သို့ ကမန်းကတန်း ထွက်သွားရသဖြင့် တိုက်လက်စမိးပူကို ပလပ်ဖြုတ်ပြီး မသိမ်း ထားခဲ့ရသေးသည်ကို တွေ့လိုက်သည်။

ထိုမီးပူမှ ကြိုးကို လက်တစ်ဖက်ဖြင့် လှမ်းယူပြီး မိန်းကလေး ၏ လည်ပင်းကို ရစ်ပတ်လိုက်သည်။

ထို့နောက် တင်းနိုင်သမျှ တင်းအောင်ရစ်ပတ် ဆွဲလိုက်သည်။ မိန်းကလေး အသက်ရှူကြပ်ပြီး အကြောဆွဲကာ မကြာခင်မှာပင် အသက်သေဆုံးသွားသည်။

မိန်းကလေးသေဆုံးသွားမှန်း သိသည်နှင့် လက်ကောက် နှစ်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ ပိုက်ဆံအိတ်၊ ဟန်းဖုန်းပါ ယူပြီး တံခါးကို အပြင်မှ ပိတ်လိုက်ကာ အောက်ထပ်သို့ ခပ်တည်တည် နှင့် ဆင်းခဲ့သည်။

မြေညီထပ်သို့ရောက်သောအခါ အသက်(၆၀)ခန့်ရှိ အဖွား တစ်ယောက်ကို လှေကားထိပ်မှာ ဆုံလိုက်သည်။ လူငယ်လည်း





တိုက်မိမလို ဖြစ်သွား၍ ကိုယ်ကိုထိမ်းလိုက်သည်။

"ဟဲ့ကောင်လေး ... ဘယ်အခန်းက ဆင်းလာတာလဲ"

"ငါးလွှာကပါ"

ထိုသို့ပြောပြီး လူရှယ်လည်း လမ်းပေါ်သို့ သုတ်သုတ် လှမ်း၍ ထွက်လာခဲ့သည်။

အချိန်က လမ်းမီးများပင် ထွန်းထားပြီး လမ်းမတစ်လျှောက် အလုပ်ပြန်သူများဖြင့် စည်ကားနေသည်။

* * * * *

အုန်းမောင်တစ်ယောက် ဝပ်ရှော့စောစော သိမ်းမည်ဆိုပါ သော်လည်း ကားတစ်စီးလက်စမသတ်သေးသဖြင့် မြတ်အောင် ဆက်ပြီး ထိုင်နေလိုက်သည်။

သူနှင့်အတူ သူ၏လက်ထောက်ကောင်လေး စိုးနိုင်တစ်ယောက် သာ ကျန်တော့သည်။

အလုပ်ချိန်ဆိုလျှင်တော့ ဝပ်ရှော့မှာ လုပ်သားငါးယောက်၊ ထိုင်မန်နေဂျာတစ်ယောက် ရှိသည်။ ယခု အလုပ်သိမ်းပြီး ပြန်သွား ကြပြီ။

အုန်းမောင်နှင့်အတူ ကောင်လေးစိုးနိုင်တို့ ဝပ်ရှော့မှ ညအိပ်



www.burmeseclassic.com

ညနေ နေကြသူများဖြစ်သဖြင့် သူများတွေ အလုပ်သိမ်းသွားသော် လည်း မသိမ်းသေးဘဲ ဆက်လုပ်နေခြင်းဖြစ်သည်။

"စိုးနိုင် ခဏလာဦး၊ စက်ခေါင်းရှေ့မှာ လာနေစမ်း။ ငါ ... စက်သွားနှိုးကြည့်လိုက်မယ်"

အုန်းမောင် စက်ကို နှိုးကြည့်လိုက်သည်။

တစ်ချက်တည်းနှင့် နှိုးသွားသည်။

"ကဲ ... ရပြီ၊ စက်ခေါင်းအဖုံး ပိတ်လိုက်တော့"

အုန်းမောင်က ကားခေါင်းခန်းအတွင်းမှ ထွက်လာပြီး၊ ကား တံခါးပိတ်လိုက်သည်။

"ကဲ ... ကားကတော့ ပြီးပြီ၊ မနက်မှပဲ စမ်းသပ်မောင်း ကြည့်တော့မယ်"

"မင်း ထမင်းဆာပြီလား"

"မဆာသေးပါဘူး"

"ကဲ ရေချိုးလိုက်ရအောင်၊ မဆာသေးဘူးဆိုပေမယ့် ည ရှစ်နာရီလောက်မှ သွားစားလို့ကတော့ ဘာဟင်းမှ ရတော့မှ မဟုတ်ဘူး"

အုန်းမောင်တို့က အလုပ်ပါးသော ရက်ဆိုလျှင် ဝပ်ရှော့မှာပင် ချက်ပြုတ်စားသည်။





အလုပ်များသောရက်ဆိုလျှင် တစ်ခြံကျော်မှာ ဖွင့်ထားသော ထမင်းဆိုင်တွင် ဝယ်စားနေကျ။

ယနေ့ညနေစာကို ဆိုင်မှာပင် စားရတော့မည်ဖြစ်သည်။ သို့ကြောင့် ဓာတ်ဆီနှင့် လက်မှာပေနေသော ဆီကျီးများကို ဆေး လိုက်သည်။

စိုးနိုင်က ရေချိုးနေရင်းက

"ကိုအုန်းမောင်ရေ ... ကိုအုန်းမောင်"

"ဟေ့ကောင် ... အနားကပ်ပြီး စွတ်အော်နေတယ်"

"ဟိုမှာ ... ကျွန်တော်တို့ အိပ်တဲ့ အခန်းထဲကို အစ်ကိုတို့ ရွာကဆိုတဲ့ အစ်မကြီး ဝင်သွားတာ တွေ့လိုက်တယ်"

"ဟာ ဒီအချိန်မှ ဘာလာလုပ်တာလဲ"

"ဟို ... ပြီးခဲ့တဲ့အပတ်က ငါ့ဆီမှာ ပိုက်ဆံလာချေးတဲ့ မြမြလား"

"ဟုတ်တယ် ... မြန်မြန်ချိုး၊ အားနာဖို့ ကောင်းတယ်"

"ငါ့ကို လခထုတ်မှ ပြန်ဆပ်မယ်လို့ ပြောသွားတယ်။ အခု ... လကုန်ဖို့ ငါးရက်လိုသေးတယ်၊ လာပြန်ဆပ်တာတော့ မဖြစ်နိုင်ဘူး၊ ထပ်ပြီး လာချေးတာနဲ့ တူတယ်"



www.burmeseclassic.com

"ကိုအုန်းမောင်က နောက်ပိုးကြေးနဲ့ ချေးနေတာ မဟုတ်လား"

"ဒါတို့က ရိုးရိုးသားသားပါကွာ"

"ကဲ ... ဒါပြီးပြီ၊ သွားနှင့်မယ်"

"ကိုအုန်းမောင် စောင့်ဦး၊ ကျွန်တော်လည်း ပြီးပြီ"

"လိုက်ခဲ့ကွာ၊ ငါ သွားနှင့်မယ်"

အုန်းမောင်လည်း အခန်းထဲမှာ မြမြကို ရှာသည်။ မတွေ့ ... နောက်ဘက်များ ထွက်သွားသည်လား၊ လှည့်ပတ်ရှာသည် မတွေ့။

"ဟော့ကောင် စိုးနိုင်၊ မင်း ... တကယ်မြင်လိုက်လို့လား"

"မြင်တာပေါ့၊ ရိုးအဝတ်အစားနဲ့ကို ဝင်လာတာ"

"ပြန်ထွက်သွားတာလည်း မတွေ့ဘူးဆိုတော့ ဘယ်မှာ ဝင်ပုန်းနေလဲ မသိတော့ဘူး"

"တော်ပြီ စိုးနိုင်၊ မင်းက ငါ့မြမြကို စိတ်ဝင်စားနေတယ် ထင်ပြီ နောက်တာ မဟုတ်လား။ မြမြဆိုတာနဲ့ ပြာယခတ်မယ် ထင်လို့လား"

"တော်ပြီဗျာ ... တကယ်ကို မြင်ခဲ့တာပဲ"

"ကိုအုန်းမောင်ကို စပို့နောက်ပို့တောင် သတိမရဘူး"





"ကဲ ... အဝတ်အစားလဲလိုက်၊ ထမင်းဆိုင်သွားကြမယ်"

ရေလဲအဝတ်များကို လဲဝတ်ပြီးသည်နှင့် နှစ်ယောက်သား ခုံဝင်းတံခါးကို ပိတ်ကာ ထမင်းဆိုင်သို့ ထွက်ခဲ့ကြသည်။

* * * * *

ညဆယ်နာရီကျော်ခန့် အုန်းမောင်နှင့် စိုးနိုင်တို့ အိပ်ရာ ခင်းပြီး အိပ်ကြတော့သည်။

ဆယ့်တစ်နာရီထိုးမှပင် ... အုန်းမောင် အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်ကာစပဲ ရှိသေးသည်။ မြမြကို အိပ်မက်ထဲမှာ တွေ့နေရသည်။

မြမြက အုန်းမောင်အား မျက်နှာညှိုးငယ်စွာနှင့် စကားပြော လာသည်။

"အုန်းမောင် ... နင် ငါ့ဆီ တစ်ခါလောက် လာလည်ပါလား။ ငါ ... နင့်အကူအညီလိုနေတယ်။ ငါ ... ငါ ... စကား သိပ် မပြောနိုင်ဘူး။ ငါ့လည်ပင်းတွေ နာနေတယ်။

နင် ငါနေတဲ့အခန်း(၇)ကို လာခဲ့ပါလား။ ငါစောင့်နေမယ်။ ငါ နင်ရဲ့ အကူအညီ လိုနေတယ်"

ထိုကဲ့သို့ ပြောပြီး သူ့အနားက ထွက်သွားသည်။ ထို့နောက်



www.burmeseclassic.com

အိပ်မက်ထဲမှာပင် အခိုးအငွေ့လို သူ့အနားက ထွက်သွားသည်ကို မြင်နေရသည်။

သန်းခေါင်ကျော်တော့ ရုတ်တရက် နိုးလာခဲ့သည်။ သို့ကြောင့် ရေသန့်ဗူးထဲမှ ရေတစ်ခွက် ထည့်ပြီး သောက်လိုက်သည်။

အိပ်မက်ထဲမှာ ပေါ်လာသော မြမြအကြောင်းကို ခဏမျှ အတွေးထဲ ရောက်လာသေးသည်။

သူက အခန်းကို လာသည်ဟူသော စိုးနိုင်စကားကြောင့် စိတ်စွဲပြီး မက်သည်ဟုသာ ထင်လိုက်သည်။ ထို့ကြောင့် ပြန်အိပ်လိုက်သည်နှင့် မကြာခင်မှာပဲ အိပ်ပျော်သွားတော့သည်။

*****

နောက်နေ့ မိုးလင်းတော့ မျက်နှာသစ်ပြီး စိုးနိုင်နှင့်နှစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။

"စိုးနိုင် မင်းငါ့ကို မြမြလာတယ်လို့ပြောလို့လား မသိဘူး။ ညက ငါ့အိပ်မက်ထဲမှာ မြမြရောက်လာတယ်ကွ"

"အင်း ... ဆက်ပြောပါဦး"

"သူက အကူအညီတောင်းချင်လို့၊ သူ့အခန်းကို လာလည်ပါဦးတဲ့၊ သူ့လည်ပင်းတွေ နာနေလို့ စကားမပြောပါနဲ့လို့ ပြောပြီး





ပျောက်သွားတာပဲ"

"အင်း ... စိတ်စွဲပြီး မက်တယ်ဆိုတော့ ညက သူ့အကြောင်း ကိုအုန်းမောင် စဉ်းစားမိလို့ နေမှာပေါ့"

"ဟာကွာ ... ဒီကောင်၊ ငါက သူ့ကို မကြိုက်ပါဘူး။ တစ်ရွာတည်းသားချင်းမို့ ရင်းနှီးတဲ့သဘောပါ"

"ကဲ ... ဆိုင်ရောက်ပြီ၊ ကိုအုန်းမောင် ဆိုင်ထဲဝင်ထိုင်နှင့်၊ ခဏနေမှ လာခဲ့မယ်"

"မင်းက ဘယ်သွားမလို့လဲ"

"မုန့်ဟင်းခါး သွားစားမလို့"

"ဟော့ကောင် ဆိုင်မှာ ... မုန့်ဟင်းခါးရောင်းတယ်လေကွာ၊ အစုမှ ထူးထူးခြားခြား"

"ထူးခြားဆို မုန့်ဟင်းခါးရောင်းတဲ့ အဒေါ်ကြီးနဲ့ ပိုင်းကူရောင်းနေတဲ့ သူ့သမီးကို သဘောကျလို့ဗျို့"

"ဖြစ်မှဖြစ်ရလေကွာ"

ခဏနေ စိုးနိုင် ပြန်ရောက်လာသည်။

"ညနေ အလုပ်သိမ်းရင် ... မြမြတို့အခန်းကို သွားလိုက်ြမယ်၊

သူ့ဆီရောက်ဖို့ လိုင်းကားကို လေးဆယ့်ငါးမိနစ်လော



www.burmeseclassic.com

စီးရတယ်၊ သူ့ရုံးပြန်ရောက်ချိန်မှန်းပြီး သွားရင် ဝါ ... ညရှစ်နာရီလောက်မှ ပြန်ရောက်မယ်၊

မင်း ဝါ့ကို မစောင့်ဘဲ ညစာဝယ်စားနှင့်”

“ဟိုက စားခဲ့မယ် ဆိုပါတော့”

“မစားခဲ့ပါဘူးကွာ ... ဒီကြမှ စားမှာပါ”

ထိုကဲ့သို့ ညနေသွားရန် စီစဉ်ထားပေမယ့် ညနေ အပြီးယူမည် ချိန်းထားသော ကားရှိသဖြင့် ည ခုနစ်နာရီအထိ အရေးပေါ်ကားကို ပြီးစီးအောင် ကိုင်နေရသည်။

သို့ကြောင့် ထိုညနေ မြမြနေသောအခန်းသို့ မသွားဖြစ်တော့။ လိုင်းကားနှင့်သွားရင်ပင် အသွားအပြန် တစ်နာရီခွဲ နှစ်နာရီခန့်ကြာမည်ဖြစ်သဖြင့် မြမြထံ သွားမည့် အစီအစဉ်ကို ဖျက်လိုက်ရသည်။

ညစာ စားပြီးနောက် ခဏတာမြတ်နေတော့ အိပ်ရာဝင်ခဲ့သည်။ အိပ်ပျော်ပြီး မကြာခင်မှာပင် အိပ်မက်ထဲမှာ ညှိုးငယ်သောမျက်နှာနှင့် မြမြကို တွေ့ရသည်။

သူနေသော အခန်း(၇)သို့ လာခဲ့စေလိုကြောင်း သူ၏ အကူအညီလိုနေကြောင်း ပြောလျက် သူ့အနီးက အခိုးအငွေ့အဖြစ်နှင့် ပျောက်ကွယ်သွားသည်။





ထိုည လွန်မြောက်၍ မနက်မိုးလင်းသည်နှင့် အစာပြေစားရန် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့သည်။

လက်ဖက်ရည်ဆိုင်က ပြန်ရောက်သည်နှင့် မြမြထံ ဖုန်းဆက်ကြည့်ရန် သတိရသွားသည်။

မြမြပေးထားသော ဖုန်းနံပါတ်ကို အခန်းက စာရင်းမှတ်သော စာအုပ်အတွင်း လှန်လှောရှာလိုက်သည်။

“တွေ့ပြီ”

အုန်းမောင်လည်း ဖုန်းနံပါတ်မှတ်ပြီး မြမြထံ ဖုန်းလှမ်းဆက်လိုက်သည်။

တစ်ကြိမ်ဆက်သည် ဖုန်းပိတ်ထားသည်တဲ့။

နှစ်ကြိမ်ဆက်သည် ဖုန်းပိတ်ထားသည်တဲ့။

သုံးကြိမ်မြောက်လည်း ဖုန်းပိတ်ထားသည်ပဲ ပြန်ဖြေနေသည်။

နေ့ခင်းရောက်ပြန်တော့ ထပ်မံ ဆက်ကြည့်ပြန်သည်။ ထူးခြားမလာ။ ဖုန်းပိတ်ထားသည်ဟုသာ ဆက်သွယ်ရေးက ပြန်ကြားနေသည်။

သို့ကြောင့် မြမြများ နေမကောင်းဖြစ်နေလား၊ မြမြအတွက် အစိုးရိမ်ပိုလာသဖြင့် မန်နေဂျာအား ညနေလေးနာရီခန့် အပြင်ခဏသွားလိုကြောင်း ပြောထားလိုက်သည်။



www.burmeseclassic.com

ညနေလေးနာရီထိုးသည်နှင့် ရေမိုးချိုး အဝတ်အစားလဲကာ မြမြတို့နေသော မြို့နယ်သို့ ကားစီး၍ ထွက်ခဲ့သည်။

သူမြမြအခန်းသို့ ရောက်ချိန်ဆိုလျှင် မြမြလည်း ရုံးမှ ပြန်ရောက်လောက်ပြီဖြစ်သည်။

သူလိုင်းကားကို လေးဆယ့်ငါးမိနစ်ခန့် စီးလိုက်ရသည်။

ငါးနာရီကျော်မှ မြမြတို့နေသော တိုက်ခန်းရှေ့သို့ ရောက်သည်။

မြမြက အဒေါ်မုဆိုးမကြီးနှင့် အတူနေသည်။ အဒေါ်က အခန်းမှာ မရှိတုံ အုန်းမောင်သိသည်။

မြန်မာပြည်သား ဘုရားဖူးအဖွဲ့နှင့်အတူ ရွှေစက်တော်၊ ပုဂံ၊ အလောင်းတော်ကဿပ ဆယ့်နှစ်ရက်ခရီးစဉ်နှင့် ပါသွားကြောင်း သိရသည်။

အဒေါ်ဘုရားဖူးသွားရာမှာ ငွေရေးကြေးရေး ပြည့်စုံစွာပေးလိုက်ချင်သဖြင့် သူ့ထံမှ ပိုက်ဆံခဏလာယူသွားသေးသည်။

ယခုရက်ပိုင်း အဒေါ်က ဘုရားဖူးသွားနေသည်ဖြစ်၍ အခန်းတွင် မြမြတစ်ယောက်တည်း ကျန်ခဲ့မည်၊ မြမြနေသောအခန်းက သုံးထပ်မှာ ရှိသည်။

အုံးမောင်လည်း မြမြအခန်းသို့ တက်လာခဲ့သည်။





အခန်းဝရောက်တော့ တံခါးခေါက်သည်။

အကြိမ်ကြိမ်ခေါက်သည်၊ အတွင်းက တုန့်ပြန်သံ မကြားရ။

သို့ကြောင့် မြမြရုံးက ပြန်မရောက်သေးဘူးထင်၍ မြေညီထပ်သို့ ဆင်းလာခဲ့သည်။

လှေကားထိပ်မှာ ခဏမျှ ရပ်စောင့်နေသည်။

မြေညီထပ်တွင် စတိုးဆိုင်တစ်ဆိုင် ဖွင့်ထားသဖြင့် ထိုဆိုင်အတွင်းသို့ဝင်ကာ ...

ဆိုင်အတွင်း ကောင်တာမှာ ဈေးရောင်းနေသော အဒေါ်ကြီးထံမှ ဖုန်းငွေပြည့်ကဒ်တစ်ကဒ် ဝယ်လိုက်သည်။

"အဖွား ... အဖွားက ဒီတိုက်ပိုင်ရှင်လား"

"ဟုတ်တယ်သား ... ကိစ္စရှိလို့လား"

"အဖွားရဲ့တိုက်သုံးထပ်မှာ ငှားနေတဲ့ မြမြရဲ့တစ်ရွာတည်းသား သူငယ်ချင်းပါ။ မြမြ နေမကောင်းဘူးလားလို့ လာကြည့်တာပါ"

"အခန်းရောက်ပြီးပြီလား"

"ဟုတ်ကဲ့ ... သူ့အခန်းတံခါးသွားခေါက်တာ သူအခန်းထဲမှာ မရှိဘူး ... အလုပ်က ပြန်မရောက်သေးတာဖြစ်မယ်"

"ခါတိုင်းဆို သူ့အဒေါ် အခန်းမှာရှိတယ်။ ဒီအခန်းက လူအရိုနဲ့အတူ ဘုရားဖူးထွက်သွားလို့ အခန်းမှာ မရှိဘူး"



www.burmeseclassic.com

"ဒီအကြောင်း ကျွန်တော်သိပြီးပါပြီ"

"ကျွန်တော် ခဏစောင့်လိုက်ဦးမယ်"

"သမီးရေ ... ဒီကလေးကို ခုံတစ်လုံး ယူပေးလိုက်ပါကွယ်"

"ဟာ ... နေပါစေ၊ ကျွန်တော် လှေကားဝကပဲ ရပ်စောင့်နေလိုက်ပါ့မယ်"

"ခုံယူထိုင်ပါ"

အိမ်ရှင်အဖွားကြီး၏သမီးက ခုံတစ်လုံးယူလာပေးသည်။

"သားနဲ့ မိတ်ဆွေတွေလား၊ အမျိုးလား"

"ကျွန်တော်နဲ့ တစ်ရွာတည်းသားပါ၊ ကျွန်တော်ဒီကို သူအခန်းပြောင်းလာတဲ့နေ့က တစ်ခေါက်ပဲ ရောက်ဖူးသေးတယ်၊ ကျွန်တော်တို့က ပဲခူးတိုင်း ပြွန်တန်ဆာမြို့ကပါ"

"ဪ သိတယ်၊ မြင်းခြံသွားရင် ဖြတ်သွားဖြတ်လာ တွေ့ဖူးတယ်"

အချိန်က ခြောက်နာရီခွဲခန့်ရှိပြီး အလုပ်ပြန်ချိန် ကျော်ပြီ။

"အခန်းထဲမှာများ နေမကောင်းလို့ အိပ်နေလားမသိဘူး။ ကျွန်တော် သွားပြီး အခန်းခေါက်ကြည့်လိုက်ဦးမယ်"

"အဒေါ်လိုက်ခဲ့ရမလား"

"လာလေ အဖော်ပါတော့ ကောင်းတာပေါ့"





"ကျွန်တော် သူ့ကို တွေ့သွားမှဖြစ်မယ်၊ အလုပ်က အားရက်မရှိဘူး"

"ဘာလုပ်တာလဲ"

"ဂားဝပ်ရှော့မှာ လုပ်တာပါ။ အခုတလော သုံးရက်လောက်ရှိပြီ၊ သူ့အကြောင်း အိပ်မက်နေလို့ သူ့ဆီလာခဲ့ဗို့ အိပ်မက်ထဲမှာ လာလာပြီး ပြောနေတာနဲ့ အလုပ်စောစောသိမ်းပြီး ထွက်လာခဲ့တာ"

"မင်းတို့က သမီးရည်းစားလား"

"ဟာ ... မဟုတ်ပါဘူး အဒေါ်၊ တစ်ရွာတည်းသားမို့ ခင်မင်နေတာပါ"

"အေး ... အေး ... တစ်မြို့တစ်ရပ်သားချင်းဆိုတော့ အရေးအကြောင်းဆို အားကိုးကာပေါ့"

"ပြောရရင် အိပ်မက်မကောင်းလို့ နေများမကောင်းဘူးလားဆိုပြီး လာခဲ့တာ"

အခန်းဝရောက်တော့ အိမ်ရှင်အဖွား၏ သမီးကြီးက တံခါးခေါက်လိုက်သည်။

"မြမြ ... မြမြ ... ရှိလား"



www.burmeseclassic.com

**ဒိန်း --- ဝုန်း --- ဝှမ်း**

"ဟာအထဲမှာ ရှိတယ် ... တစ်ခုခုတိုက်မိလို့ ... ကျတဲ့အသံပဲ"

တံခါးဘုကို လှည့်ကြည့်လိုက်စဉ် တံခါးက ပွင့်သွားသည်၊

"ဟင်"

တံခါးပွင့်သွားသည်နှင့် ပုတ်ဟောင် ညှီစို့သောအနံ့က အပြင်သို့ ဝုန်းခနဲ ဆောင့်ထွက်လာသည်။

"ဘယ် ... ဘယ်လိုဖြစ်တာလဲ ... နံလိုက်တာ"

"တင် ... ဟိုမှာ ... ဟိုမှာ"

ကြမ်းပြင်ပေါ်မှာ ပက်လက်အနေအထားနှင့် မျက်လုံးကြီး ပြူးဖောယောင် ပုတ်ပွနေသည့် အလောင်းတစ်လောင်းကို အုန်းမောင်နှင့် အဒေါ်ကြီးတို့ မြင်လိုက်သည်။

"ဟာ ... အမယ်လေး"

အဒေါ်ကြီးက အသံကုန်အော်လိုက်သည်။

မီးပူကြိုးဖြင့် လည်ပင်းကို ရစ်ပတ်သတ်သွားခြင်းဖြစ်သည်၊

သူတို့အခန်းတံခါး ပြန်ပိတ်ပြီး အောက်သို့ ပြေးဆင်းလာခဲ့သည်။





ထို့နောက် ရဲစခန်းသို့ ဖုန်းဆက်၍ အကြောင်းကြားလိုက်ကြသည်။ မကြာခင်မှာပင် စခန်းမှ ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြတော့သည်။

သေဆုံးသူရဲ့အခန်းသို့ သွားကြသည်။

အုန်းမောင်ကို စစ်မေးသည်၊ သေဆုံးသူမှာ လွန်ခဲ့သော သုံးရက်ခန့်ကပင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း မှုခင်းဆရာဝန်၏ ပြောစကားအရ သိရသည်။

အားလုံး ဓါတ်ပုံရိုက်ပြီး အလောင်းကို သယ်သွားကြသည်။

ပတ်ဝန်းကျင်လူများ ပြောစကားအရ သေသူများ ဆွဲကြိုးနှင့် လက်ကောက် အမြဲဝတ်ဆင်ထားကြောင်း ယခု ဆွဲကြိုးနှင့် လက်ကောက်နှစ်ကွင်းပါ မတွေ့သဖြင့် ပစ္စည်းယူ လူသတ်ခြင်းဖြစ်ကြောင်း ကောက်ချက်ချသည်။

သေသူကိုင်ဆောင်သော ဖုန်းလည်း ပျောက်ဆုံးနေသည်။

ဝတ်ထားသော အဝတ်အစားများမှာ ရုံးအဝတ်အစားများ ဖြစ်နေခြင်း၊ သေသူအနီးရှိ ဆွဲခြင်းထဲမှ ထမင်းချိုင့်တွင် ထမင်းဟင်း လက်ကျန်များ မဆေးကြောရသေးခြင်းကြောင့် ရုံးမှအပြန်တွင် အသတ်ခံရခြင်း ဖြစ်နိုင်ကြောင်းလည်း ရဲများ မှတ်ချက်ပေးသည်။

အုန်းမောင် သေသူထံ ဘာကြောင့် ရောက်လာသနည်း။



www.burmeseclassic.com

သံသယမေးခွန်းများနှင့်သာ အမေးခံနေရသည်။

လွန်ခဲ့သော နှစ်ရက်ခန့်ကစ၍ အလုပ်လုပ်ရာ ဝပ်ရှော့သို့ သေသူဗိညာဉ်အဖြစ်နှင့် ရောက်လာကြောင်း၊

ညအိပ်တော့လည်း အိပ်မက်ထဲမှာ သူ့အသက်ရှူကြပ်နေတဲ့ အကြောင်း သူ့အခန်းကို လာခဲ့ဖို့အကြောင်း နှစ်ညခန့် ညစဉ် မက်နေသဖြင့် နေမကောင်းဖြစ်နေသည်ထင်၍ လာခဲ့ရာမှ ယခုလို တွေ့ရခြင်းဖြစ်ကြောင်း ပြောသော်လည်း ...

ရဲက အိပ်မက်ကို မယုံကြောင်း ... အမှန်အတိုင်းသာ ပြောပါရန် ထပ်တလဲလဲ မေးနေသည်။

နောက်ဆုံး စခန်းမှူးက ပြောလာသည်။

တရားခံအစစ်ကို မတွေ့မချင်း သံသယရှိသူအဖြစ် စခန်းမှာ ချုပ်ထားရဦးမည်ဟုပြောကာ အုန်းမောင်အား အချုပ်ထဲ ထည့်ထား လိုက်တော့သည်။

ထိုညအဖို့ အချုပ်ထဲမှာ ခြင်ကိုက်၊ ပြွတ်ကိုက်၊ ပုဆိုးခြုံပြီး ကွေးရပေဦးတော့မည်။ အုံးမောင်အချုပ်ထဲ ရောက်တော့ အချုပ် ခန်းမှာ အဖော်တစ်ယောက်မှ မရှိ။

အုံးမောင် စိတ်ထဲကတော့ မြမြကို မကျေနပ်ချင်၊ သူများ သတ်လို့ သေသွားတာတောင် မဆိုင်သူကို ဒုက္ခလာပေးသွား





သေးသည်။ ဝေ့လည်ကြောင်ပတ် အိပ်မက်ပေးနေမည့်အစား ငါ့ကို ဘယ်ကောင်သတ်သွားတယ် ပြောလိုက်ရုံ ယခု ... ဘယ်သူ သတ်သွားမှန်းမသိ ... ဘာကြောင့် မပြောနိုင်ရတာလဲ။

ည ဆယ်နာရီခွဲခန့် ခြင်ကိုက်သော်လည်း မှေးခနဲ တစ်ချက် အိပ်ပျော်သွားသည်။

ထိုစဉ်မှာပဲ အိပ်မက်ထဲသို့ မြမြရောက်လာပြန်သည်။

"ငါ့ကို ကူညီတာ ကျေးဇူးတင်ပါတယ်၊ ငါ့ကို သတ်တာ ဘယ်သူမှန်း မသိဘူး။ သူ့ခေါင်းကဆံပင်ကိုတော့ မှတ်မိလိုက် တယ်။ အဖြူရောင်နဲ့ အညိုရောင်ဆေး ကွက်တိကွက်ကျား ဆိုး ထားတာတော့ မြင်လိုက်တယ်။

သူ့ခန္ဓာကိုယ်က ဆေးသမားလား၊ အရက်သမားလား တစ်ခုခုတော့ တစ်ခုခုပဲ"

မြမြက ထိုမျှပြောပြီး အိပ်မက်ထဲက ထွက်သွားပြန်သည်။ ထို့နောက် ခြင်ကကိုက်လွန်းသဖြင့် ပြန်၍ နိုးသွားခဲ့ရသည်။ မြမြ အိပ်မက်ကို သတိရသေးသည်။

"တောက် ... အိပ်မက်ကလည်း မက်လို့ကို မဆုံးနိုင်ဘူး"

မကျေမနပ်ပါးစပ်က ပြောရင်း စောစောက နိုးတစ်ဝက် အိပ်မက်ကို ပြန်စဉ်းစားလိုက်သည်။



www.burmeseclassic.com

"ဟုတ်ပြီ ... ငါ့အခက်အခဲကို ဝိညာဉ်ဘဝကနေ စိတ်မကောင်းလို့ သိသမျှ လာပြောပြတာပဲ ... ဒီလောက်ဆို မဆိုးဘူး"

**ဒုန်း --- ဒုန်း --- ဒုန်း**

"ဟေ့ကောင် မအိပ်ဘဲ အခန်းထဲမှာ ဘာလုပ်နေတာလဲ၊ အတီးခံချင်လား"

"ဟာ ... ဆရာက စိတ်ကြီးပဲ၊ သတင်းထူးပေးစရာ ရှိလို့"

အစောင့်ရဲဘော် အနားရောက်လာသည်။

"တာဝန်မှူးဖြစ်ဖြစ်၊ စခန်းမှူးဖြစ်ဖြစ် မရှိဘူးလား"

"တာဝန်မှူးရှိတယ်။ မင်းဝန်ခံတော့မလို့လား"

"ဟာဗျာ ... သွားခေါ်ပေးစမ်းပါ၊ အရေးကြီးတဲ့သတင်း ပေးစရာရှိလို့"

"မင်း ရိတ်ီးယားတား မလုပ်တာ သေချာလား"

"တော်ပြီဗျာ ... မခေါ်ပေးနဲ့၊ မနက်စခန်းမှူးနဲ့တွေ့တော့မှ ပြောတော့မယ်၊ ခင်ဗျားအကြောင်းလည်း ပြောမယ်"

"ဟေ့ကောင် ... ငါ အခု သွားပြောပေးမယ်"

သူ့အကြောင်းပါလာသဖြင့် အစောင့်ရဲဘော် ရုံးခန်းဘက် ထွက်သွားသည်။

မိတ်ဆွေစာပေ



ခဏနေတော့ ပြန်လာသည်။ အုန်းမောင်အား အချုပ်ခန်း တံခါး ဖွင့်ပေးပြီး လက်ထိပ်ခတ်ကာ တာဝန်မှူးရှိရာသို့ ခေါ်သွားသည်။

"ကဲ ... ခုံမှာထိုင်၊ ဘာသတင်းထူး ပြောမလို့လဲ"

"စောစောက အခန်းထောင့်မှာ ထိုင်ငိုက်နေတုန်း အိပ်ပျော်သလို ဖြစ်သွားပါတယ်၊

အဲဒီမှာ သေသူမြမြက ရုတ်တရက်ရောက်လာတယ်။ သူ့ကို အခုလို လာတွေ့လို့ ဝမ်းသာတဲ့အကြောင်း သူ့ကို သတ်တဲ့သူ ဘယ်သူဘယ်ဝါ မပြောတတ်ပေမယ့် လူသတ်သမားက ဆေးသမား လိုလို အရက်သမားလိုလိုတဲ့"

"အင်း မင်းရဲ့ အိပ်မက်နတ်သမီးကပဲ ... အမှန်ပြောတာလား ... မင်းပါးစပ်ကပဲ လျှောက်ပြောနေတာလား၊ နားထောင်ရတာ မဆိုးပါဘူး ... နောက်ထပ် ဘာပြောသေးလဲ"

"ပြောသေးတယ်၊ လူသတ်သမားနာမည် မပြောတတ်ပေမယ့် သူ့ခေါင်းက ဆံပင်ကိုတော့ မှတ်မိလိုက်တယ်တဲ့၊

ဆံပင်ကို အဖြူနဲ့ အနက်ရောင် ကွက်ကြားဆိုးထားတယ်၊ အဖြူရောင်က ပိုများတယ်တဲ့"

"ဟာ ... အဲဒါ၊ အမှန်ပဲလား၊ သူပြောသွားတာလား"

မိတ်ဆွေစာပေ

www.burmeseclassic.com

"ဘာကယ်ပါ ဆရာတို့ရယ် ... သူမပြောဘဲ ကျွန်တော်က လျှောက်ပြောလို့ ဖြစ်ပါ့မလား"

"အင်း ... ဒီတစ်ချက်က တရားခံရှာဖို့ သိပ်ခက်မယ် မထင်တော့ဘူး၊ မင်းစကားသာ မှန်ရင် မင်းဒီညအချုပ်ထဲမှာ နောက်ဆုံးဖြစ်လိမ့်မယ်"

"ဒါပေမဲ့ အခုတော့ ပြန်နေလိုက်ဦး"

တာဝန်မှူးလည်း ရဲဘော်အား အချက်ပေးလိုက်သည်နှင့် အုန်းမောင်အား အချုပ်ခန်းအတွင်းသို့ ပြန်ခေါ်ထည့်ထား လိုက်သည်။

တာဝန်မှူးလည်း စခန်းမှူးအား ဆက်သွယ်ကြည့်လိုက်သည်။

"ဆရာ ..... ဆရာအိပ်ပြီလား"

"ဆို ... ကိစ္စထူးလား"

"ဆရာ အခုအိမ်ရာထဲ ရောက်နေပြီလား"

"မအိပ်ချင်သေးလို့ စာထိုင်ဖတ်နေတယ်၊"

"သတင်းထူးတစ်ခုရလို့ ဆက်လိုက်တာပါ"

"ဆိုပါဦး"

"မြမြဆိုတဲ့ မိန်းကလေးကို သတ်သွားတဲ့အကောင်က ဆေး သမား ဆံပင်အဖြူနဲ့ အညိုရောင် ဆိုးထားတယ်တဲ့"

"ဘယ်သူပြောတာလဲ"





"အိပ်မက်ဆရာသမားလေ၊ အချုပ်ခန်းထဲ မှေးခနဲ တစ်ချက် အိပ်ပျော်သွားတာနဲ့ မြမြက အိပ်မက်ပေးသွားတယ်တဲ့။ သတ်သွား တဲ့ကောင်ရဲ့ နာမည်ဘယ်သူဘယ်ဝါ မသိပေမယ့် ဆံပင်ဆေးဆိုး ထားတာရော လူပုံသဏ္ဌာန်ရော ပြောသွားတယ်တဲ့"

"အင်း ... သေသူက သူအားကိုးလို့ရတဲ့ သူ့မိတ်ဆွေကို အကူအညီတောင်းပြီး သူအသတ်ခံရတဲ့အကြောင်း သိသမျှ လာပြော နေတာကို ... မနက်စောစော စခန်းကို လာခဲ့မယ် ကျွန်တော် ရောက်တာနဲ့ အခင်းဖြစ်တဲ့နေရာကို သွားကြတာပေါ့"

"ဟုတ်ကဲ့ ... ကျွန်တော် စောင့်နေမယ်ဆရာ"

*****

မနက်ရှစ်နာရီ မြမြသေဆုံးခဲ့သော တိုက်ခန်းပိုင်ရှင် ဒေါ်အုံးငွေ အား စခန်းမှူး လာရောက်တွေ့ဆုံပြီး ... သိလိုသမျှ မေးနေသည်။

"အဒေါ် ... ဒီအခန်းတွေ အကုန်လုံး အငှားချထားတာလား"

"အကုန်တော့ မဟုတ်ဘူး၊ ဒီငါးထပ်တိုက်မှာ လေးခန်းပဲ ပြေတ်ရောင်းထားတယ်။ ကျန်တဲ့အခန်းတွေ အငှားချထားတယ်"

"ဒါဆို ဒီတိုက်မှာရှိတဲ့ လူအားလုံး အဒေါ်မှတ်မိမှာပေါ့"

"မှတ်မိတာပေါ့၊ သူတို့ဆီလာလည်တဲ့ လူတစ်ချို့ကလွဲရင်



www.burmeseclassic.com

ဒီမှာရှိတဲ့ လူအားလုံးကို အဒေါ်သိတယ်"

"ဒီတိုက်ဆောက်တာ သုံးနှစ်ကျော်ပြီ၊ အားလုံး လူဟောင်းတွေပဲ၊ သေတဲ့မိန်းကလေးပဲ လွန်ခဲ့တဲ့ ငါးလလောက်ကမှ အခန်းလွတ်သွားလို့ ငှားလိုက်တာ"

"ဒါဆို ဒီအခန်းတွေမှာ ဆံပင်အဖြူနဲ့အညို ဆိုးထားတဲ့ လူငယ်လူလတ်ပိုင်း ရှိလား"

"ဟင်း"

ဒေါ်အုံးငွေက ခဏမျှ စဉ်းစားရင်း ... ပြီးမှ

"မရှိဘူးကွယ့် အားလုံးဆေးဆိုးထားတဲ့ ယောက်ျားလေး မရှိဘူး၊ ဆေးအညိုရောင်ဆိုးထားတဲ့ မိန်းကလေးတစ်ယောက်တော့ ရှိတယ်"

"အဖြူနဲ့အညို ဆိုးထားတဲ့လူ မရှိတာ သေချာလားအဒေါ်"

"သေချာပါတယ်"

"ဒါဆို ဆံပင်ဆေးဆိုးထားတဲ့ လူလတ်ပိုင်း အဝင်အထွက်ရော မမြင်မိဘူးလား"

"မမြင်မိဘူး"

ဒေါ်အုံးငွေက မမြင်ဘူးဆိုပြီး ... တစ်ခုခုကို စဉ်းစားမိကာ

"နေဦး ... ကောင်လေးတစ်ယောက်တော့ လာတာတွေ့မိ





တယ်၊ အသက်နှစ်ဆယ်ဝန်းကျင်လောက်တော့ ရှိမယ်၊ ပိန်ပိန်ပါးပါး မင်းတို့ပြောသလိုမျိုး ဆံပင်ဆေးဆိုးထားတယ်"

"ဘယ်အချိန်က တွေ့ခဲ့တာလဲ"

"လွန်ခဲ့တဲ့ သုံးရက်လောက်က ညနေခြောက်နာရီလောက် ဝန်းကျင်ရှိမယ်။ အဒေါ်က အမှိုက်တွေကောက်ပြီး ခြင်းထဲထည့်နေတုန်း လှေကားပေါ်က အပြေးဆင်းလာတာယ်၊

အဒေါ့်ကို တိုက်မိမလိုဖြစ်သွားလို့ ...

တဲ့ ... ဖြည်းဖြည်းဆင်းမှပေါ့လို့ အဒေါ်က သတိပေးလိုက်သေးတယ်"

"အဒေါ်က ဘယ်အခန်းက လာတာလဲလို့မေးတော့ ငါးလွှာက ဆင်းလာတာလို့ ပြောသွားတယ်"

"ငါးလွှာမှာ ဘယ်သူတွေရှိလဲ၊ တကယ်လာတာ ဖြစ်နိုင်လား အဒေါ်"

"အဒေါ်တော့ မသိဘူး၊ အဲဒီကောင်လေး ... အပြင်လူ အနေနဲ့ တစ်ခါတစ်ခါလာတာတော့ တွေ့မိသလိုပဲ၊ ဆံပင်က အခုနောက်ပိုင်းမှ ဆိုးလိုက်တာဖြစ်မယ်။ ဒါကြောင့် သေချာ မမှတ်မိတာ ... အခုမှပဲ ... အရင်ကလဲ လာဖူးနေတာ သိလိုက်တယ်"

"ဟုတ်ကဲ့ ... ဒီလောက်သိရရင် ရပါပြီအဒေါ် ... ကျွန်တော်



www.burmeseclassic.com

တို့ ဇီးလွှာကို တက်ကြည့်လိုက်ဦးမယ်"

"အင်း ... ဒီအချိန် အချို့အခန်းတွေ ပိတ်ပြီး အပြင်သွားကုန်ကြပြီ၊ တံခါးပိတ်တာနဲ့လည်း ကြုံနိုင်တယ်"

"ဟုတ်ကဲ့ ... တက်ကြည့်လိုက်တာ ကောင်းပါတယ်"

"သားတို့ ... သားတို့"

"ဗျာ ... အဒေါ် ... ကိစ္စရှိလား"

"ဟိုမှာ ... ကားပေါ်တက်မလို့ ပြင်နေတဲ့လူငယ်က ဇီးလွှာမှာနေတဲ့ လူပဲ"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ"

စခန်းမှူးက ထိုလူအား ခဏရပ်ခိုင်းကာ

"နောင်ကြီးက ဇီးလွှာမှာ နေတာနော်"

"ဟုတ်ပါတယ်"

"နောင်ကြီးတို့တိုက်ခန်းကို ဆံပင်အဖြူနဲ့ အညိုဆိုးထားတဲ့ လူငယ် မကြာခဏ လာတယ်ဆို"

"ဗျာ ... မ ... မလာပါဘူး"

"ကျုပ်တို့ ဒီမှာ အသေအချာ မေးပြီးပြီ၊ ခင်ဗျားအခန်းကို မကြာမကြာ လာတယ်တဲ့ ... အဲဒါ ဘာလာလုပ်တာလဲ"

စခန်းမှူးက ခပ်တည်တည်နှင့် အစ်မေးသည်။





"လာတယ် မဟုတ်လား"

"ဟုတ် ... ဟုတ် ... လာပါတယ်"

"သူက ဘယ်မှာနေတာလဲ၊ ဘယ်သူလဲ"

"သူက ရတနာ(၂)လမ်းမှာ နေပါတယ်။ အိမ်နံပါတ်တော့ မသိပါဘူး။ သူ့အိမ်က နှစ်ထပ်တိုက်ခံ ပျဉ်ထောင်အိမ်ပါ"

"အဲဒီလောက်ဆို ဆရာတို့ စုံစမ်းရင် ရပါပြီ၊ သူ့နာမည်က စိုင်းနော်လို့ ခေါ်ပါတယ်"

"ခင်ဗျားဆီ သူ ဘာလာလုပ်တာလဲ"

"ငွေရေးကြေးရေး အချေးအငှားဆိုပါတော့ ... ငွေချေးထားလို့ လာပြန်ပေးတာပါ"

"ခင်ဗျားဆီ ဘယ်အချိန်နောက်ဆုံးလာတာလဲ"

"လွန်ခဲ့တဲ့နှစ်ရက် ... အဲ သုံးရက်လောက်က ထင်ပါတယ်၊ ဝိုက်ဆံအကုန်မဆပ်နိုင်သေးလို့ လာပြောတာ ... ကျွန်တော် အော်ထုတ်လိုက်လို့ ပြန်ဆင်းသွားတာပဲ"

"အင်း ... ဒါဆို၊ ခင်ဗျားလိုက်ပြလို့ ရမလား"

နေ့ဆယ်နာရီခန့်တွင် စိုင်းနော်အား သူ့သူငယ်ချင်းတစ်ယောက်၏အိမ်မှာ တွေ့ရှိဖမ်းမိလိုက်သည်။

စိုင်းနော်ကလည်း ငြင်းကွယ်မှု မရှိဘဲ ဝန်ခံပြီး အဖမ်းခံသည်။



www.burmeseclassic.com

စိုင်းနော်မှာ ဆေးစွဲနေသည့်အတွက် သူ့အား စစ်ဆေးရာ ဇါးလွှာမှာ နေသူကိုပါ ပစ္စည်းများနှင့်အတူ ဖမ်းမိလိုက်သည်။


စိုင်းနော်ကို ဖမ်းမိလိုက်ပြီးနောင် အုံးမောင်အား ရဲစခန်းမှ ပြန်လွှတ်ပေးလိုက်သည်။

"အစကတည်းက မင်းမဟုတ်မှန်း ငါတို့သိတယ်။ တရားခံက အနီးနားမှာ ရှိတယ်ဆိုရင် မင်းကိုတရားခံအနေနဲ့ အဖမ်းပြလိုက်တော့ ရှောင်တိမ်းဖို့ ဘယ်စဉ်းစားတော့မလဲ"

"ဟုတ်ကဲ့ ... သဘောပေါက်ပါပြီ၊ ဒါပေမဲ့ မြမြသာ အိပ်မက်ထဲမှာ လာမပြောရင် အချုပ်ထဲ ဘယ်နှစ်ည အိပ်ရဦးမလဲ မသိဘူး"

စခန်းမှူးက အုံးမောင်အား ပြုံးပြလိုက်သည်။

မြမြအားသတ်သော တရားခံ မိသွားခဲ့ပြီဖြစ်၍ ဝမ်းသာပါသော်လည်း သေဆုံးသွားသည့် မြမြအတွက် စိတ်မကောင်းစွာနှင့် ဝပ်ရှော့သို့ ပြန်လာခဲ့တော့သည်။





# ဆယ့်နှစ်ကြိုး "ကဝေ"

ပွန်တန်ဆာမြို့တောင်ဘက် မြို့နှင့် တစ်ဆက်တည်းရှိနေသော အိမ်ခြေနှစ်ထောင်ကျော်ရှိသည့် ချောင်းရင်းရွာ။

ယခင်က ထိုရွာကြီးမှာ နေထိုင်ကြသော ရွာသာအားလုံးနီးပါး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးမြူကြသည်။

နောက်ပိုင်းမှာတော့ ဘုရှိအိမ်ထောင်စု သုံးပုံတစ်ပုံလောက် လယ်ယာအလုပ်ကို စွန့်လွှတ်ပြီး ခြံအလုပ်ကိုသာ အသက်မွေး ဝမ်းကြောင်း ပြုကြသည်။

ခြံများက ကျယ်ဝန်းလှသည်ဖြစ်၍ မိသားစု တစ်ဝမ်းတစ်ခါး အတွက် မိမိခြံအတွင်းမှာပင် စိုက်ပျိုးစား၍ လုံလောက်ပေသည်။

များသောအားဖြင့် ခြံအတွင်း ပန်းမျိုးစုံ စိုက်ပျိုးခြင်းဖြစ်သည်။



www.burmeseclassic.com

ယခင်က မြို့များအတွင်း ဇော်စိမ်း၊ ဇော်ကြား၊ တောင်စွန်ဖက်တို့သာ အစိုက်များသည်။

တောင်စွန်ဖက်မှာ ယခင်က အလွန်တွင်ကျယ်သော ရောင်းကုန်ဖြစ်သည်။ အသားငါးအမျိုးမျိုး၊ စားစရာအမျိုးမျိုးတို့ ထုတ်ရာတွင် သုံးမပါလျှင် မပြီးပေ။

ယခု ကျွတ်ကျွတ်အိတ်များက တောင်စွန်ဖက်နေရာမှာ အစားဝင်ယူသွားသဖြင့် တောင်စွန်ဖက် စိုက်ပျိုးခြင်းက အလုပ်မဖြစ်တော့။

ယခု ဇော်စိမ်း၊ ဇော်ကြား၊ တောင်စွန်းဖက်တို့ စိုက်ပျိုးရာမှ စီးပွားဖြစ် လူကြိုက်များသော ပန်းများကို ပြောင်းလဲ စိုက်ပျိုးကြသည်။

မြို့ကြီးများက အကျယ်ပေတစ်ရာ၊ အရှည်ပေနှစ်ရာကျော်မျှ ကျယ်သော မြို့ကြီးများဖြစ်သဖြင့် မျက်စိပွင့် နားပွင့်ဖြစ်ကာ မြို့လွတ်များ မထားတော့ဘဲ ယနေ့ အရောင်းအဝယ် ဖြစ်ထွန်းသော ပန်းများကို မြို့လုံးပြည့်မျှ စိုက်ကြတော့သည်။

ပိုက်ဆံအရင်းအနှီး တတ်နိုင်သူများက အဝီစိတွင်း တူးကြသည်။ များသောအားဖြင့် ရေတုံကင်ကို အဓိက အတူးများသည်။

ရေတုံကင်ကို မော်တာတစ်ကာ ရေတင်ကြသည်။

ရေက အနက်ကြီး မတူးရ၊ ဆယ်ပေမှ ဆယ့်ငါးပေ တူး



သည်နှင့် ရေထွက်သဖြင့် ရေတုံကင်များဖြင့်သာ ရေတင်ကြသည်။

တစ်မြို့ကို ရေ့ပိုင်းတစ်တွင်း နောက်ဘက်တစ်တွင်း တူးကြသည်။

ယခု ... ပြဿနာ ဖြစ်ရသည်က ပန်းမြို့ပိုင်ရှင်များ တစ်ဦးနှင့်တစ်ဦး ဖောက်သည်လု ရောင်းချရင်း မကျေမနပ် ရန်လိုမုန်းထား အငြိုးကြီးကာ ဖြစ်ပေါ်လာသော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

ပန်းဝယ်ယူ ရောင်းချနေသော ပန်းကုန်သည်များက မြို့များအတွင်း ဆင်း၍ အချို့က မြို့ချုပ်ဝယ်သည်။

အချို့က အပတ်စဉ်ထွက်သမျှ ပန်းအားလုံး လက်ငင်းရှင်း၍ ပုံမှန်ဝယ်ခြင်းဖြစ်သည်။

ထိုကုန်သည်များက ပန်းများကို ညောင်လေးပင်၊ နိုက်ဦး၊ ပဲခူး၊ ရန်ကုန် ပန်းဈေးကွက်အထိ ပို့ချရောင်းချခြင်းဖြစ်သည်။

ဒေါ်ဖွားရှင်နှင့် ဒေါ်ခင်မျိုးအေးတို့က မြို့ခြင်းကပ်ရက် ပန်းစိုက်ပျိုးသူများဖြစ်သည်။

ထိုပန်းမျိုးက အရိပ်ရအပင်ကြီးများအောက် ပိုမိုဖြစ်ထွန်းသည်။

သို့ကြောင့် အုန်းပင်များ၊ သရက်ပင်များ၊ ပင်ကြီးများ

www.burmeseclassic.com

အောက်မှာ အတန်းလိုက် စိုက်ထားသည်။

ပင်ကြီးများမရှိသော နေရာလွတ်များမှာ ဗူးပင်၊ ပဲစင်၊ ပဲပုစွန်များ ထိုးထားကာ စိုက်ပျိုးထားသည်။ သို့ကြောင့် ပန်းအပြင် ရာသီပေါ် စားစရာ ဗူးပဲတောင့်ရှည်၊ ပဲပုစွန်များကိုလည်း ခူး၍ ရောင်းချခြင်းဖြင့် ဝင်ငွေရရှိပြန်သည်။

ဒေါ်ခင်မျိုးအေးတို့ခြံကို ပုံမှန်လာဝယ်နေသည့် ပန်းကုန်သည်က ကိုစိုးလွှင်နှင့် မနှင်းတို့ လင်မယားဖြစ်သည်။

ဒေါ်ဖွားရှင်ခြံကို ဒေါ်အေးတင်က ပုံမှန်ဝယ်သည်။ ထိုပန်းကုန်သည်နှစ်ဦးတွင် ဒေါ်အေးတင်က ငွေကြေးပို၍ ပြည့်စုံသည်။ ဒေါ်အေးတင်က ဒေါ်ဖွားရှင်ခြံအပြင် အခြားနှစ်ခြံ သုံးခြံကိုလည်း ငွေကြိုပေး၍ ချုပ်ထားသေးသည်။

ကိုစိုးလွှင်နှင့် မနှင်းတို့က ငွေကို ကြိုမပေးဘဲ အပတ်စဉ်ထွက်သမျှ အပင်အရေအတွက်သာ လက်ငင်းငွေချေစနစ်ဖြင့် ဒေါ်ခင်မျိုးအေးခြံ တစ်ခြံတည်းသာ ပုံမှန်ယူသည်။

မြလက်ကောက်မှာ ဝယ်လက်ကြိုက်သော အပင်ဖြစ်သဖြင့် ပွဲစားတိုင်း ရသမျှ ယူသည်။ တစ်ပင်ကို သုံးလေးခက်မျှ ပင်စည်ပတ်လည်က ထွက်နေသည်။

ထိုအခက်မှ ရင့်သော ရှည်သောအခက်ကိုသာ ချိုးယူရသည်။





(ဓါးထက်ထက်ဖြင့် လှီးဖြတ်ခြင်းဖြစ်သည်။)

ထိုအခက်ကို လှီးဖြတ်ပြီးပါက ရေနိုင်နိုင်လောင်းပြီး အပင်ညြဇာ ကျွေးပေးလျှင် တစ်ပတ်ဆယ်ရက်အတွင်း ကျန်ပင်စည်အခက်များကို ခူးဖြတ်၍ ရပြီဖြစ်သည်။

ခြံတစ်ခြံကို ပြည့်အောင် သုံးရက်လျှင် တစ်ကြိမ် ကုန်သည်ဝင်သည်။ သုံးကြိမ် လေးကြိမ်ဝင်မှ တစ်ခြံလုံး ခူးဖြတ်ပြီးဖြစ်သည်။

တစ်ခြံလုံး နောက်ဆုံးလက်ကျန် ခူးဖြတ်ပြီးပြီဆိုပါက နောက်သုံးရက်ခန့်ဆိုလျှင် ပထမဆုံး ခူးဖြတ်ပြီးသည့် အပင်လည်း ပြန်လည်ခူးဖြတ်ရသည့်အရွယ်သို့ ရောက်နေပြီဖြစ်သည်။

သို့ဖြင့် ကုန်သည်တို့ သုံးရက်တစ်ကြိမ် ခြံဝင်ကာ ပန်းခူးဖြတ်ကြသဖြင့် ခြံသမားတို့လည်း ဝင်ငွေပုံမှန်ဖြစ်ကာ စီးပွားလမ်းဖြောင့်လာကြသည်။

တစ်ရက် ဒေါ်ခင်မျိုးအေးခြံသို့ ဝယ်နေကျ လင်မယား ရောက်လာချိန် ရောက်မလာခဲ့။

တစ်ကြိမ်ချိုးရက်၊ နှစ်ကြိမ်ချိုးရက် လာမည့်ရက် ရောက်မလာသဖြင့် ဝင်ငွေ ပုံမှန်မရတော့။

ပန်းခက်များကလည်း ချိုးဖြတ်ရမည့်အချိန် မချိုးဖြတ်သဖြင့် အပင်များ ကြပ်လာတော့သည်။



www.burmeseclassic.com

ထို့ကြောင့် ဒေါ်ခင်မျိုးအေးက ယောက်ျားဖြစ်သူနှင့် တိုင်ပင်၍ ဒေါ်ဖွားရှင်ထံ ဝယ်နေကျ ဖောက်သည် ဒေါ်အေးတင်အား မြေထွက်ပန်းများကို တတ်နိုင်ပါက ဝယ်ပါရန် ပြောသည်။

ဒေါ်အေးတင်ကလည်း ကိုစိုးလွင်တို့ပေးသော ဈေးထက် တစ်ခက်ကို နှစ်ကျပ်လျော့ဈေးဖြင့် ပေးဝယ်သည်။ ထိုဈေးကို သဘောတူပါက ရသမျှ အကုန်ဝယ်မည်ဟု ဆိုသဖြင့် ဈေးတည့်ကာ ဒေါ်အေးတင်က မြေထွက်ပန်းများကို လှူငှား၍ ရသမျှ ချိုးဖြတ်ယူသည်။

ထို့နောက်တော့ ဒေါ်ဖွားရှင်မြေထက် ဈေးလျော့၍ရသော ဒေါ်ခင်မျိုးအေးမြေသို့သာ အဓိကဦးစားပေး ဝယ်တော့သည်။

ကြိုတင်ငွေပေးပြီး ချုပ်ထားသော မြေဖြစ်၍ ဘယ်အချိန်ပဲ ဝင်ဖြတ်ဖြတ် အခြားသူအား ရောင်း၍မရဘဲ မိမိကိုသာ ရောင်းရမည် ဖြစ်သည်။

သို့ကြောင့် အမြတ်ပိုကျန်မည့် ဒေါ်ခင်မျိုးအေးမြေသို့ မကြာမကြာ လာချိုးဖြတ်ခဲ့သည်။

တစ်ခက်ကို နှစ်ကျပ်လျော့နှင့် တစ်ခါဖြတ်လျှင် အခက် နှစ်ထောင် သုံးထောင်ရသဖြင့် အနည်းဆုံးသယ်ယူစရိတ် သက်သာသကဲ့သို့ ဖြစ်သဖြင့် ဒေါ်ခင်မျိုးအေးမြေက ထွက်သမျှ ဒေါ်အေးတင်



ယူသည်။

ဒေါ်ခင်မျိုးအေးမြေ သုံးခါလောက်ဝင်မှ ဒေါ်ဖွားရှင်မြေ တစ်ခေါက် ဝင်သည်။

သို့ကြောင့် သူ့လူကို ဈေးလျော့ပြီး ခေါ်ယူရမည်လားဟူ၍ ကွယ်ရာမှာ လျှောက်ပြောသလို မြေခြင်းကပ်လျက်ဖြစ်သဖြင့် မကြားချင်လည်း မရ၊ စောင်းမြောင်းပြောသည်။

သုံးစား၍ မရလောက်သည်အထိ ဒေါ်ခင်မျိုးအေးအား အောက်တန်းကျသည်၊ စိတ်ယုတ်မာသည်တူ၍ပင် ပြောလာသည်။

သူ့၏စီးပွားရေးပျက်အောင် ဈေးဖျက်သည်ဟုလည်း ပြောသည်။

ဒေါ်ခင်မျိုးအေးက ယခုကဲ့သို့ မပြောရန် ကိုယ့်မြေကထွက်တာ ကိုယ်ရောင်းချင်သည့်ဈေး ရောင်းမည်ဟု ပြန်ပြောခဲ့သည်။

ထိုအခါ စိန်ခေါ်သည်အထိ တိုးတိုးကနေ ကျယ်ကျယ် ဖြစ်လာသည်။

သားသမီးများနှင့် ဒေါ်ခင်မျိုးအေးယောက်ျားက ဝင်၍ ဖြန်ဖြေသဖြင့် ရန်ပွဲအကြီးအကျယ် မဖြစ်တော့ဘဲ ထိုမျှနှင့်ပင် ပြီးသွားတော့သည်။

ရန်မဖြစ်ပေမင့် ဒေါ်ခင်မျိုးအေး ရေလောင်းချိန် တစ်ဘက်မြေမှ

www.burmeseclassic.com

နေ၍ မလိုမုန်းထားအကြည့်များနှင့် ကြည့်နေလေ့ရှိသည်။

"ဒင်း … ငါ့အကြောင်း သိစေရမယ် စားထားသမျှ ပြန်အံထုတ်စေရမယ်"

"တောက်"

ဒေါ်ဖွားရှင်လည်း ပြောချင်ရာပြောပြီး ခြံစပ်က တောက်ခေါက်ပြီး ထွက်သွားသည်။

ထိုအချိန် ဒေါ်ဖွားရှင်အား ကဝေပညာ အောက်လမ်းအတတ်တတ်သည်ဟု မည်သူမျှ သိမထား။

ဤလိုနှင့်ပင် တစ်လနီးပါး ကြာသွားသည်။ ဒေါ်ခင်မျိုးအေးနှင့် ဒေါ်ဖွားရှင်တို့လည်း ရန်မဖြစ်ကြပေမယ့် အခေါ်အပြော မရှိကြတော့။

တစ်ရက် ဒေါ်ခင်မျိုးအေးခြံရှေ့မှာ ရေတုန့်ကင်နှိပ်ပြီး ရေတင်နေသည်။ ပန်းခြံများအတွင်း ရေတိုင်ကီများ ထားရှိကာ ရေတုံကင်မှ ရေတင်ပြီး ပို့ပေးသည်။

"ဒေါ်ကြီး … သား၊ ဝိုင်းပြီး တုံကင်နှိပ်ပေးမယ်"

"အမလေး … ဗိုးသားရယ်၊ ကိုယ့်အိမ်ကို မပြန်ဘဲ ဒီခြံထဲဝင်လာတယ်၊ ဖွားစိတ်တိုကြီး တွေ့လို့ အရိုက်ခံလိုက်ရဦးမယ်"

"အဖွား အိမ်မှာ မရှိဘူး၊ ထော်လာဂျီတစ်စီးနဲ့ မြို့တန်ဆာကို လိုက်သွားတယ်"





"နေပါစေ ဗိုးသား၊ ရေတင်နေတာ ပြည့်တော့မယ်"

"ဒေါ်ကြီးက မော်တာနဲ့ ရေမတင်ဘူးလား"

"ရေတင်တဲ့ မော်တာက ပျက်နေတယ်"

"နောက်ဘက်တုံကင်က မော်တာတစ်လုံးပဲ ကောင်းတယ်၊ ဒီမော်တာပြင်ပြီးမှပဲ သက်သာတော့မယ်၊ ဒါနဲ့ သားရဲ့လက်ထဲက ဘာအထုတ်လဲ"

"ဆီးချိုသီး … ဦးလေးပေးလိုက်တာ၊ ဒေါ်ကြီးစားဦးမလား၊ ချိုတယ်"

"အေး … ဆီးချိုသီးဆို ဒေါ်ကြီးကြိုက်တယ် … တစ်လုံးနှစ်လုံးလောက်ပေးစမ်း"

"စားလေ … ဒေါ်ကြီး ယူထားလိုက်"

"မင်းမစားတော့ဘူးလား"

"သားတစ်လမ်းလုံး စားလာတာ၊ သွားကျိန်းနေပြီ"

"ဪ … အထဲမှာ၊ ငါးလုံးပဲ ကျန်တော့တယ် … သားမစားတော့ရင် အဲဒီအပေါ်မှာ တင်ထားခဲ့လေ။ ဒေါ်ကြီး ရေတင်ပြီး လက်ဆေးပြီးမှပဲ စားတော့မယ်"

ဒေါ်ခင်မျိုးအေးက အဖွားဆိုသော်လည်း အသက်ငါးဆယ်သာ ရှိသေးသည်။



www.burmeseclassic.com

ဒေါ်ဖွားရှင်ကတော့ အသက် ခြောက်ဆယ်နီးပါးရှိပြီ၊ ဖိုးသားက ဒေါ်ဖွားရှင်သမီးကမွေးသော သားဖြစ်သည်။ အသက် ဆယ့်သုံးနှစ်သာ ရှိသေးသည်။

ခါတိုင်း တစ်အိမ်နှင့်တစ်အိမ် အဝင်အထွက် ရှိသည်။ တစ်အိမ်မှာ စားစရာရှိလျှင် တစ်အိမ်သို့ ပို့ပေးတတ်သလို ကလေးများကလည်း သူ့အိမ် ကိုယ့်အိမ် မခွဲခြားဘဲ စားစရာရှိလျှင် ယူစားတတ်ကြသည်အထိ ရင်းနှီးခဲ့ကြသည်။

သို့ကြောင့် ဒေါ်ခင်မျိုးအေးက ဒေါ်ဖွားရှင်နှင့် မခေါ်မပြော ရှိခဲ့ပေမင့် ဖိုးသားကျွေးသော ဆီးသီးအား စိတ်လိုလက်ရ စားရန် ယူထားလိုက်ခြင်းဖြစ်သည်။

ထိုဆီးသီးကို ဒေါ်ဖွားရှင်က ဖိုးသားအား မုန့်ဘိုးငွေတစ်ထောင် ကျပ်ပေးပြီး ဒေါ်ခင်မျိုးအေးအား သွား၍ကျွေးခိုင်းခြင်း ဖြစ်သည်။

ဒေါ်ခင်မျိုးအေး စိတ်ချလက်ချစားရန် ဖိုးအေးအား အသေအချာ သင်ပေးလိုက်သည်။

ဒေါ်ဖွားရှင်ဖြစ်စေချင်သော ဇာတ်ညွှန်းအတိုင်း ကွက်တိ ကသွားနိုင်သလို၊ ဒေါ်ခင်မျိုးအေးကလည်း ဆီးချိုသီးနှစ်လုံးမျှ နှိုက်စားလိုက်သည်။

ထိုဆီးသီးစားလိုက်ခြင်းက ဒေါ်ခင်မျိုးအေး အပင်းသွင်း

မိတ်ဆွေစာပေ



ခံရခြင်းကို မသိ။

စားကောင်းကောင်းနှင့် နှစ်လုံးစားလိုက်သည်။ ကျန်သုံးလုံးက ဒေါ်ခင်မျိုးအေး ကျွတ်ကျွတ်အိတ်ထဲ နှိုက်ယူလိုက်စဉ် အောက်သို့ ပြုတ်ကျသွားသည်။

ထိုဆီးသီးစားမိသည့်နောက်ပိုင်း ဒေါ်ခင်မျိုးအေး အစားအသောက်ပျက်လာသည်။

အလုပ်အကိုင်ကိုလည်း အားတက်သရော မလုပ်ချင်သလို ဖြစ်လာသည်။ သို့ကြောင့် ဒေါ်ခင်မျိုးအေး၏ ခင်ပွန်းဦးသန်းမောင်က [illegible]ကို အားစိုက်ပြီး ဝင်လုပ်ကိုင်ရတော့သည်။

ဒေါ်ခင်မျိုးအေးတွင် သားသမီးငါးယောက် ရှိသည်။ နှစ်ယောက်က အိမ်ထောင်ကျကုန်ကာ အိမ်ခွဲနေကြသည်။

အိမ်မှာ အပျိုမအကြီးဆုံး ဆယ့်ရှစ်နှစ်အရွယ် ခင်ခင်သိန်းနှင့် ဆယ့်ငါးနှစ်အရွယ် သားတစ်ယောက်၊ ဆယ်တစ်နှစ်အရွယ် သားတစ်ယောက် မိသားစုငါးယောက် ကျန်ရှိတော့သည်။

သမီးကြီးခင်ခင်သိန်းနှင့် သားလတ်မျိုးဝင်းက အိမ်မှာ ဝိုင်းကူလုပ်ပေးသည်။ သားအငယ်ဆုံးက ဆူနိုင်အော်နိုင်မှ ရေပိုက်ဆွဲပေးသည်။ ပေါင်းနှုတ်ပေးသည်။

ယခု ဒေါ်ခင်မျိုးအေး အိပ်ရာအတွင်း လဲသည့်အခြေအနေသို့

မိတ်ဆွေစာပေ

www.burmeseclassic.com

ရောက်လာခဲ့သဖြင့် ဦးသန်းမောင်လည်း ဇနီး၏ရောဂါ ပျောက်ကင်းရန် အတွက် ပြွန်တန်ဆာမြို့ပေါ်က ဆေးခန်းများသို့ သွားရောက်ပြသ သည်။ ဆေးခန်းတစ်ခုက မထူးခြားလျှင် နောက်ဆေးခန်းတစ်ခု ပြောင်း၍ ပြသည်။

ထိုကဲ့သို့ ဆေးခန်းများ ပြသလာခဲ့သလို ဆရာဝန်များပေးသော ဆေး သောက်လာရင်းက အရိုးပေါ် အရည်တင်လာသလို မည်သည့် အစားမှ မစားမသောက်တော့။

ယခင်က ဝဝဖိုင့်ဖိုင့် ယခုတော့ ပိန်လှီခြောက်ကပ်သော အသားအရည်နှင့် လူအများက မီးယပ်သွေးဆုံးရောဂါဟု ပြောကြ သည်။

ထိုကဲ့သို့ ဒေါ်ခင်မျိုးအေး အိပ်ရာထဲ လဲနေသည့်နောက်ပိုင်း ဒေါ်ဖွားရှုပ်တစ်ယောက် အသံစာစာနှင့် စကားပြောသံကြားလာရသလို တဟားဟားနှင့် အော်ရယ်သံတို့ကိုပါ မကြာမကြာ ကြားရသည်။

တစ်ရက်မှာ ခြံအတွင်းသို့ ရောက်လာသော ဦးသန်းမောင်၏ အသိတစ်ယောက်က အကြံပေးသည်။

"ကိုသန်းမောင် ခင်ဗျား ယုံမယုံတော့ မသိဘူး၊ ခင်ဗျား၊ မိန်းမ တိုင်းရင်းဆေးရော၊ အင်္ဂလိပ်ဆေးပါ မတိုးတဲ့အတွက် ပယောဂကုဆရာတစ်ယောက် ရှာပြီး ကုသကြည့်ပါလား၊





ကျွန်တော့်ရဲ့အမျိုးထဲမှာ အဲဒီလို ရောဂါမျိုးဖြစ်သေးတယ်၊ မိန်းမရောဂါကြောင့် စိတ်ဂယောင်ကတန်း ဖြစ်တယ်တင်တာ။ ဆရာနဲ့ စစ်လိုက်ရော စုန်းမတစ်ယောက်က ပြုစားထားတာကို သိလိုက် ရတယ်၊

နောက်ပိုင်း အဲဒီဆရာနဲ့ ကုလိုက်တာ ရှင်းရှင်းလင်းလင်း ပျောက်သွားတယ်။ ဒါကြောင့် ဖြစ်နိုင်တယ်ထင်လို့ အကြံပေးရ တာပါ၊

ခင်ဗျားမိန်းမရဲ့ရောဂါ ပယောဂလုပ်ထားတာမှန်ရင် ပယောဂ ဆရာနဲ့ ကုလိုက်တာ အကောင်းဆုံးပါပဲ"

"အင်း ... အားတော့နာပါတယ်၊ ကျွန်တော်ကတော့ အယုံအကြည် မရှိဘူး"

"မယုံကြည်လဲဗျာ ဘာပဲသွားတာမှတ်လို့လဲ၊ ပယောဂ ဟုတ် မဟုတ် စစ်ဆေးသင့်တယ်"

"ဒါဆိုလည်း ကျွန်တော် ပြချင်တဲ့အချိန် ခင်ဗျားကို အသိပေး မယ်၊ ခင်ဗျားကတဆင့် ဆက်သွယ်ပေးပေါ့ဗျာ"

ဦးသန်းမောင်၏စကားကြောင့် ဦးသန်းမောင် မိတ်ဆွေလည်း ပယောဂအကြောင်း ဆက်မပြောတော့ဘဲ နှုတ်ဆက်ပြီး ပြန်သွား သည်။



www.burmeseclassic.com

လူမမာကတော့ ဆရာပေါင်းစုံသွားသလို ဆေးလည်း မျိုးစုံခဲ့သည်။ ညောင်လေးပင်၊ ဒိုက်ဦးမြို့များမှာရှိသော နာမည်ကြီးသည့် ဆေးခန်းများသို့ပါ ရောက်ခဲ့သည်။

ပိုက်ဆံတွေလည်း ကုန်လှပြီး ထူးခြားမလာ။

သို့ကြောင့် ဦးသန်းမောင်လည်း သူ၏မိတ်ဆွေစကားကို ကြားယောင်လာသည်။

သူတို့ပြောသလိုများ စုန်းပယောဂ အတိုက်အခိုက်များ ဖြစ်နေလားမသိ၊ ကုကြည့်လိုက်တာ မမှားဟူသောအတွေးများ ဝင်လာသည်။

ထို့ကြောင့် ပယောဂကုဆရာရှိရာကို ညွှန်နိုင်မည့် **ဦးသန်းမောင်**၏မိတ်ဆွေရှိရာသို့ သွားကြသည်။

ဦးသန်းမောင်၏မိတ်ဆွေက ပယောဂကုသပေးသော **ဆရာ**ကြီးမှာ အခြားတစ်မြို့တစ်ရွာမှာနေသူ မဟုတ်။ **ပြွန်တန်ဆာမှာပင်** ရှိကြောင်း ပြောလေသည်။

သို့ကြောင့် ဆရာကြီးနေသော ပြွန်တန်ဆာမြို့၊ မြို့မ(၄) ရပ်ကွက်၊ မံခွန်းကုန်းသို့ လူမမာကို ထော်လာဂျီပေါ်တင်ကာ ထွက်လာခဲ့ကြသည်။

ဆရာကြီးအိမ်က မံခွန်းကုန်းလမ်းမတန်းမှာ ရှိသဖြင့် ထော်လာ





ကို အိမ်ရှေ့မှာပင် ရပ်လိုက်သည်။

ထို့နောက် လူမမာကို တွဲခေါ်ပြီး အိမ်ပေါ်သို့ တက်ခဲ့သည်။

အိမ်ပေါ်သို့ ရောက်တော့ အိမ်မှာ ဆရာကြီးမရှိ။ ကမာဖရုံ က လာပင့်သွားသည်ဟု သိလိုက်ရသည်။ အားကိုးတကြီးနှင့် ခဲ့သူများ အမောဆို့သွားရသည်။

ဆရာကြီး၏သမီးဆိုသူက ...

"အစ်ကိုကြီးတို့ စောင့်နိုင်ရန် တစ်နာရီလောက်စောင့်ပါလား။ ဝေ ပြန်လာချိန် နီးပါပြီ"

"**အင်း မံခွန်းကုန်းနဲ့** ကမာဖရုံရွာ သိပ်မဝေးတော့ ပြန်လာ**ယ်ဆိုရင် မကြာနိုင်ပါဘူး**"

"**ဟုတ်ပါတယ်**၊ သွားတာလည်း ကြာပြီဆိုတော့ ပြန်လာ**တော့မှာပါ**"

**ထို့နောက်** ရေနွေးကြမ်း လာချပေးသည်။

"**ရေနွေးနဲ့** လက်ဖက်သုပ် သုံးဆောင်ကြပါဦး"

"**ဦးလေးတို့** ခဏစောင့်လိုက်ဦးမယ် ... လုပ်စရာရှိတာ**းလုပ်ပါ** ... အားမနာပါနဲ့"

"လူမမာကို ဒီနားမှာ တုံးလုံးလှဲခိုင်းထားပါ"

အလိုက်သိသော ဆရာကြီး၏သမီးက သင်ဖြူးဖျာတစ်ချပ်နှင့်



www.burmeseclassic.com

ခေါင်းအုံးလာချကာ ဒေါ်ခင်မျိုးအေးကို အိပ်ခိုင်းလိုက်သည်။

သူတို့ အိမ်ရောက်လာပြီး နာရီဝက်ခန့်ကြာတော့ အိမ်ရှေ့မှ ဆိုင်ကယ်တစ်စီး ရပ်လာသည်။

ဆိုင်ကယ်နောက်က ဆရာကြီးက ထိုင်လျက်ပါလာသည်။ ဆရာကြီးနှင့်အတူ လိုက်ပို့သူပါ အိမ်ပေါ်တက်လာခဲ့သည်။

ဆရာကြီး အိမ်ပေါ်တက်လာသည်နှင့် ဒေါ်ခင်မျိုးအေး ထထိုင်ရန် ကြိုးစားနေသည်ကို ဆရာကြီးက မြင်သဖြင့် ...

"နေ ... နေ ... နေသာသလိုနေ ... လှဲရက်အတိုင်းပဲနေ၊ ဆရာကြီးက အလိုက်သိစွာ ပြောလိုက်သဖြင့် ဒေါ်ခင်မျိုးအေးလည်း ထထိုင်ရန် ပြင်နေရာမှ အိပ်လျက်အတိုင်း ပြန်နေလိုက်သည်။

ဆရာကြီးက လွယ်လာသော ဆေးလွယ်အိတ်ကို ခေါင်းရင်းထရံမှာ ထောင်လျက်ချလိုက်ပြီး ဘုရားစင်ရှေ့မှာ ထိုင်လိုက်သည်။

"အင်း လူမမာမိန်းကလေးကို ဖြစ်ဖြစ်ချင်း ကုရမှာ၊ အခု အနာတခြား ဆေးကတခြား ဖြစ်နေပုံရတယ်"

"ဗျာ"

ဦးသန်းမောင်ပါးစပ်မှ ဗျာဟူသော အသံသာ ထွက်သွားသည်။ ဦးသန်းမောင်စိတ်ထဲ မိန်းမရောဂါတစ်မျိုးမျိုးဟုသာ အထင်ရှိသည်။





ပယောဂအောက်လမ်းကြောင့် ရသည်ဆိုသော ရောဂါကို မမြင်ဘူး။ သို့ကြောင့် ဆရာဝန်မျိုးစုံ၊ ဗိန္ဒောဆရာမျိုးစုံနှင့် ကုသခြင်းဖြစ်သည်။ ဆရာကြီးဆိုသူကပါ အနာတခြား ဆေးတခြားဟု ဆိုလာသည်။ ဘယ်လိုရောဂါမျိုးပါလိမ့်။

ဆရာကြီးက ထိုမျှသာပြောပြီး စကားမဆက်သေးဘဲ ဒေါ်ခင်မျိုးအေးကို အကဲခတ်ကြည့်ရင်း ရေနွေးကြမ်းငှဲ့သောက်နေသည်။

ဆရာကြီးအသက်က ခုနစ်ဆယ်နီးပါးခန့် ရှိမည်ဟု ခန့်မှန်းရသည်။

"ဒီကလေးမ အပြုစားခံနေရတာ အနည်းဆုံး ရက်ပေါင်း ခြောက်ဆယ်ကျော်နေပြီ၊ လူနာ အတော်ပင်ပန်းနေပြီ"

ဆရာကြီးက ရေနွေးကြမ်းသောက်ရင်း ဒေါ်ခင်မျိုးအေးကို အကဲခတ်ကြည့်လိုက်၊ မြင်သည့်အတိုင်း ပြောလိုက် လုပ်နေသည်။

"ခဏ နေကြဦးနော်၊ ဆိုင်ကယ်နောက်က လိုက်လာတာ၊ လမ်းလျှောက်မလာရပေမယ့် ကတ္တရာလမ်း မဟုတ်တော့ နည်းနည်း ပင်ပန်းသလို ဖြစ်လာတယ်"

"ဆယ့်ငါးမိနစ်လောက် အချိန်ရတယ် မဟုတ်လား"

"ဟာ ... ရပါတယ် ဆရာကြီး၊ ကျွန်တော်တို့ကလည်း



www.burmeseclassic.com

ဆရာကြီး အိပ်ပေါ်ရောက်နေပြီပဲ၊ အေးအေးဆေးဆေး အနားယူပါ"

ဆရာကြီးက ရေနွေးပူပူကို သုံးခွက်မျှ သောက်လိုက်သည်။

ခဏနေတော့ ဆရာကြီးက ရေနွေးဇုန်းကို လာယူခိုင်းလိုက်သည်။

"ကဲ ... ကဲ၊ လုပ်ငန်းစကြစို့"

"ကလေးမကို ... ဆရာ့ရှေ့ လာခိုင်းလိုက်"

ဦးသန်းမောင်က တွဲပြီး ဒေါ်ခင်မျိုးအေးကို ဆရာ့ရှေ့သို့ ခေါ်လာခဲ့သည်။

"အင်း ... ပုံစံကြည့်ရတာ စီးပွားရေး အပြိုင်အဆိုင်တစ်ခုကြောင့် ပညာသည်နှင့် လုပ်ထားပုံရတယ်"

"မိန်းကလေးရဲ့ အမည်ကို ပြောထားဦး"

"ခင်မျိုးအေးပါ ဆရာကြီး"

"ဘာမှ စိတ်မပူနဲ့၊ ဆရာကြီး ပညာသည်ကို ဖော်ထုတ်ပေးမယ်"

ဆရာကြီးက နေရာကို ပြင်ထိုင်လိုက်ပြီး

"ကဲ ... ခင်မျိုးအေး ဘုရားကို အာရုံပြုပြီး လက်အုပ်ချီလိုက်"

"တဲ့ ... ခင်မျိုးအေးကို ပြုစားထားတဲ့ ပညာသည် အခု





ဝင်စမ်း"

တစ်ကြိမ် ဝင်ပူးခိုင်းသည်၊ ဝင်ပူးကပ်ခြင်း မရှိ။

"တဲ့ ... ငါ အမိန့်ပေးနေတယ် ... ဝင်ပူးစမ်း"

ဆရာကြီးပါးစပ်မှ သူတို့နားမလည်သော စာသားများ ရွတ်ဖတ်နေသည်။

ပြီးတော့ ... ဒေါ်ခင်မျိုးအေးအား စိုက်ကြည့်ပြီး၊

"ငါ့ကို ပမာမခန့် လုပ်မနေနဲ့၊ ဝင်ပူးစမ်း။ အခု လူ့စိတ်ပျောက်အောင် ဝင်ပူးစမ်း"

ဆရာကြီးက ခပ်ထန်ထန် အမိန့်ပေးလိုက်မှ ဒေါ်ခင်မျိုးအေး တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာကာ ရှေ့နောက် ဝဲယာ ယိမ်းထိုးနေပါသည်။

"တဲ့ ... နင် ခင်မျိုးအေးကို ပြုစားထားတဲ့ ပညာသည် မဟုတ်လား"

"ဟုတ်တယ် ... ဆရာစုတ် ... ငါလုပ်ထားတာ"

"ဘာဖြစ်လို့ အခုလို တစ်ပါးသူ ဒုက္ခရောက်အောင် လုပ်ရတာလဲ"

"တဲ့ ... နင်က ဘာသိလို့လဲ၊ **ဒီကောင်မက ငါ့စီးပွား**ကို ဖျက်လိုစိတ်နဲ့ ငါ့ဈေးကွက်ကို လာလုပြီး **ငါ့ဈေးကွက်**ကို ဖျက်



www.burmeseclassic.com

တယ်"

"သူက နင့်ရဲ့ ပစ္စည်းဈေးကွက်ကို ဖျက်တယ်၊ ဘယ်လို ဖျက်တာလဲ"

"ငါနဲ့ အရောင်းအဝယ်လုပ်နေတဲ့ ကုန်သည်ကို ဈေးလျှော့ပေးပြီး သူ့ပစ္စည်းတွေ ဝယ်ဖို့ ခေါ်သွားတယ်၊ သူက ဈေးလျှော့ရောင်းတဲ့အတွက် ကျုပ်ပစ္စည်းတွေ အဝယ်နည်းသွားတယ်။ သူ့ခြံကပဲ ဝယ်တော့တယ်၊

ဒါကြောင့် သူ့ကို မကျေနပ်လို့ အခုလို ပညာနဲ့ လုပ်လိုက်တာပဲ"

ဦးသန်းမောင်လည်း ဇနီးဖြစ်သူ ပါးစပ်မှ ထွက်နေသော စကားများအရ ဒေါ်ဖွားရှင်က ပညာနှင့် ပြုစားထားကြောင်း သိလိုက်သည်။

ဒေါ်ဖွားရှင် ပညာတတ်မှန်း ဦးသန်းမောင် မသိ။ ယခု ဒေါ်ခင်မျိုးအေး ပါးစပ်က ဒေါ်ခင်မျိုးအေးအသံ မဟုတ်သော အသံမျိုးနှင့် ပြောလာသည်။

ဆရာကြီးက ဘုရားစင်ဘက်သို့ လှည့်ပြီး လက်အုပ်ချီကာ ပါးစပ်မှ တိုးတိုးရွတ်ဖတ်နေသည်။ ရွတ်ဖတ်ပြီးသည်နှင့် ဒေါ်ခင်မျိုးအေးဘက်သို့ လှည့်ကာ ရွတ်ဖတ်နေပြန်သည်။





"ကဲ ... အထက်ဆရာကြီးများအမိန့်နဲ့ နင့်ကို ကြိုးနဲ့ တုတ်ပြီး ငါဆုံးမရမယ်"

"မလုပ်နဲ့ ... မလုပ်နဲ့"

"ဘာ ... အခုမှ ကြောက်တာလဲ၊ ဒီကဝေမကို ကြိုးနဲ့ တုတ်ပစ်လိုက်ကြစမ်း"

ဆရာကြီး၏အမိန့်အောက်မှာ ခင်မျိုးအေးအား ကြိုးနှင့် တုတ်လိုက်သကဲ့သို့ ပုံမျိုး မြင်လိုက်ရသည်။

"ကဲ ... နင့်ကို အခုအချိန်ကစပြီး ကောင်းကောင်း ပညာပေးရမယ်"

"ကဲ ... ကဝေမ၊ နင့်ကို ကြိုးနဲ့တုတ်ထားပြီးပြီဆိုတော့ ဘယ်မှ သွားလို့ မရဘူး။ ဒါကြောင့် နင့်နဖူးနဲ့ ကြမ်းပြင်ကို ဆောင့်စမ်း"

ဆရာကြီးစကား ဆုံးသည်နှင့်

"ဒိုး ... ဒိုး ... ဒိုး"

"တောင့်ဦး ... ငါက ရပ်ဆိုမှရပ်"

"ဒိုး ... ဒိုး ... ဒိုး"

ဒေါ်ခင်မျိုးအေးနဖူးမှ သွေးများ ကျလာသည်။ နဖူးတပြင်လုံး ရဲနေသည်။ နဖူးကွဲသွားသည်။ သွေးများကလည်း မျက်နှာပေါ်



www.burmeseclassic.com

ကျလာသည်မှာ မြင်မကောင်း။

"နင့်ပညာတွေကို နင်အခု ပြန်နုတ်စမ်း"

"မနုတ်ဘူး သေပစေ"

"အေး ... မနုတ်ချင်လည်း ရတယ်။ နင့်ခေါင်းကို ရှစ်စိတ်ကွဲအောင် ခွဲမယ်"

"ဆောင့်စမ်း ... နင့်နဖူးနဲ့ ကြမ်းပြင် ဆောင့်စမ်း"

ဒေါ်ခင်မျိုးအေးလည်း ဆရာကြီးနုတ်မှ မိန့်သည့်အတိုင်း ခေါင်းနှင့် ကြမ်းပြင်ကို ကုန်းကုန်းပြီး ဆောင့်နေသည်။

နဖူးကွဲရာသုံးခု မြင်နေရသလို ထိုအကွဲများမှ သွေးများကလည်း မြင်မကောင်းအောင် ကျနေသည်။ နဖူးလည်း ယောင်တက်လာသည်။

"ကဲ ... ဆရာရဲ့ အစောင့်တစ်ယောက်က ဒီကဝေမရဲ့ ပါးကို ရိုက်ပစ်စမ်း"

"ဖောင်း"

ဘယ်ပြန်ညာပြန် ရိုက်ပစ်သည်။

"ဖောင်း"

လူမမြင်ရဘဲ ဒေါ်ခင်မျိုးအေးခေါင်းက လည်သွားကာ ပါးနှစ်ဘက်စလုံး အညိုအမဲများ ဖြစ်လာသည်။ ပါးနှစ်ဘက်လုံး





သွေးခြေ ဥလာသည်။

ထို့နောက်မှာတော့ မျက်နှာတစ်ပြင်လုံး ဖောယောင်နေသည့် အပုပ်ကောင်မျက်နှာမျိုး ဖြစ်လာသည်။

ကဝေမကတော့ အရှုံးပေးပုံမရ။

ဦးသန်းမောင်က မိမိဇနီးသည်၏ ခံစားနေရပုံကို ကြည့်ပြီး ရင်ထဲမှ မကောင်း၊ ဒီဆရာထံ ခေါ်လာမိသည်မှာ မှားများမှားနေပြီလားဟုပင် ထင်မိသည်။

ဆရာကြီးကတော့ မာန်ပါပါနှင့် ကြည့်နေသည်။

"အင်း ... ဆယ့်နှစ်ကြိုး ကဝေမတော့၊ အသာတကြည် တောင်းပန်ပြီး ပညာစက်ကို ပြန်နုတ်ခိုင်းတာ မရဘူး။ ဒီတော့ အထက်ဆရာကြီးများရဲ့ အမိန့်နဲ့ နင့်ရဲ့ပညာစက်ကို ဖျက်ရတော့မှာပဲ"

ဆရာကြီးက ဆေးလွယ်အိတ်ကို ယူလိုက်သည်။ ဆရာကြီးက သူ၏သမီးကို

"အေးအေး ... အဖေ့ကို ရေဖလားနဲ့ ရေတစ်ခွက် ခပ်ခဲ့ပေးစမ်း"

ဆရာကြီး၏သမီးက ရေဖလားတစ်လုံးယူ၍ သောက်ရေအိုးမှ ရေတစ်ခွက် ခပ်ပေးလိုက်သည်။



www.burmeseclassic.com

ရေဖလားခွက်ကို ဘုရားစင်ပေါ်တင်လိုက်ပြီး မတ်တတ်ရပ်လျက် လက်အုပ်ချီကာ ရွတ်ဖတ်နေပါသည်။

ရွတ်ဖတ်၍ ပြီးဆုံးလျှင် ထိုရေဖလားခွက်ကို ယူကာ ဒေါ်ခင်မျိုးအေးအား ရေနှင့်တောက်ရန် ပြင်လိုက်စဉ် ...

"မလုပ်နဲ့ ... မလုပ်နဲ့"

"မလုပ်စေချင်ရင် ... ပညာစက်တွေ ပြန်နုတ်မှာလား"

"မနုတ်ဘူး"

"ငါ့စကား နားမထောင်ဘဲ ငါ့ကို အာခံနေမှတော့ ငါက နင့်ကို ကရုဏာထားနေလည်း အပိုပဲ ... ကဲ"

"မလုပ်နဲ့ ... မလုပ်နဲ့ ... အား ... အား ... ပူတယ် ... ပူတယ်"

"မလုပ်နဲ့"

ဆရာကြီးဟာ ဒေါ်ခင်မျိုးအေးထံမှာ ဝင်ပူးကပ်နေသည့် ကဝေမကို ဖလားထဲမှ ရေမန်းနှင့် တောက်လိုက်ရာ မခံနိုင်သည့်အလား ကြမ်းပြင်မှာ လှဲလိုက်ပြီး လူးလှိမ့်နေသည်။

"အား ... အား ... ပူတယ် ... ကြောက်ပါပြီ ... ကြောက်ပါပြီ ... ဖြည်ပေးပါ ... ဖြည်ပေးပါ ... ကြောက်ပါပြီ"

ဆရာကြီးလည်း အထက်ဆရာကြီးများ၏ အမိန့်ခံယူပြီး





ရေမန်းနှင့် တောက်ရာ မီးနှင့်အရှို့ခံနေရသလို မခံမရပ်နိုင် လူးလှိမ့်အော်ဟစ်တောင်းပန်နေရတော့သည်။

"အမယ်လေး ကြောက်ပါပြီ"

"အမယ်လေး သေပါပြီ"

ကဝေမက အော်လေ ရေမန်းရေစက်များကို လက်ဖြင့် တို့ထိပြီး တောက်လေ လုပ်နေသည်။

ကဝေမ၏ အသံက အသံနက်ကြီးဖြင့် အော်လိုက်၊ အသံကြီး တုန်လာလိုက် ... ငယ်သံပါအောင် အော်လိုက်နှင့် မြင်ရသူတွေပင် သနားချင်ဖြစ်လာရသည်။

"ကယ်ပါ ... ကျွန်မ ... အရှုံးပေးပါပြီ၊ ကျွန်မ လုပ်ထားတဲ့ ပညာစက်တွေကို ပြန်နုတ်ယူပါ့မယ်"

"အဲ ... ဒီလိုနဲ့ ငါက ကျေနပ်ရမှာလား၊ နင်လုပ်ထားတဲ့ အပြစ်မှန်သမျှ ပြန်ယူသွားရမယ်"

"ကဲ ... သမီး၊ နောက်ထပ် သောက်ရေတစ်ခွက် ... သွားခပ်ပေးဦး"

ဆရာကြီး၏သမီးက သောက်ရေအိုးကို သွားခပ်ပေးသည်။ ဆရာကြီးက လက်ထဲမှ ရေမန်းထားသော ဖလားခွက်ကို ဘေးမှာ ချထားလိုက်သည်။



www.burmeseclassic.com

ရေတစ်ခွက် ရောက်လာသောအခါ ...

"ကဲ ... သစ္စာရေ တိုက်မယ်၊ ငါဆိုပေးတဲ့အတိုင်း လိုက်ဆို"

"ဘုရားတပည့်တော်မ နောက်ကို၊ ခုနစ်ရက်သားသမီးများအား အောက်လမ်းပညာများဖြင့် ပြုစားခြင်းမလုပ်တော့ပါ၊ ပြုလုပ်ခဲ့ပါက သွေးပွက်ပွက်အံပြီး၊ မဟာအဝီစိငရဲမှာ မကျွတ်မလွတ်ဘဲ ခံရပါစေ"

"သစ္စာကတိအတိုင်း တည်ပါက မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်ပြီး ကာယကံရှင် ကျန်းမာချမ်းသာပါစေ"

သစ္စာရေတိုက်လိုက်ပြီး ဆရာကြီးလည်း ကဝေမကြီး မထွက်ခွာခင် ...

"ကဲ ... ချက်ချင်း မထွက်နဲ့ဦး ... ကာယကံရှင်မှာ ဖြစ်ပေါ်နေတဲ့ ဒဏ်ရာတွေ အကုန်ပြန်ယူပြီးမှ ... ထွက်ရမယ်၊ မိမွေးတိုင်း ဖမွေးတိုင်း မဖြစ်သေးရင် နင်လည်း မထွက်နဲ့ဦး"

"ကျွန်မ ပြန်ယူသွားပါ့မယ်၊ ပညာစက်တွေလည်း ပြန်နုတ်ယူသွားပါ့မယ်"

ကဝေပညာသည်လည်း ထိုစကားကို ပြောပြီး မျက်နှာကို လက်နှင့် အကြိမ်ကြိမ် သပ်ချနေသည်။

ဒေါ်ခင်မျိုးအေး၏ မျက်နှာလည်း တဖြည်းဖြည်း ဒဏ်ရာများ



ကြီးရာက သေးလိုက်လာသည်။

ဖူးယောင်ကိုင်းနေသော မျက်နှာလည်း တဖြည်းဖြည်း အသားသာင် ကျလာသည်။

မကြာခင်မှာပင် မိမွေးတိုင်း ဖမွေးတိုင်း မျက်နှာမျိုးသို့ ပြန်ရောက်လာသဖြင့် ကြည့်နေသူအားလုံး အံ့သြနေကြသည်။

ထိုအခါ ဆရာကြီးက ကဝေမကို ထွက်ခွာခွင့် ပြုလိုက်သဖြင့် တုန်တုန်ရီရီ ဖြစ်ရာက ငြိမ်သက်သွားသည်။

ဦးသန်းမောင်လည်း ဒေါ်ခင်မျိုးအေးအနားသွားကာ နဖူးမှ ဒဏ်ရာများကို အကဲခတ်ကြည့်သည်။

နဖူးမှာ မည်သည့်ဒဏ်ရာမှ မတွေ့တော့။ အသားအရောင်က ရိုအသားအတိုင်း ပြန်ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။

ဦးသန်းမောင်က ဆရာကြီးအား အိမ်နီးနားချင်း အဒေါ်ကြီးနှင့် သူ၏ဇနီးတို့ ကုန်ပစ္စည်းဈေးကွက်လုရင်း စကားများရန်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။

ဆရာကြီးက ဦးသန်းမောင်အား

"အခု ပညာသည် ဘယ်သူလည်း သိရပြီ ... သူနဲ့လည်း ခြင်းကပ်လျက်နေရတာဆိုတော့ အပြောအဆို ဂရုစိုက်နေကြပေါ့။

သူက သစ္စာရေတိုက်လို့ သောက်လိုက်ပြီပေမယ့် ...



www.burmeseclassic.com

အောက်ပေမ်းပေသာသည့်ကွေက ခေါင်းက အမာသား၊ သူတို့က ချက်ချင်း သေချင်သောပစေ ... သစ္စာရေ သောက်ထားတာကို မေ့ချင် မေ့ပစ်တတ်တာ၊

ဒါကြောင့် သူတို့နဲ့ အနီးကပ်နေရင် အစားအသောက် အပြောအဆို သတိထား"

"ဟုတ်ကဲ့ဆရာကြီး ... အစစအရာရာ သတိထားနေပါ့မယ်"

ထို့နောက် ဦးသန်းမောင်တို့လည်း ဆရာကြီးအိမ်မှ ပြန်ရန် ဆရာကြီးအား ကန်တော့လိုက်သည်။

ဒေါ်ခင်မျိုးအေးက လာတုန်းကနှင့်မတူ၊ လူကောင်းတစ်ယောက် ပုံစံအတိုင်း ပြန်ပြီး ထူထူထောင်ထောင် ဖြစ်သွားသည်။

မကြာခင်အားလုံး ပြန်လာခဲ့ကြသည်။

အိမ်သို့ပြန်ရောက်ကြသော် ...

သမီးခင်ခင်သိန်းက မိခင်ဖြစ်သူ ကျန်းမာလာသည်ကိုတွေ့၍ ဝမ်းမြောက်ဝမ်းသာနှင့် အိမ်ခြံဝသို့လာပြီး တွဲခေါ်သည်။

"ရတယ် ... သမီး၊ အမေ နေကောင်းသွားပြီ"

"တယ် ... ဝမ်းသာလိုက်တာ"

"အဖေတို့ ဘယ်သွားတာလဲ"

"ဆိပ်မြို့ပြန်ကြီးကို သွားတာ၊ ဆရာက တော်တော် စွမ်းတယ်"





"ကဲလာ ... အိမ်ပေါ်တက်ကြမယ်၊ သမီးလည်း အိမ်ပေါ်ကို လိုက်ခဲ့ဦး"

"လိုက်မှာပေါ့ ... စောစောကသာ ဆရာကြီးနဲ့ တိုးလိုက်ရင် အမေလည်း ဒီလောက် ခံရမှာ မဟုတ်ဘူး"

"ဘယ်သူ ပြုစားထားတာလဲ"

"သမီး ... စကားများမနေနဲ့၊ အိမ်ပေါ်လိုက်ခဲ့"

ဖခင်စကားကြောင့် ခင်ခင်သိန်းလည်း ဘာမှ မစပ်စုတော့ဘဲ အိမ်ပေါ်သို့ တက်လိုက်လာခဲ့သည်။

အိမ်ပေါ်ကို အားလုံး ရောက်ခဲ့သည်။

"ကဲ ... ထိုင်ဦး သမီး၊ အဖေ မေးစရာရှိလို့"

"သမီး ပြီးခဲ့တဲ့ တစ်နာရီကျော်လောက်က ဘယ်မှာ ရှိလဲ"

"သမီး အိမ်ရှေ့ခြံထဲမှာ ရေလောင်းနေတယ်"

"ထူးခြားတာ ရှိလား"

"ဘာမှ မထူးခြားပါဘူး၊ ဘာဖြစ်လို့လဲ"

"အဖေတို့ အိမ်က မဟုတ်ဘူးလေ၊ ခြေရင်းအိမ်ကများ ထူးခြားတဲ့အသံ ကြားရလားလို့"

"တာ ... ကြားရတယ် အဖေ၊ တမျိုးကြီးပဲ ... သူ့ ယောက်ျားက လူမသိအောင် ကြိတ်ပြီး ရိုက်နှက်နေတာပဲလို့



www.burmeseclassic.com

သမီး ထင်လိုက်သေးတယ်"

"သမီး ဘာကြားလို့လဲ"

"တအင်းအင်းနဲ့ ညည်းသံလည်း ကြားရတယ်၊

ကြောက်ပါပြီ ... ကြောက်ပါပြီ၊ ပူတယ် ... ပူတယ် ... မလုပ်နဲ့ ... မလုပ်နဲ့ဆိုတဲ့ နာနာကျင်ကျင် အော်သံမျိုးလည်း ကြားရတယ်၊

ပြီးခဲ့တဲ့ နာရီဝက်လောက်က ဒေါ်ဖွားရှင်ကြီး ယောင်ကိုင်းနေတဲ့ မျက်နှာကြီးနဲ့ အပြင်ကို ထွက်သွားတာ သမီး မြင်လိုက်တယ် ... သူ့ယောက်ျား နောက်က ပါသွားတယ်"

"သမီးအမေကို ပညာနဲ့ လုပ်တာ ... အဲဒီ ဒေါ်ဖွားရှင်တဲ့ သမီး၊

အဖေ ဆရာကြီးစကားကြားတော့ ... အတော် အံ့ဩသွားတယ်"

ဦးသန်းမောင်၏စကားကို ခင်ခင်သိန်းလည်း အံ့ဩသွားသည်။

"ဟုတ်လို့လား အဖေ ... သမီးတော့ မယုံနိုင်ဘူး"

"ပန်းကုန်သည်ကို ဓါးရောင်းမိရာက မကျေမနပ်ဖြစ်ပြီး အခုလို အောက်လမ်းပညာနဲ့ လုပ်တာပဲ၊

နောက်ကို သမီးတို့ အပြောအဆို အနေအထိုင် ဆင်ခြင်၊





မောင်လေးတွေကိုလည်း ဒီအကြောင်း လုံးဝ မသိစေနဲ့၊ ဒါတိုင်းလိုပဲ နေပစေ၊

သမီးကလည်း သိထားတဲ့အကြောင်း မျက်နှာရိပ် မျက်နှာကဲ မပြနဲ့ ဟုတ်လား"

"သမီး သဘောပေါက်ပါတယ်"

သို့ဖြင့် ဒေါ်ခင်မျိုးအေးလည်း စီးပွားရှာရာမှ လောဘဇောတက်သည်စိတ်၊ ချိုးနှိမ်ပြီး ရိုးရိုးသားသား အေးအေးဆေးဆေး လုပ်ကိုင်ခဲ့သည်။

ဒေါ်ဖွားရှင်တစ်ယောက်လည်း တစ်ကြိမ်နိုးစား တစ်ကြိမ်ပေါ်သကဲ့သို့ ဖြစ်သွားသဖြင့် စိတ်ဓာတ်ကျသွားပုံရသည်။

သူလည်း ယခင်ကကဲ့သို့ စီးပွားရေးလောဘ မတက်တော့ဘဲ အိမ်ထဲမှ အိမ်ပြင်မထွက်တော့။

သားသမီး လင်ယောက်ျားများကသာ ခြံအလုပ်ကို ဦးစီးလုပ်ကိုင်ခဲ့သည်။

နောက်ငါးနှစ်ခန့်အကြာ ဒေါ်ဖွားရှင်တစ်ယောက် လူကြီးရောဂါနှင့် အသက်ဆုံးသွားတော့သည်။

ထိုအခါမှ ဒေါ်ခင်မျိုးအေးတို့မိသားစုလည်း ချုပ်တည်းထားသမျှ စိတ်လက်ပေါ့ပါး လွတ်လပ်ခြင်းကို အပြည့်အဝ ခံစားရပါ


www.burmeseclassic.com

တော့သည်။

ကလေးများလည်း အနေအထိုင်အပြောအဆို ချုပ်တည်းခဲ့ကြသမျှ လွတ်လပ်ပျော်ရွှင်မှု အပြည့်အဝ ရရှိကြတော့သည်။

## ဧကန်မင်း





"ကဲလာ ... အိမ်ပေါ်တက်ကြမယ်၊ သမီးလည်း အိမ်ပေါ်ကို လိုက်ခဲ့ဦး"

"လိုက်မှာပေါ့ ... စောစောကသာ ဆရာကြီးနဲ့ တိုးလိုက်ရင် အမေလည်း ဒီလောက် ခံရမှာ မဟုတ်ဘူး"

"ဘယ်သူ ပြုစားထားတာလဲ"

"သမီး ... စကားများမနေနဲ့၊ အိမ်ပေါ်လိုက်ခဲ့"

ဖခင်စကားကြောင့် ခင်ခင်သိန်းလည်း ဘာမှ မစပ်စုတော့ဘဲ အိမ်ပေါ်သို့ တက်လိုက်လာခဲ့သည်။

အိမ်ပေါ်ကို အားလုံး ရောက်ခဲ့သည်။

"ကဲ ... ထိုင်ဦး သမီး၊ အဖေ မေးစရာရှိလို့"

"သမီး ပြီးခဲ့တဲ့ တစ်နာရီကျော်လောက်က ဘယ်မှာ ရှိလဲ"

"သမီး အိမ်ရှေ့ခြံထဲမှာ ရေလောင်းနေတယ်"

"ထူးခြားတာ ရှိလား"

"ဘာမှ မထူးခြားပါဘူး၊ ဘာဖြစ်လို့လဲ"

"အဖေတို့ အိမ်က မဟုတ်ဘူးလေ၊ ခြေရင်းအိမ်ကများ ထူးခြားတဲ့အသံ ကြားရလားလို့"

"တာ ... ကြားရတယ် အဖေ၊ တမျိုးကြီးပဲ ... သူ့ယောက်ျားက လူမသိအောင် ကြိတ်ပြီး ရိုက်နှက်နေတာပဲလို့



www.burmeseclassic.com

သမီး ထင်လိုက်သေးတယ်”

“သမီး ဘာကြားလို့လဲ”

“တအင်းအင်းနဲ့ ညည်းသံလည်း ကြားရတယ်၊

ကြောက်ပါပြီ … ကြောက်ပါပြီ၊ ပူတယ် … ပူတယ် … မလုပ်နဲ့ … မလုပ်နဲ့ဆိုတဲ့ နာနာကျင်ကျင် အော်သံမျိုးလည်း ကြားရတယ်၊

ပြီးခဲ့တဲ့ နာရီဝက်လောက်က ဒေါ်ဖွားရှင်ကြီး ယောင်ကိုင်းနေတဲ့ မျက်နှာကြီးနဲ့ အပြင်ကို ထွက်သွားတာ သမီး မြင်လိုက်တယ် … သူ့ယောက်ျား နောက်က ပါသွားတယ်”

“သမီးအမေကို ပညာနဲ့ လုပ်တာ … အဲဒီ ဒေါ်ဖွားရှင်တဲ့ သမီး၊

အဖေ ဆရာကြီးစကားကြားတော့ … အတော် အံ့ဩသွားတယ်”

ဦးသန်းမောင်၏စကားကို ခင်ခင်သိန်းလည်း အံ့ဩသွားသည်။

“ဟုတ်လို့လား အဖေ … သမီးတော့ မယုံနိုင်ဘူး”

“ပန်းကုန်သည်ကို ဒေါ်ရောင်းမိရာက မကျေမနပ်ဖြစ်ပြီး အခုလို အောက်လမ်းပညာနဲ့ လုပ်တာပဲ၊

နောက်ကို သမီးတို့ အပြောအဆို အနေအထိုင် ဆင်ခြင်၊





မောင်လေးတွေကိုလည်း ဒီအကြောင်း လုံးဝ မသိစေနဲ့၊ ခါတိုင်းလိုပဲ နေပစေ၊

သမီးကလည်း သိထားတဲ့အကြောင်း မျက်နှာရိပ် မျက်နှာကဲ မပြနဲ့ ဟုတ်လား”

“သမီး သဘောပေါက်ပါတယ်”

သို့ဖြင့် ဒေါ်ခင်မျိုးအေးလည်း စီးပွားရှာရာမှာ လောဘဇောတက်သည့်စိတ်၊ ချိုးနှိမ်ပြီး ရိုးရိုးသားသား အေးအေးဆေးဆေး လုပ်ကိုင်ခဲ့သည်။

ဒေါ်ဖွားရှင်တစ်ယောက်လည်း တစ်ကြိမ်ခိုးစား တစ်ကြိမ်ပေါ်သကဲ့သို့ ဖြစ်သွားသဖြင့် စိတ်ဓာတ်ကျသွားပုံရသည်။

သူလည်း ယခင်ကကဲ့သို့ စီးပွားရေးလောဘ မတက်တော့ဘဲ အိမ်ထဲမှ အိမ်ပြင်မထွက်တော့။

သားသမီး လင်ယောက်ျားများကသာ ခြံအလုပ်ကို ဦးစီး လုပ်ကိုင်ခဲ့သည်။

နောက်ငါးနှစ်ခန့်အကြာ ဒေါ်ဖွားရှင်တစ်ယောက် လူကြီးရောဂါနှင့် အသက်ဆုံးသွားတော့သည်။

ထိုအခါမှ ဒေါ်ခင်မျိုးအေးတို့မိသားစုလည်း ချုပ်တည်းထားသမျှ စိတ်လက်ပေါ့ပါး လွတ်လပ်ခြင်းကို အပြည့်အဝ ခံစားရပါ


www.burmeseclassic.com

တော့သည်။

ကလေးများလည်း အနေအထိုင်အပြောအဆို ချုပ်တည်းခဲ့ကြသမျှ လွတ်လပ်ပျော်ရွှင်မှု အပြည့်အဝ ရရှိကြတော့သည်။

**ဇေကန်မင်း**

မိတ်ဆွေစာပေ

www.burmeseclassic.com




၁၅၀/-

3/6 12/38

www.burmeseclassic.com